# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက် | ၂၀၂၂ ခုနှစ်၊ မေ ၁၅ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၁)၊ အမှတ် (၂၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကောင်စီဝင်များနှင့် ဇနီးများ ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်

နေပြည်တော် မေ ၁၄

ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့၏ ၁၂ လရာသီ ပွဲတော်တွင် တစ်ခုအပါအဝင်ဖြစ်သည့် မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့) ဖြစ်သော ယနေ့ကျရောက်သည့် ကဆုန်ညောင်ရေသွန်းပွဲတော်တွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်တော်မြောက်ဘက်အရပ်ရှိ မဟာဗောဓိညောင်ပင်တော်များအား (၁၄) ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့ ညနေပိုင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမှူးပြုသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် ဇနီးများက မဟာဗောဓိညောင်ပင်တော်များကို ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကဆုန်ညောင်ရေသွန်းပွဲတော်တွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်တော်မြောက်ဘက်အရပ်ရှိ မဟာဗောဓိညောင်ပင်တော်များအား ညောင်ရေသွန်းလောင်း ပူဇော်စဉ်။


ယနေ့ ဖတ်စရာ

**မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်၊ ဆဋ္ဌသင်္ဂါယနာမူပိဋကတ်ကျောက်စာတော်များ စတင်ရေးထိုးပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကျင်းပ**
ပြည်တွင်းသတင်း စာ - ၄

**ကဆုန်လပြည့်နေ့ (ဗုဒ္ဓနေ့) ၌ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး အပါအဝင် ဘုရား၊ စေတီများတွင် ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် စည်ကားလျက်ရှိ**
ပြည်တွင်းသတင်း စာ - ၈





# မြန်မာ့အလင်း

## နိုင်ငံ့ဝန်ထမ်း ဆရာဝန်များအဖြစ် ပြည်သူကိုအကျိုးပြု၍ ဂုဏ်ယူ

ဆေးပညာဘွဲ့ရ အောင်စာရင်းထုတ်ပြန်ပြီးသူများအား နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနက ကြေညာထားသည်။ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလနှင့် ၂၀၂၁ ခုနှစ် အောက်တိုဘာလတို့တွင် ဆေးပညာဘွဲ့ရအောင်စာရင်း ထုတ်ပြန်ပြီးသူ စုစုပေါင်း ၁၂၂၂ ဦးရှိရာ နိုင်ငံတော်တွင် ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ဆရာဝန်များ လိုအပ်လျက်ရှိခြင်းကြောင့် နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ကြရန် သက်ဆိုင်ရာဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်လိုက်ခြင်းလည်း ဖြစ်သည်။

၂၀၁၆ ခုနှစ် ကုလသမဂ္ဂ လူသားဖွံ့ဖြိုးတိုးတက်မှုအညွှန်းကိန်း ၁၈၈ နိုင်ငံတွင် မြန်မာနိုင်ငံ၏အဆင့်မှာ ၁၄၅ ဖြစ်သည်။ အာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်လျှင်လည်း မြန်မာနိုင်ငံတွင် ဆရာဝန် လွန်စွာနည်းနေသကဲ့သို့ ပျမ်းမျှလူ့သက်တမ်းကလည်း အနိမ့်ပိုင်းသို့ရောက်နေသည်။ မွေးကင်းစကလေးနှင့် ငါးနှစ်အောက်ကလေး သေနှုန်း၊ မိခင်သေနှုန်းတို့ မြင့်မားနေသည်။ ကလေးများသေဆုံးရခြင်း၏ အဓိကကျသည့် ရောဂါများမှာ ဝမ်းပျက်ဝမ်းလျှော၊ အာဟာရချို့တဲ့မှု၊ ငှက်ဖျား၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများကြောင့်ဖြစ်ရာ ဆင်းရဲနွမ်းပါးမှု၊ ကျန်းမာရေးအသိပညာနိမ့်ကျမှု၊ သန့်ရှင်းသော သောက်သုံးရေမရရှိမှုနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုတို့၏ အကျိုးဆက်များဖြစ်သည်။ ပြည်သူလူထုကို ကျန်းမာရေးအသိပညာ မြှင့်တင်ပေးရန်၊ ကူးစက်ရောဂါများ ကာကွယ်တိုက်ဖျက်ရန်၊ ပြုစုကုသမှုများ ဆောင်ရွက်ပေးရန်အတွက် ဆရာဝန် မောင်မယ်သစ်လွင်များ၏ တန်ဖိုးကြီးမားသည့်အင်အားကို နိုင်ငံတော်က လိုအပ်နေခြင်းပင် ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ ဆေးတက္ကသိုလ်(၂) ရန်ကုန်၊ ဆေးတက္ကသိုလ်(မန္တလေး)၊ ဆေးတက္ကသိုလ်(မကွေး)၊ ဆေးတက္ကသိုလ် (တောင်ကြီး)ဟူ၍ ဆေးတက္ကသိုလ် ငါးခုရှိသည်။ ဆေးတက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အမှတ်မြင့် ကျောင်းသားကျောင်းသူများ ဆေးတက္ကသိုလ်များသို့ ဝင်ရောက်ကြရာတွင် "ဘွဲ့ရရှိပြီးနောက် နိုင်ငံတော်မှ လိုအပ်သည့်အချိန်တွင် နိုင်ငံ့ဝန်ထမ်းအဖြစ် သုံးနှစ်ကြာ မပျက်မကွက်တာဝန်ထမ်းဆောင်ပါမည်"ဟူ၍ ကတိဝန်ခံချက်ကို လက်မှတ်ရေးထိုး ဝင်ရောက်လာခဲ့ကြခြင်းဖြစ်သည်။ ဆေးတက္ကသိုလ်များ တည်ထောင်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်သည် အရည်အသွေးပြည့်ဝသည့် ဆရာဝန်များကို လေ့ကျင့်သင်ကြားမွေးထုတ်ပေးပြီး နိုင်ငံသား ပြည်သူလူထု၏ ကျန်းမာရေးကို မြှင့်တင်ပေးရန်ဖြစ်ရာ အလုပ်သင်ဆရာဝန် တစ်နှစ်အပါအဝင် ခုနစ်နှစ်တာ ဆေးပညာများကို သင်ယူပြီးသည့်နောက် နိုင်ငံနှင့် ပြည်သူလူထုကို အလုပ်အကျွေးပြုခြင်းမှာ မိမိတို့၏ တာဝန်ကို ကျေပွန်ခြင်းဖြစ်ပြီး ဂုဏ်ယူဖွယ်ရာလည်း ဖြစ်သည်။

ဆရာဝန်လောင်းများအဖြစ် ဆေးပညာများ လေ့လာသင်ကြားခဲ့ကြရသည့် အမိဆေးတက္ကသိုလ်ကြီးများ၏ ဆောင်ပုဒ်မှာ ဥပဋ္ဌာန် အနုကမ္ပာ ဒယာ (Service, Sympathy, Humanity) ဟူ၍ဖြစ်ပြီး အနက်အဓိပ္ပာယ်ကို ဆီလျော်စွာဖွင့်ဆိုပါက ဆရာဝန်တစ်ဦးဖြစ်သော ကျွန်ုပ်သည် ဝေဒနာရှင်လူနာအား – ဥပဋ္ဌာန် – စိတ်ရောကိုယ်ပါ ယုယုယယ ပြုစုကုသပါမည်၊ အနုကမ္ပာ – ကိုယ်ချင်းစာတရား လက်ကိုင်ထားလျက် ပြုစုကုသပါမည်၊ ဒယာ – လူလူချင်း ညှာတာထောက်ထားသောအသိဖြင့် ပြုစုကုသပါမည် ဟူ၍ဖြစ်ပြီး ယင်းမှာ ဆရာဝန်လောင်းလျာတို့၏ အဓိဋ္ဌာန်ပြုချက်များလည်းဖြစ်ရာ ပြည်သူအကျိုးပြု နိုင်ငံ့ဝန်ထမ်း ဆရာဝန်များအဖြစ် ဂုဏ်ယူဝမ်းမြောက်စွာ ထမ်းဆောင်နိုင်ကြပါစေကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရ ကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးသုတေသနဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းနိုင်ထွန်း ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိ

နေပြည်တော် မေ ၁၄

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။ မိုး/ဇလ

## သန့်ရှင်းသာယာသော မြို့၊ ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက ဆောင်ရွက်

နေပြည်တော် မေ ၁၄



မိမိတို့၏ နေ့စဉ်လူမှုဘဝနေထိုင်ဖြတ်သန်းရာတွင် ကျန်းမာရွှင်လန်းသော လူမှုပတ်ဝန်းကျင်ကို ပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်စိတ်နှလုံးချမ်းမြေ့ဖွယ်ရာ မျက်စိပသာဒဖြစ်ပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် ပတ်ဝန်းကျင်တစ်ခုရှိရန် အလွန်လိုအပ်အရေးကြီးလှသည်။ မိမိတို့ တစ်ဦးချင်းနေထိုင်ကြသည့် ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်နေမှသာလျှင် သန့်ရှင်းသာယာလှပသောမြို့၊ ရွာ Clean city၊ Clean Village များ ဖြစ်လာမည်ဖြစ်ပြီး ကျန်းမာရေးနှင့် ညီညွတ်မျှတမည် ဖြစ်သည့်အတွက် မိမိဒေသ၊ မိမိမြို့ရွာ သန့်ရှင်းသာယာရေးကို ဒေသခံများ၊ ဒေသတွင် တာဝန်ထမ်းဆောင်နေကြသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေး တာဝန်ရှိသူများက မဖြစ်မနေ ဆောင်ရွက်ကြရမည် ဖြစ်သည်။

ယခုအချိန်အခါတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့၊ ရွာ ဒေသများ သန့်ရှင်းသာယာ လှပရေးကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အပါအဝင် မြို့နယ် လေးမြို့နယ်၌ လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ကျိုင်းတောင်းမြို့နယ်အပါအဝင် မြို့နယ် ကိုးမြို့နယ်၌လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် အပါအဝင် မြို့နယ် ခုနစ်မြို့နယ်၌ လည်းကောင်း၊ မွန်ပြည်နယ် ချောင်းဆုံမြို့အပါအဝင် မြို့နယ်သုံးမြို့နယ်နှင့် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အပါအဝင် မြို့နယ် ၁၀ မြို့နယ်၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင်ရှိ မြို့နယ် ၁၄ မြို့နယ်၊ အနောက်ပိုင်းခရိုင်ရှိ မြို့နယ် ၁၂ မြို့နယ်၊ တောင်ပိုင်းခရိုင်ရှိ မြို့နယ် ၁၀ မြို့နယ်၊ မြောက်ပိုင်းခရိုင်ရှိမြို့နယ် ကိုးမြို့နယ်၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၃ မြို့နယ်၌ လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့ အပါအဝင် မြို့နယ် ခုနစ်မြို့နယ်၌ လည်းကောင်း(**အပေါ်ပုံ**)၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နှင့် ခန္တီးမြို့၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နှင့် ချင်းပြည်နယ် ဟားခါးမြို့တို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့၌လည်းကောင်း ဌာနဆိုင်ရာ အဆောက်အအုံများ၊ အခြေခံပညာ ကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၁၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ မေ ၁ ရက်မှ ၁၄ ရက်အတွင်း ကုမ္ပဏီ ခုနစ်ခု၊ ယာဉ်စီးရေ ၁၀ စီးဖြင့် PPE ဝတ်စုံ ၂၈၀၀၀ နှင့် နှာခေါင်းစည်း (Mask) ၄၈ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအဖွဲ့ဝင်များနှင့်ဇနီးများ၊ အတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ပြည်ထောင်စု တရားသူကြီးချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့်ဇနီး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ဇနီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့် ဇနီး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီးနှင့် တာဝန်ရှိသူများ၊ ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် ကဆုန်ညောင်ရေသွန်းပွဲတော်တွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်တော် မြောက်ဘက်အရပ်ရှိ မဟာဗောဓိ ညောင်ပင်တော်များအား ညောင်ရေသွန်းလောင်း ပူဇော်စဉ်။

**လက်ယာရစ်လှည့်လည်ပူဇော်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ အခမ်းအနား တက်ရောက်လာကြသူများသည် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်းရှိ မဟာဗောဓိညောင်ပင်များအား ညောင်ရေသွန်းလောင်း ပူဇော်ရန် နေရာယူကြရာ အခမ်းအနားမှူးက မဟာဗောဓိရုက္ခသိဉ္စန ပူဇာဂါထာတော်ကို ရွတ်ဖတ်ပူဇော်၍ သာခုသုံးကြိမ်ခေါ်ဆိုပြီး သတ်မှတ်ထားသည့် နေရာများအလိုက် မဟာဗောဓိညောင်ပင်များအား ညောင်ရေသွန်းလောင်းပူဇော်ပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြကာ မဟာဗောဓိညောင်ပင်များကို လက်ယာရစ်လှည့်လည်ပူဇော်ကြသည်။



ကဆုန်ညောင်ရေသွန်းပွဲတော်တွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်တော် မြောက်ဘက်အရပ်ရှိ မဟာဗောဓိညောင်ပင်တော်များအား ညောင်ရေသွန်းလောင်း ပူဇော်နေကြစဉ်။

**ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်**

ထို့ပြင် ဇေယျာသီရိမြို့နယ် လောကချမ်းသာဆုတောင်းပြည့်အသင်းဘုရားကြီးရှိ မဟာဗောဓိညောင်ပင်များကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမှူးပြု၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ မိသားစုများက ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

**နေ့ထူးနေ့မြတ်**

ကဆုန်လပြည့်နေ့သည် ဒီပင်္ကရာမြတ်စွာဘုရားက ဂေါတမဘုရား အလောင်းတော် သုမေဓာရှင်ရသေ့အား **"ဘဒ္ဒကမ္ဘာတွင် ဘုရားအဖြစ်ကို ရလိမ့်မည်"**ဟု ဗျာဒိတ်တော်စကား မိန့်ကြားတော်မူသောနေ့၊ ဘုရားအလောင်းတော်သိဒ္ဓတ္ထမင်းသား ဖွားမြင်သောနေ့၊ သဗ္ဗညုဘုရားရှင်အဖြစ်သို့ ရောက်တော်မူသောနေ့၊ ပရိနိဗ္ဗာန်စံတော်မူသောနေ့ နေ့များဖြစ်သဖြင့် **"ဗျာဒိတ် ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နိဗ္ဗာန်နန်း"**ဟု မှတ်တမ်းပြုကြပြီး **ကဆုန်လပြည့်(ဗုဒ္ဓနေ့)**ဟူ၍ ဗုဒ္ဓဘာသာဝင်များက နေ့ထူးနေ့မြတ်အဖြစ် အထွတ်အမြတ်ထား၍ ကျင်းပပူဇော်လေ့ရှိကြသည်။ ကဆုန်လပြည့်နေ့၏ ထူးခြားချက်မှာ ဂေါတမမြတ်စွာဘုရားသာလျှင်မကဘဲ သဗ္ဗညုမြတ်စွာဘုရားရှင်တို့၏ ဖွားမြင်တော်မူသောနေ့၊ ဘုရားဖြစ်တော်မူသောနေ့၊ ပရိနိဗ္ဗာန်ပြုသော နေ့များမှာလည်း ကဆုန်လပြည့်နေ့ပင်ဖြစ်၍ ကဆုန်လပြည့်နေ့ကို **"ဗုဒ္ဓနေ့"**ဟု သတ်မှတ် ခြင်းဖြစ်ကြောင်း၊ ကဆုန်ညောင်ရေသွန်းပွဲတော်သည် ကုသိုလ်ယူဖွယ်ရာ၊ ဝမ်းသာကြည်နူးဖွယ်ရာ ဘာသာရေးဆိုင်ရာပွဲတော် တစ်ခုဖြစ်သည့်အပြင် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်တစ်ရပ်အဖြစ် ကျင်းပပြုလုပ်သည့် ပွဲတော်ဖြစ်ကြောင်းနှင့် ကဆုန်လပြည့်နေ့မတိုင်မီ တစ်ရက်အလိုတွင် ညောင်ရေသွန်း လောင်းကြမည့် ညောင်ပင်များကို အမွှေးနံ့သာရည်များပက်ဖျန်းပေးခြင်း၊ မဟာဗောဓိပင်ပလ္လင်တော်အား ကြည်ညိုစဖွယ်ဖြစ်အောင် ပြင်ဆင်ခြင်းစသည့် ကုသိုလ်ယူဖွယ်များကို ပြုလုပ်လေ့ရှိကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီး သစ်တောလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၄**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ရှမ်းပြည်နယ် သယံဇာတရေးရာဝန်ကြီး တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ရှမ်းပြည်နယ်တောင်ပိုင်း ဟိုပုံးမြို့နယ် နမ့်ခုတ်ကြိုးပြင်ကာကွယ်တောရှိ (၃/၂၀၂၁) ရေဝေရေလဲစိုက်ခင်း ၂၅ ဧကနှင့် (၁/၂၀၂၂) စက်မှုကုန်ကြမ်း ထင်းရှူးစိုက်ခင်း ၂၅ ဧကသို့ ရောက်ရှိပြီး စိုက်ခင်းများ ရှင်သန်အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဟဲဟိုး-ဘော်ဆိုင်း-ပင်းတယ လမ်းဘေးဝဲယာ ထင်းရှူးတစ်အုပ်တစ်မ စိုက်ပျိုးမည့်နေရာများ၊ မြေဆီလွှာတိုက်စားမှုကာကွယ်ရေး ဆောင်ရွက်ရန် လိုအပ်သည့်နေရာများနှင့် ကြိုးပြင်ကာကွယ်တော သတ်မှတ်ရန် အလားအလာရှိသည့်နေရာများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၁)သတ္တုတွင်းလုပ်ငန်း ဘော်ဆိုင်းရုံးခွဲ၌ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး သတ္တုတွင်းလုပ်ငန်းဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ Mine Design ပါ အချက်များအတိုင်း လိုက်နာဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာနှင့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်ပါ သတ်မှတ်ချက်များ၊ ကတိကဝတ်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်နှင့် ဂေဟစနစ်ဖြည့်တင်းရေး စိုက်ခင်းများ ထိရောက်အောင်မြင်အောင် ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပင်းတယမြို့ သစ်တောဦးစီးဌာန ပျိုးဥယျာဉ်၌ ပျိုးပင်များပျိုးထောင်ထားရှိမှုကို လည်းကောင်း၊ ပင်းတယ-အောင်ပန်း လမ်းဘေးဝဲယာ ထင်းရှူးတစ်အုပ်တစ်မစိုက်ပျိုးမည့်နေရာများနှင့် ကွက်လပ်ဖြည့် စိုက်ပျိုးမည့်နေရာများကို လည်းကောင်း၊ ကလောမြို့နယ် ကလော-အောင်ပန်း ကားလမ်း လမ်းဘေးဝဲယာ ထင်းရှူးတစ်အုပ်တစ်မ စိုက်ပျိုးထားရှိမှုနှင့် သီခေါင်ကြိုးပြင် ကာကွယ်တောအတွင်း ထင်းရှူးကွက်လပ်ဖြည့်စိုက်ပျိုးခြင်း သုံးဧက စိုက်ပျိုးထားရှိမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် လှိုင်းတက်ရှိ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ကျောက်အိုးအမြဲတမ်းပျိုးဥယျာဉ် လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ပျိုးဥယျာဉ်အတွင်း သစ်မျိုး ၁၄ မျိုးဖြင့် ပျိုးပင် ၈၇၀၀၀ ပျိုးထောင်ထားရှိမှုကို လည်းကောင်း၊ ရှုပါတောင်ကြိုးဝိုင်း အကွက်အမှတ် (၂၁) အတွင်း အထူးစိမ်းလန်းစိုပြည်ရေး တစ်အုပ်တစ်မစိုက်ခင်း အပင် ၅၀၀၀ နှင့် (၄/၂၀၂၂) အထူးစိမ်းလန်းစိုပြည်ရေး တစ်အုပ်တစ်မစိုက်ခင်း အပင် ၄၀၀၀ ရှင်သန်အောင်မြင်မှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်၊ ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ကျောက်စာတော်များ စတင်ရေးထိုးပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကျင်းပ





နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ ရွှေကျင်နိကာယဥပဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကမဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တဉာဏိဿရတို့က ပိဋကတ်ကျောက်စာတော် ရေးထိုးပူဇော်မည့် မင်္ဂလာစက်ယန္တရားများ၏ မင်္ဂလာလိုက်ကာများကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးတော်မူကြစဉ်။

**နေပြည်တော် မေ ၁၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော် ဝတ္ထုကံတော်အတွင်း တည်ထားပူဇော်မည့် ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ကျောက်စာတော်များ စတင်ရေးထိုးပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်သည်။

### တက်ရောက်ကြ

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ၊သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ၊ နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာ ရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ၊ တပ်ကုန်းမြို့ မဟာသီဟနာဒကျောင်းတိုက် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏတို့ အမှူးပြုသည့် သံဃာတော်များ ကြွရောက် ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး ပြည်ထောင်စုတရားသူကြီးချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်ကြပြီး သီတဂူဆရာတော်ကြီးထံမှ ကဆုန်လပြည့် ဗုဒ္ဓနေ့ဆိုင်ရာဓမ္မကထာကို နာယူကြည်ညိုပူဇော်ကြသည်။

ယင်းနောက် ဆရာတော်ကြီးများက အနေကဇာတိသံသာရံအစချီဥဒါန်းဂါထာ၊ ပဌမဗုဒ္ဓဝစနဖြစ်သော သုံးဂါထာ၊ ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိနှင့် ဇယမင်္ဂလာဂါထာတော်များကို ရွတ်ဆိုပူဇော်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပိဋကတ်ကျောက်စာတော် များကို ပရိတ်နံ့သာရည်များ ပက်ဖျန်းစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ရတနတ္တယပူဇာ ဂါထာတော်နှင့် သဗ္ဗသင်္ဂါဟက မေတ္တာပို့လက်ာနှစ်ပိုဒ်ကို သံပြိုင်ညီညာသုံးကြိမ်ရွတ်ဆိုပွားများ ပူဇော်ကြသည်။

ယင်းနောက် ဗန်းမော်ဆရာတော်ကြီးနှင့် သီတဂူဆရာတော်ကြီးတို့က ပိဋကတ်ကျောက်စာတော် ရေးထိုးပူဇော်မည့် မင်္ဂလာစက်ယန္တရားများ၏ မင်္ဂလာလိုက်ကာများကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးတော်မူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စက်ယန္တရားများကို မင်္ဂလာစက်ခလုတ်နှိပ်၍ ပိဋကတ်ကျောက်စာတော် စတင်ရေးထိုးပူဇော်ပြီး ပရိတ်နံ့သာရည်များ ပက်ဖျန်းသည်။

ယင်းနောက် ဆရာတော်ကြီးများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက် လာကြသူများသည် ကျောက်စာတော်များကို ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ရေးထိုးနေမှုများအား ကြည့်ရှုကြပြီး ပရိတ်နံ့သာရည်များ ပက်ဖျန်းကြသည်။

### ဩဝါဒကိုခံယူ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဗန်းမော်ဆရာတော်ကြီးနှင့် သီတဂူဆရာတော်ကြီးတို့အား မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော် အပိုင်း ၁၊ အပိုင်း ၂၊ အပိုင်း ၃ နှင့် အပိုင်း ၄ တို့ ထုဆစ်ပြီးစီးမှုနှင့် ဗုဒ္ဓဥယျာဉ် တည်ဆောက်ပြီးစီးမှု အခြေအနေများကို ပြသရှင်းလင်း လျှောက်ထားပြီး ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူသည်။

ယင်းနောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အခမ်းအနားအောင်မြင်ခြင်းအထိမ်းအမှတ် ရတနာ ရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးသည်။

အဆိုပါ ကျောက်စာရုံစေတီများ တည်ထားနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ရာတွင် ကျောက်စာချပ်ရေပေါင်း ၇၂၉ ချပ်စိုက်ထူထားပြီး ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးဖြစ်သည့်အပြင် ၂၀၁၃ ခုနှစ်တွင် ယူနက်စကို ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းဝင်ခဲ့သည့် မန္တလေးမြို့ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားရှိ ပဉ္စမသင်္ဂါယနာတင် ပိဋကတ်ကျောက်စာရုံများအား အလေးထားစံပြု၍ တည်ထားကိုးကွယ်နိုင်ရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ *စာမျက်နှာ ၅ သို့*


ဇမ်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ ကျောက်စာတော်များကို ပရိတ်နံ့သာရည်များ ပက်ဖျန်းစဉ်။


သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ ကျောက်စာတော်များကို ပရိတ်နံ့သာရည်များ ပက်ဖျန်းစဉ်။

စာမျက်နှာ ၄ မှ
သမိုင်းမော်ကွန်းကျောက်စာထားရှိမည့် အလယ်ဗဟို ကျောက်စာရုံ စေတီသည် အလျား ၂၁ ပေ၊ အနံ ၂၁ ပေ၊ အမြင့် ၂၇ ပေ ရှိမည်ဖြစ်ပြီးအခြား ကျောက်စာရုံ စေတီများအနေဖြင့် အလျား ၁၂ ပေ၊ အနံ ၁၂ ပေ၊ အမြင့် ၁၈ ပေ ရှိမည်ဖြစ်ကာ ကျောက်စာချပ်အနေဖြင့် အလျား ၄၅ လက်မ၊ အမြင့် ၆ ပေ ၃ လက်မ၊ ထု ၇ ဒသမ ၂ လက်မ ရှိမည်ဖြစ်ကြောင်း၊ ယခုပိဋကတ် ကျမ်းစာတော်များကို ရေးထိုးပူဇော်ပြီးပါကလည်း ကျောက်စာချပ်များသည် ဗုဒ္ဓမြတ်စွာ၏ မုခပါဠိတော်များကို ရေးထိုးပူဇော်ထားခြင်းဖြစ်သည့်အတွက် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မျက်နှာတော်မူရာ ရှေ့မျက်နှာစာ၌ စိုက်ထူပူဇော်ထားရှိမည်ဖြစ်၍ ဘုရားဖူးလာ မိဘပြည်သူများအနေဖြင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ရာတွင် ကျောက်စာရုံစေတီများအတွင်းရှိ ဘုရားဟောဒေသနာတော်များကို ပြည့်စုံစွာ ကြည်ညိုလေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းသို့ ရေးထိုးပူဇော်နိုင်ရေး ဆောင်ရွက်ရာတွင် ကျမ်းစာတော်များကို စကျင်ကျောက်တော်များ၌ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့်ရေးထိုးပူဇော်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။**သတင်းစဉ်**


ပိဋကတ်ကျောက်စာတော်များကို စက်ယန္တရားများဖြင့် ရေးထိုးပူဇော်စဉ်။

**“ကျောက်စာရုံ စေတီများ တည်ထားနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ရာတွင် ကျောက်စာချပ်ရေပေါင်း ၇၂၉ ချပ် စိုက်ထူထားပြီး ကမ္ဘာ့အကြီးဆုံး စာအုပ်ကြီးဖြစ်သည့်အပြင် ၂၀၁၃ ခုနှစ်တွင် ယူနက်စကို ကမ္ဘာ့မှတ်တမ်းအမွေအနှစ် စာရင်းဝင်ခဲ့သည့် မန္တလေးမြို့ မဟာလောက မာရဇိန် ကုသိုလ်တော်ဘုရားရှိ ပဉ္စသင်္ဂါယနာတင် ပိဋကတ်ကျောက်စာရုံများအား အလေးထားစံပြု၍ တည်ထား ကိုးကွယ်နိုင်ရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်”**

## နေပြည်တော် ဓာတုစယဓာတ်ပေါင်းစုစေတီတော်မြတ်ကြီး အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်မှု ပဋ္ဌာန်းသိမ်းအောင်ပွဲ မင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် မေ ၁၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ဓာတုစယဓာတ်ပေါင်းစု စေတီတော်မြတ်ကြီး (၄၁)ကြိမ်မြောက် အသံမစဲမဟာ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်မှုပဋ္ဌာန်းသိမ်း အောင်ပွဲမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈ နာရီက စေတီတော်မြတ်ကြီးပရိဝုဏ် မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်၊ ဂန္ဓကုဋိကျောင်းဆောင်၊ အဘိသန္ဓိမာန်တော်၌ ကျင်းပပြုလုပ်ရာ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက် မစိုးရိမ်စာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မ အမှူးပြုသော သံဃာတော်အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနကြီးမှူးနှင့် ဌာနမှူးများ၊ အလှူရှင်ဒေါ်ပရိသတ်များ တက်ရောက်ကြည်ညိုကြသည်။



အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ကာ မစိုးရိမ်စာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ အဂ္ဂဓမ္မမထေရ်မြတ်ထံမှဒုတိယ မြို့တော်ဝန်အမှူးပြုသော ဒေါ်ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ခဲ့ကြပြီး ဆရာတော် သံဃာတော် အရှင်သူမြတ်များက မေတ္တသုတ်ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ကြသည်။

ဆက်လက်၍ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော် အရှင်သူမြတ်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ ဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မ မထေရ်မြတ်ထံမှ ဒုတိယ မြို့တော်ဝန်အမှူးပြုသော ဒေါ်ပရိသတ်များက လှူဒါန်းမှု အစုစုတို့အတွက် သာဓုအနုမောဒနာ တရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ကာ အခမ်းအနားပြီးမြောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# (၁၄)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်း မင်္ဂလာအခမ်းအနား (ပထမ)ပိုင်း မေတ္တာသုတ်ပရိတ်တရားတော်များ နာယူကြည်ညို၍ သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းမင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် မေ ၁၄**

(၁၄)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်းမင်္ဂလာအခမ်းအနား (ပထမ)ပိုင်း မေတ္တာသုတ်ပရိတ်တရားတော်များ နာယူကြည်ညို၍ သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းမင်္ဂလာအခမ်းအနားကို ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးလိုဏ်ဂူတော်အတွင်း ဂေါတမဗုဒ္ဓရုပ်ပွားတော်ဆင်းတုတော်ရှေ့၌ ကျင်းပသည်။

အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော် နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိပါဠိဆရာတော် အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များ ကြွရောက်ကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအေးထွန်း၊ ဒေါက်တာမိုးဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။



ဦးစွာ ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော် နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက၊ ပါဠိဆရာတော်ကြီးထံမှ ပြည်ထောင်စုဝန်ကြီး ဦးကိုကို အမှူးပြုသည့် ဒေ့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် သံဃာတော် အရှင်သူမြတ်တို့ထံမှ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး သံဃာတော် အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး(ဝဲပုံ)၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော် နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက ပါဠိဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူကြည်ညို၍ ရေစက်သွန်းလောင်း အမျှပေးဝေကာ အခမ်းအနား (ပထမ)ပိုင်းကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# စက်မှုဝန်ကြီးဌာန ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ ကဆုန်ညောင်ရေသွန်းလောင်းခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် မေ ၁၄**

စက်မှုဝန်ကြီးဌာန ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၏ ကဆုန်ညောင်ရေ သွန်းလောင်းခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မဟာဗောဓိညောင်ပင် တည်ရှိသည့် ထီးသုံးလက်တောင်ကုန်း၌ ကျင်းပသည်။



အခမ်းအနားသို့ သီရိဂန္ဓမာသပြေအေး မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကျောင်းမှ ဆရာတော် သံဃာတော်ငါးပါး ကြွရောက် ချီးမြှင့်တော်မူကြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အထွေထွေမန်နေဂျာများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ သီရိဂန္ဓမာသပြေအေး မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ ကျောင်းပဓာနနာယက ဆရာတော် ဘဒ္ဒန္တဂန္ဓမာလာထံမှ ပြည်ထောင်စုဝန်ကြီး အမှူးပြုသော ဒေ့်ပရိသတ်များက ရှစ်ပါးသီလ ခံယူဆောက်တည်ကြကာ သံဃာတော်အရှင်သူမြတ်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုတို့က ဆရာတော် သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးအမှူးပြုသော ဒေ့်ပရိသတ်များက သီရိဂန္ဓမာ သပြေအေး မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ ကျောင်းပဓာနနာယကဆရာတော် ဘဒ္ဒန္တဂန္ဓမာလာထံမှ ကဆုန်ညောင်ရေသွန်းလောင်းပွဲ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုတို့က ဗောဓိညောင်ပင်အား ကဆုန်ညောင်ရေ သွန်းလောင်းကြသည်။

**သတင်းစဉ်**

# နေပြည်တော် ဓာတုစေယဓာတ်ပေါင်းစုစေတီတော်မြတ်ကြီး ပရိဝုဏ်တော် အရှေ့ဘက်အရပ်ရှိ မဟာဗောဓိညောင်ပင်တော်အား (၁၂)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် မေ ၁၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ဓာတုစေယဓာတ်ပေါင်းစု စေတီတော်မြတ်ကြီး ပရိဝုဏ်တော်၏ အရှေ့အရပ်ရှိမဟာဗောဓိညောင်ပင်တော်အား (၁၂)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၇ နာရီက စေတီတော်မြတ်ကြီးပရိဝုဏ်အတွင်း၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာမောင်မောင်နိုင်၊ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနကြီးမှူးများ၊ ဌာနမှူးနှင့် ဒုဌာနမှူးများ၊ အလှူရှင်များနှင့် ဒေ့်ပရိသတ်များ တက်ရောက် ကြည်ညိုကြသည်။

အဆိုပါ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနား ဖွင့်လှစ်ကာ အခမ်းအနားမှူးက ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ရန်ပန်ကြားသည့် မဟာဗောဓိ ရုက္ခေါဒကသိဉ္စန ဥုံယျောဇနဂါထာကို ဖတ်ကြားပူဇော်သည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဒေါက်တာမောင်မောင်နိုင်၊ ဒုတိယမြို့တော်ဝန် ဦးမောင်မောင် (ယာပုံ)နှင့် တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဒေ့်ပရိသတ်များက မဟာဗောဓိညောင်ပင်တော်အား ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ခဲ့ကြပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနား ပြီးမြောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## မနက်ဖြန်အတွက် ခန့်မှန်းချက်

**နေပြည်တော်** မေ ၁၄-မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး ပဲခူးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

# မြစ်ကြီးနားမြို့ရှိ အောင်တော်မူသကျမာရဇိန် အံတော်ရှင်စေတီတော်မြတ်ကြီး ရွှေသားရွှေစင်သင်္ကန်းတော် ကပ်လှူခြင်း၊ ဘက်စုံပြုပြင်မွမ်းမံရေးလုပ်ငန်းများ ပြီးစီးအောင်မြင်ခြင်း အလှူရေစက်ချနှင့် ရွှေထီးတော်တင်လှူပူဇော်ပွဲ မဟာမင်္ဂလာ ပြုလုပ်

**နေပြည်တော် မေ ၁၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် တည်ထားကိုးကွယ်လျက်ရှိသော ရှေးဟောင်းသမိုင်းဝင် အောင်တော်မူ သကျမာရဇိန် အံတော်ရှင် စေတီတော်မြတ်ကြီးအား ရွှေသားရွှေစင်သင်္ကန်းတော် ကပ်လှူခြင်း၊ ဘက်စုံပြုပြင်မွမ်းမံရေးလုပ်ငန်းများ ပြီးစီးအောင်မြင်ခြင်း အလှူရေစက်ချနှင့် ရွှေထီးတော်တင်လှူ ပူဇော်ပွဲ မဟာမင်္ဂလာကို ယနေ့တွင် ပြုလုပ်ရာ မြစ်ကြီးနားမြို့ အောင်နန်းမဟာစည် သာသနာ့ရိပ်သာကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တအာဒိစ္စ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မြတ်သက်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မြစ်ကြီးနားမြို့ ဓမ္မရက္ခိတ ဝန်းသိုကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ပြည်နယ်သံဃနာယက အကျိုးတော်ဆောင် ဘဒ္ဒန္တကေတုမာလ ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွား ချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များ နာယူကြသည်။ ထို့နောက် တိုင်းမှူးက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ရွှေထီးတော်ဘုံအဆင့်ဆင့်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများကို သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မြစ်ကြီးနားမြို့ အံတော်ရှင်တောင်တန်းသာသနာပြု(ဗဟို)ကျောင်းတိုက် ပဓာနနာယကဆရာတော် ပြည်နယ်သံဃနာယကအကျိုးတော်ဆောင် ဒေါက်တာ ဘဒ္ဒန္တဉာဏဓဇသေဒ္ဓမ္မဇောတိကဓဇထံမှ အနုမောဒနာတရားနာယူကြပြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက် လာကြသူများက ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်တင်လှူ ပူဇော်ကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းကာ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး၌ (၇၁)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းလှူပူဇော်ပွဲ ကျင်းပ

**ပဲခူး မေ ၁၄**

ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး (၇၁)ကြိမ်မြောက် ကဆုန် ညောင်ရေသွန်းလောင်း လှူပူဇော်ပွဲကို အဆိုပါ စေတီတော်မြတ်ကြီးရင်ပြင် အင်္ဂါထောင့်ရှိ မဟာဗောဓိညောင်ပင်၌ယနေ့ ကဆုန်လပြည့်(ဗုဒ္ဓနေ့) နံနက်ပိုင်းတွင် ကျင်းပသည်။

အဆိုပါ ညောင်ရေသွန်းလောင်းပူဇော်ပွဲတွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဝတ်ရွတ်အသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ယောဂီများနှင့် ဘုရားဖူးလာပြည်သူများက အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာ၊ အရပ်ဆယ်မျက်နှာ အစရှိ သည်တို့ကို ဒုက္ခပ္ပတ္တာစနိဒ္ဒါကွာဂါထာတော်၊ ကိုယ်စိတ်နှစ်ဝ ချမ်းသာကြစေဂါထာတော်နှင့် ကိုယ်စောင့်နတ်၊ ဗောဓိပင်စောင့်နတ် အစရှိသည်တို့ကို ရွတ်ဆိုမေတ္တာပို့သပြီး မြတ်ဗုဒ္ဓ၏ ပရိဘောဂ စေတီတော်ဖြစ်သည့် ရွှေညောင်ပင်နှင့် ဗုဒ္ဓရုပ်ပွားတော်တို့အား မြတ်ဗုဒ္ဓအား ရည်စူး၍ညောင်ရေများ သွန်းလောင်းပူဇော်ကြသည်။

ကဆုန်လပြည့် (ဗုဒ္ဓနေ့)၌ ပဲခူးမြို့ရှိ မဟာစေတီတော်မြတ်ကြီး၊ ရွှေသာလျောင်း ရုပ်ပွားတော်မြတ်ကြီး၊ ဗုဒ္ဓဂယာစေတီတော်မြတ်ကြီး၊ ကျိုက်ပွန်လေးမျက်နှာစေတီ တော်မြတ်ကြီး၊ ဟင်္သာကုန်းစေတီတော်မြတ်ကြီးစသည့် ဘုရား၊ ပုထိုး၊ စေတီတော်များတို့တွင် ရဟန်း၊ ရှင်၊ လူ၊ ပြည်သူများက ကဆုန်ညောင်ရေသွန်းလောင်းလှူပူဇော်ပွဲများ၊ စတုဒိသာများကျွေးမွေးလှူဒါန်းခြင်းများ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်လျက်ရှိသည့်အပြင် ရပ်ကွက်များအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သာသနိကအဆောက်အဦ ဓမ္မာရုံများရှိ ဗဟာဗောဓိညောင်ပင်များ၌ မြတ်ဗုဒ္ဓ၏ ပရိဘောဂစေတီတော်ဖြစ်သည့် ညောင်ပင်ကို ညောင်ရေများသွန်းလောင်းပူဇော်ကြသည်။



ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မြို့ရွာသန့်ရှင်းသာယာလှပစေရေး ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍(တတိယပတ်) စုပေါင်းသန့်ရှင်းရေး ပြုလုပ်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် မေ ၁၄**

တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင် အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင် ကျောင်းများနှင့် ဘာသာရေး ကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ထန်းပင်ကုန်းရပ်ကွက်ရှိ မင်္ဂလာတောင်တော်ဦးကျောင်းတိုက်၊ တွံတေးမြို့နယ် အလံအုပ်ကျေးရွာရှိ တောရတပ်ဦးကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ နိဂြောဓာရုံ ညောင်ပင်သာ ပရိယတ္တိစာသင်တိုက်နှင့် သစ္စာဝေစည်ကျောင်းတိုက်တို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြု ပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းပြီး နယ်မြေခံဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

အလားတူ ရှမ်းပြည်နယ် မြောက်ပိုင်း လားရှိုးမြို့ သိရီမင်္ဂလာ မန်ဆူကျောင်းတိုက်၌ သံဃာတော်အပါး ၁၅၀ နှင့် သာသနာ့နွယ်ဝင် သီလရှင်များအား အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နိုင်နိုင်ဦးနှင့် အဖွဲ့ဝင်များကလည်းကောင်း၊ ဧရာဝတီ တိုင်းဒေသကြီး ပုသိမ်မြို့ သာသနာ့ ဗိမာန်တော်ကြီး၌ တိုင်းဒေသကြီးအတွင်း သီတင်းသုံးတော်မူကြသော သံဃာတော် ၃၁၅၉ ပါးနှင့် သာသနာ့နွယ်ဝင် သီလရှင် ၄၆၄ ပါးအား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်အောင်နှင့် အလှူရှင်များကလည်းကောင်း ဆွမ်းဆန်စိမ်းများ ဆက်ကပ်လောင်းလှူခြင်းနှင့် ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၃၁)ကြိမ်မြောက် ဝေါမြို့နယ်လုံးဆိုင်ရာ ကဆုန်ညောင်ရေသွန်းလောင်းပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

**ဝေါ မေ ၁၄**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့တွင် (၃၁)ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ ကဆုန်ညောင်ရေသွန်းပွဲတော်အား မေ ၁၄ ရက်(ကဆုန်လပြည့်နေ့) ညနေပိုင်းက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်ကာ မြို့ကျက်သရေဆောင် သမိုင်းဝင်ဆုတောင်းပြည့်ကြံ့တူ စေတီတော်ပရိဝုဏ်အတွင်းရှိ ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ပွဲ စည်ကားစွာ ကျင်းပကြောင်း သိရသည်။

ကဆုန်ညောင်ရေသွန်းလောင်းပွဲတော်အား ကျင်းပရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမော်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဝင်များခြံရံလျက် သွန်းလောင်းပူဇော်မည့် ညောင်ရေအိုးများဖြင့် စေတီတော်အား လက်ယာရစ်သုံးပတ် လှည့်လည်ပူဇော်ကြကာ စေတီတော်ပရိဝုဏ်အတွင်း စိုက်ပျိုးထားသည့် ဗောဓိညောင်ပင်အား ကဆုန်လ၏ မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ စည်ကားသိုက်မြိုက်စွာ သွန်းလောင်းပူဇော်ကြပြီး ညောင်ရေလာရောက်သွန်းလောင်း ပူဇော်ကြသူများအား အလှူရှင်များက စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

# ကဆုန်လပြည့်နေ့ (ဗုဒ္ဓနေ့) ၌ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး အပါအဝင် ဘုရား၊ စေတီများတွင် ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် စည်ကားလျက်ရှိ



ကဆုန်လပြည့်နေ့(ဗုဒ္ဓနေ့)၌ ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားများပြားလျက်ရှိသည်ကို တွေ့ရစဉ်။

**ရန်ကုန် မေ ၁၄**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် (၃၉) ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက် ၅ နာရီမှစတင်၍ ရွှေတိဂုံစေတီတော် ရင်ပြင်ရှိ သတ်မှတ်နေရာအသီးသီး၌ ကျင်းပသည်။

ရှေးဦးစွာ ရွှေတိဂုံစေတီတော်မြတ်ကြီးအား အရုဏ်ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းပွဲကို စေတီတော်ရင်ပြင်ရှိ ညှော့ခံတန်ဆောင်း၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များက ဗုဒ္ဓပူဇာအဖြစ် ဗုဒ္ဓမြတ်စွာဘုရားရှင်အား အရုဏ်ဆွမ်းတော်ကြီးနှင့် ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီးများ ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဂေါပကအဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဩဝါဒါစရိယ ဆရာတော်ကြီးများအား အရုဏ်ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီး၊ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များသည် (၃၉) ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ပွဲကျင်းပရန် စေတီတော်ရင်ပြင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းစုရပ်မှ ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ကြပြီး အခမ်းအနား ကျင်းပမည့် မဟာဗောဓိညောင်ပင်နေရာ၌ နေရာယူကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော် ထိန်း ဩဝါဒါစရိယဆရာတော်ကြီးများက ပရိဘောဂ စေတီ(မဟာဗောဓိညောင်ပင်)အား ဗုဒ္ဓါဘိသေက မင်္ဂလာအနေကဇာတင်လှူ ပူဇော်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိက ဗောဒိရုက္ခ ဥဒကပူဇာမင်္ဂလာကို လျှောက်ထားသည်။

ယင်းနောက် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော် ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော် မဟာ ဝိသုဒ္ဓါရုံတိုက်သစ် ဦးစီးပဓာနနာယက တိပိဋကရေ၊ တိပိဋက ဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ညှော့ပရိသတ် များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူး နှင့် တာဝန်ရှိသူများက ဩဝါဒါစရိယ ဆရာတော်ကြီး များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း ကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော် ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ တိပိဋကရေ ပါဠိပါရဂူ ဘဒ္ဒန္တနာဂိတ ထံမှ အနုမောဒနာတရားနာကြားပြီး လှူဒါန်းမှုအစုစု တို့အတွက် ရေစက်ချအမျှပေးဝေကြသည်။

ထို့နောက် ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူ များ၊ ဂေါပကအဖွဲ့များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့ များနှင့် ဘုရားဖူးလာပြည်သူများက ဗောဓိညောင်ပင် အား ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

အလားတူ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော် ဦးစေတီတော်၊ ဆံတော်ရှင်ဆူးလေစေတီတော် ဂေါပကအဖွဲ့များက ကြီးမှူးကျင်းပသည့် ကဆုန် ညောင်ရေသွန်းလောင်းပူဇော်ပွဲ အခမ်းအနားများကို သက်ဆိုင်ရာ စေတီတော်များ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီး များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်း အဖွဲ့များနှင့် ဘုရားဖူးလာပြည်သူများက မဟာဗောဓိ ညောင်ပင်များ၌ ညောင်ရေသွန်းလောင်းပူဇော် ကြသည်။

ထို့ပြင် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်၊ ရှေးဟောင်း သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီ တော်တို့၌လည်း သက်ဆိုင်ရာ စေတီတော်ဂေါပက အဖွဲ့များက ကြီးမှူး၍ ညောင်ရေသွန်းလောင်းပူဇော်ပွဲ များ ကျင်းပကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကဆုန်လပြည့်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘုရားစေတီများ၌ ကုသိုလ်ဒါနပြုကြသူများဖြင့်စည်ကား



**နေပြည်တော် မေ ၁၄**

ကဆုန်လပြည့်နေ့(ဗုဒ္ဓနေ့)နေ့ထူး နေ့မြတ်တွင် နေပြည်တော် ကောင်စီ နယ်မြေအတွင်းရှိ ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး၊ ဗုဒ္ဓဂယာ (နေပြည်တော်)၊ မဟာသကျရံသီ ရုပ်တော်မူရုပ်ရှင် တော်မြတ်ကြီး၊ ရန်အောင်မြင် ရွှေလက်လှစေတီတော်၊ ဓာတု စယ ဓာတ်ပေါင်းစုစေတီတော်၊ ထာဝရ ငြိမ်းချမ်းရေးစေတီ၊ ရန်အောင်ချမ်းသာဘုရား၊ လှေခွင်း တောင် တန်ခိုးကြီးဘုရား၊ ကိုးနဝင်းစေတီတော်၊ ဆုတောင်း ပြည့် လောကမာရဇိန်စေတီတော်၊ သံသရာ ငြိမ်းအေးစေတီတော်၊ ဘုရားကိုးဆူ၊ ကိုးခန်းကြီးဘုရား၊ လောကရန်နှိမ်စေတီ၊ ဖောင်တော် ချက်မစေတီ၊ လက်လုပ်တောင် စေတီ၊ ကိုးနဝင်းစေတီ၊ မြို့ပေါ် ရပ်ကွက်များရှိ စေတီပုထိုးများနှင့် ကျောင်းကန်ဇရပ်များတွင် ယနေ့ နံနက်ပိုင်းမှစတင်၍ ဘာသာရေး ဝတ်အသင်းအဖွဲ့များ၊ ဒေသခံ ပြည်သူများ၊ ဝန်ထမ်းမိသားစုများ၊ ပတ်ဝန်းကျင်ဒေသများမှ ဘုရား ဖူးများဖြင့် စည်ကားလျက်ရှိသည်။

နေပြည်တော်ရှိ ဗုဒ္ဓဂယာသို့ ဘုရားဖူးလာရောက်သည့် မသွန်း ရတီဖြိုးက "ကဆုန်လပြည့်နေ့ က ဗုဒ္ဓဘာသာဝင်တို့ရဲ့ နေ့ထူး နေ့မြတ်ဖြစ်တဲ့ အတွက်ကြောင့် သူငယ်ချင်းတွေနဲ့အတူ လာ ရောက်ဖူးမြော်တာပါ။ ပြည်တွင်း၊ ပြည်ပမှာရှိကြတဲ့ မြန်မာပြည်သူ၊ ပြည်သားများအားလုံး ကပ်ကြီး သုံးပါးကို ကျော်လွှားပြီး ကျန်းမာ ရေး၊ လူမှုရေး၊ စီးပွားရေးတွေ အားလုံး အဆင်ပြေကြပါစေလို့ ဆုတောင်းပါတယ်"ဟု ပြော သည်။

ထို့ပြင် ဥပ္ပါတသန္တိစေတီ တော်မြတ်ကြီး၏ ပရိဝုဏ် အတွင်းရှိ ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ် ၌ ဆင်စာကျွေးကြသူများ၊ နိဗ္ဗာန် ကုန်ဆိုင်များနှင့် အမှတ်တရ ပစ္စည်း အရောင်းဆိုင်များတွင် လည်း ဈေးဝယ်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

အလားတူ နေပြည်တော်ရှိ Ocean Super Center၊ Juction Center၊ Naypyitaw Wholesale တို့တွင် ဈေးလာဝယ်ကြသူများနှင့် နေပြည်တော် ရေပန်းဥယျာဉ်၊ တိရစ္ဆာန် ဥယျာဉ်၊ ဆာဖာရီ ဥယျာဉ်၊ အမျိုးသားအထိမ်း အမှတ်ဥယျာဉ်၊ လှေခွင်းတောင် ကမ်းခြေ အပန်းဖြေစခန်း၊ မင်္ဂလာကန်တော်တို့တွင်လည်း အပန်းဖြေလာရောက်ကြသူများ ဖြင့် စည်ကားလျက်ရှိသည်။

ညနေပိုင်းတွင်လည်း မြို့ပေါ် ရပ်ကွက်၊ ကျေးရွာများရှိ ဘုရား စေတီများနှင့် မဟာဗောဓိပင် တော်တို့၌ ဆီမီး၊ ပန်းမန်၊ သောက်တော်ရေ ကပ်လှူပူဇော် ကြသူများ၊ ဝတ်ရွတ်ပူဇော်ကြ သူများ၊ ကဆုန်ညောင်ရေ သွန်းလောင်း ပူဇော်ကြသူများ၊ စတုဒိသာကျွေးမွေးကြသူများဖြင့် စည်ကားလျက်ရှိသည်။

ကဆုန် လပြည့်နေ့တွင် ဘုရားဖူးလာရောက်ကြသူများကို ယာဉ်ထိန်း ရဲတပ်ဖွဲ့ဝင်များက ယာဉ်အန္တရာယ် ကင်းရှင်းစေရေး အတွက် ကူညီစောင့်ရှောက်ပေး လျက်ရှိပြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဝင်များကလည်း ဘုရားဖူးပြည်သူ များ စိတ်အေးချမ်းစွာ ကုသိုလ်ပြု နိုင်ရန် လုံခြုံရေးဆောင်ရွက်ပေး နေသည်ကိုလည်း တွေ့ရသည်။

**သတင်း - လုလင်ငယ်**
**ဓာတ်ပုံ-ကိုထိန်အေး**

# မန္တလေးမြို့ လေးပြင်လေးရပ်မှ သံဃာတော် ၁၀၂၆၄ ပါးအား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ လောင်းလှူပူဇော်

**နေပြည်တော် မေ ၁၄**

သာသနာတော်နှစ် ၂၅၆၆ ခုနှစ် အထိမ်းအမှတ် မန္တလေးမြို့ လေးပြင်လေးရပ်ရှိ သံဃာတော်အပါး ၁၀၂၆၄ ပါးတို့အား ဆွမ်းနှင့် နဝကမ္မလှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူပူဇော်ခြင်း မဟာမင်္ဂလာကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့ ကျုံးအရှေ့ဘက်၊ အနောက်ဘက်၊ တောင်ဘက်၊ မြောက်ဘက်တို့ရှိ သတ်မှတ်မင်္ဂလာမဏ္ဍပ်များ၌ တစ်ချိန်တည်း တစ်ပြိုင်တည်းပြုလုပ်ကြရာ မန္တလေးမြို့ မဟာဒမ္မိကာရာမကျောင်းတိုက်၊ မိတ္ထီလာကျောင်းတိုက် ဆရာတော် နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုဇနပီယ အမှူးပြုသော သံတော်များ ကြွရောက်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ လူမှုအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် စေတနာရှင်ပြည်သူများ တက်ရောက်ကြည်ညိုကြသည်။



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မဟာဒမ္မိကာရာမကျောင်းတိုက် မိတ္ထီလာကျောင်းတိုက်ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြ၍ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသော ပရိတ်တရားတော်များကို နာယူကြပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ထို့နောက် မန္တလေးမြို့ မဟာဒမ္မိကာရာမတိုက် ရတနာပုံကျောင်းဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီဟနာဒထံမှ အနုမောဒနာ ရေစက်ချတရားနာယူပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။

**ဆက်ကပ်လှူဒါန်း**

အလားတူ ကျုံး(အရှေ့ပြင်)၊ (အနောက်ပြင်)၊ (မြောက်ပြင်) မင်္ဂလာမဏ္ဍပ်များတွင်လည်း ဆရာတော်ကြီးများထံမှ ကိုးပါးသီလခံယူဆောက်တည်ကြ၍ ပရိတ်တရားတော်များ နာယူကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ရေစက်ချ နုမောဒနာတရား နာယူကြသည်။

ဆက်လက်၍ မန္တလေးမြို့ လေးပြင်လေးရပ်ရှိ သံဃာတော်အပါး ၁၀၂၆၄ ပါးတို့အား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လောင်းလှူပွဲကို ဆက်လက်ပြုလုပ်ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်**(အပေါ်ပုံ)**၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သတ်မှတ်နေရာ မန္တလေးကျုံး လေးပြင်လေးရပ်၌ ကျုံးတစ်ဖက်လျှင် သံဃာတော်အပါး ၂၅၆၆ ပါးစီဖြင့် ကျုံးလေးဘက်ရှိ သံဃာတော်စုစုပေါင်း ၁၀၂၆၄ ပါးတို့အား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများ၊ ဆေးဝါးများနှင့် နဝကမ္မ အလှူငွေများကို သဒ္ဓါတရားထက်သန်စွာဖြင့် ကြည်ညိုဖွယ်ရာ လောင်းလှူကြသည်။

ယနေ့ပြုလုပ်သည့် အခမ်းအနားတွင် ဆရာတော်၊ သံဃာတော် ၁၀၂၆၄ ပါးတို့အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှမိသားစုနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုဝင်များက လှူဒါန်းငွေကျပ် ၂၃၂၁၅၇၁၈၀၀၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများက လှူဒါန်းငွေကျပ် ၆၁၇၈၄၅၃၈၀၀ စုစုပေါင်း ငွေကျပ် ၈၅၀၀၀၂၅၆၀၀ ဖြစ်ကြောင်း သိရသည်။

အလားတူ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်အသီးသီးမှ မြို့နယ် ၂၁ မြို့နယ်၌ သံဃာတော် ၁၀၈ ပါးစီဖြင့် လည်းကောင်း၊ မကွေးတိုင်းဒေသကြီး အတွင်းရှိ မကွေးမြို့နှင့် တောင်တွင်းကြီးမြို့၌ ဆရာတော်၊ သံဃာတော်အပါး ၃၀၀ ကျော်စီဖြင့် လည်းကောင်း အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပြီး ဆွမ်း၊ လှူဖွယ်ပစ္စည်းများ၊ နဝကမ္မ အလှူငွေများကို တပ်နယ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ စေတနာရှင်ပြည်သူများက အသီးသီးဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကဆုန်လပြည့် (ဗုဒ္ဓနေ့)တွင် မန္တလေးမြို့အနှံ့ ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းသူများဖြင့် အထူးစည်ကား

**မန္တလေး မေ ၁၄**

ကဆုန်လပြည့်(ဗုဒ္ဓနေ့)သည်ထေရဝါဒဗုဒ္ဓဘာသာဝင်များအတွက် မင်္ဂလာရှိသော နေ့ထူးနေ့မြတ်ဖြစ်သည်နှင့်အညီ မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများ၊ ပုထိုးစေတီတော်များ၌ ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ပွဲများနှင့် ပရိဘောဂစေတီထိုက်သော ဗောဓိညောင်ပင်တို့အား ညောင်ရေသွန်းလောင်းပူဇော်ပွဲများကျင်းပခြင်း၊ ကုသိုလ်ရှင်များက ဆရာတော် သံဃာတော်များအား ဆွမ်းနှင့် ဆွမ်းဟင်းများ လောင်းလှူခြင်း၊ စတုဒိသာကျွေးမွေးလှူဒါန်းခြင်း စသည့် ကုသိုလ်ပြုသူများဖြင့် စည်ကားလျက်ရှိသည်။

ယနေ့ နံနက် ၄ နာရီတွင် မဟာမုနိရုပ်ရှင်တော်မြတ်အား ရေတော်ဆရာတော် အမှူးပြု၍ ဘုရားကြီးမျက်နှာသစ်တော်ဝတ်အဖွဲ့က မျက်နှာသစ်တော်မူပြီး ဂေါပကအဖွဲ့ဝင်များ၊ ဓမ္မစကြာဝတ်အသင်းများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာသူများက ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း၊ ဆွမ်း၊ ရေချမ်း၊ ပန်းကပ်လှူပူဇော်ခြင်း၊ ခုနစ်နေ့နံဘုရားများတွင် ရေသပ္ပာယ်ခြင်းနှင့် ဥပုသ်သီလဆောက်တည်ကြခြင်းများအပြင် မဟာမုနိပရိဝုဏ်အတွင်း အင်္ဂါထောင့်ရှိ ဗောဓိညောင်ပင်အား ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်သူများဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် မန္တလေးမြို့တွင်းရှိ ရွှေကျီးမြင်ဘုရား၊ ဘုရားနီဘုရား၊ ချမ်းသာကြီးဘုရား၊ ချမ်းသာရဘုရားကျောက်တော်ကြီး၊ ကုသိုလ်တော်၊ သကျသီဟဘုရား၊ ကျောက်စိမ်းစေတီတော်နှင့် အောင်တော်မူမြတ်စွာဘုရားတို့တွင်လည်း ဘုရားဖူးလာသူများ၊ ညောင်ရေသွန်းလောင်းသူများဖြင့် အထူးစည်ကားလျက်ရှိပြီး အလှူရှင်များက စတုဒိသာ ကြာဆံဟင်း၊ ရေသန့်၊ အချိုရည်များ လှူဒါန်းတိုက်ကျွေးကြသည်။

အလားတူ မဟာအောင်မြေမြို့နယ် ဗောဓိကုန်းရပ်တွင် တည်ရှိသော မင်းတုန်းမင်းတရားကြီး စိုက်ပျိုးလှူဒါန်းခဲ့သည့် ဗောဓိညောင်ပင်နှင့် မန္တလေးတောင်ခြေရှိ မဟာဗောဓိညောင်ပင်တို့တွင်လည်း ညောင်ရေသွန်းလောင်းပူဇော်ကြသူများ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည့်အပြင် မြို့နယ်ရပ်ကွက်များရှိ ဘုရားများတွင် စိုက်ပျိုးထားရှိသည့် ဗောဓိညောင်ပင်များ၌လည်း ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ကာ ကုသိုလ်ကောင်းမှု ပြုလုပ်သူများဖြင့် မန္တလေးမြို့အနှံ့ အထူး စည်ကားလျက်ရှိကြောင်း သိရသည်။



**သတင်းစဉ်**

# စဉ့်ကူးမြို့နယ်၌ သံဃာတော် ၁၀၈ ပါးအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**စဉ့်ကူး မေ ၁၄**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ကဆုန်လပြည့်နေ့တွင် ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး ကျောင်းတိုက်များမှ သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပွဲနှင့် မဟာသံဃိကဒါန ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်သာသနာ့ဗိမာန်တော်တွင် စဉ့်ကူးမြို့နယ် သံဃနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ မြို့ပေါ်ရှိ ဘုန်းတော်ကြီး ကျောင်းတိုက်အသီးသီးမှ ဆရာတော်ကြီးများ၊ မြို့နယ်အတွင်းရှိ ကျောင်းတိုက်အသီးသီးမှ ဆရာတော်ကြီးများ စုစုပေါင်း သံဃာတော် ၁၀၈ ပါးအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပြီး ဘုရားအနေကဇာတင် အခမ်းအနား ကျင်းပသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူး၍ သံဃာတော် ၁၀၈ ပါးအား ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်သာသနာ့ဗိမာန်မှ ရွှေမုဋ္ဌောဘုရားကြီးအထိ ရောအောင်မြေလမ်းမကြီးအတိုင်း လမ်းဘေးဝဲယာတစ်လျှောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းကျော်နိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင် အလှူရှင်များက ဆွမ်းဆန်တော်များ၊ အခြား လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**တင်ဇာလွင်**

(ပြန်/ဆက်)

❖ *ကျောဖုံးမှ*

မြန်မာနိုင်ငံအနေဖြင့် အဆိုပါစာပိုဒ်ကို ထည့်သွင်းခြင်းမပြုရန် တောင်းဆိုခဲ့သော်လည်း အာဆီယံ၏ တူညီဆန္ဒမပါရှိဘဲ ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့သည်ကို တွေ့ရှိရသည်။ ထိုစာပိုဒ်တွင်ပါရှိသည့် အသုံးအနှုန်းများသည် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်း၊ သက်ဆိုင်ရာနိုင်ငံကို သမာသမတ်ကျသည့်နည်းဖြင့် ချဉ်းကပ်မှုမရှိခြင်းကို အထင်အရှား တွေ့ရှိရသည်။ ထို့အပြင် အချို့အကြောင်းအရာများသည် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာအတွင်းရှိခြင်း၊ ၂၀၂၁ ခုနှစ်၊ ဧပြီလတွင် ပြုလုပ်ခဲ့သည့် အာဆီယံခေါင်းဆောင်များအစည်းအဝေးတွင် သဘောတူညီခဲ့သည့် အာဆီယံ၏ တူညီဆန္ဒ (၅) ချက်ပါ အချက်များထက် ကျော်လွန်နေသော တောင်းဆိုချက်များ ပါဝင်နေခြင်းကို တွေ့ရှိရသည်။

အာဆီယံ၏ ထုတ်ပြန်ကြေညာချက်များတွင် နိုင်ငံတစ်နိုင်ငံ၏ကိစ္စရပ်ကို နိုင်ငံအလိုက် အထူးပြု ထည့်သွင်းဖော်ပြခြင်း မပြုသင့်ကြောင်းကို မြန်မာနိုင်ငံအနေဖြင့် အစဉ်တစိုက်ရပ်တည်ထားရှိပြီး အာဆီယံ-အမေရိကန် အထူးထိပ်သီးအစည်းအဝေး၏ ပူးတွဲကြေညာချက်ကို အာဆီယံတူညီဆန္ဒမပါရှိဘဲ ထုတ်ပြန်ခဲ့ခြင်းကြောင့် မြန်မာနိုင်ငံမှ စာပိုဒ်အမှတ် ၂၆ ကို ပြတ်သားစွာပယ်ချပြီး ပါဝင်ပတ်သက်မှုမရှိကြောင်း ဖော်ပြအပ်သည်။

ထို့အပြင် မြန်မာနိုင်ငံမှ အကြမ်းဖက်အဖွဲ့များနှင့် တရားမဝင်အသင်းအဖွဲ့များအဖြစ် ကြေညာထားသည့်အဖွဲ့အစည်းများ၊ အထူးသဖြင့် အမျိုးသားညီညွတ်ရေးအစိုးရဆိုသည့် NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်ဆိုသူများနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ ဝါရှင်တန်၌ တွေ့ဆုံခဲ့ခြင်းအပေါ် နိုင်ငံခြားရေးဝန်ကြီးဌာနက ပြင်းထန်စွာကန့်ကွက်သည်။

မြန်မာနိုင်ငံအနေဖြင့် NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများသည် တရားမဝင်အဖွဲ့များ၊ အကြမ်းဖက်အုပ်စုများဖြစ်ကြောင်းနှင့် အပြစ်မဲ့ပြည်သူများအပေါ် အကြမ်းဖက်လုပ်ရပ်များ ထင်ရှားစွာကျူးလွန်လျက်ရှိကြောင်း နိုင်ငံတကာသို့ ရှင်းလင်းစွာ အသိပေးကြေညာခဲ့ပြီးဖြစ်သည်။ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အဆိုပါ တရားမဝင်အဖွဲ့များ၊ အကြမ်းဖက်အဖွဲ့များနှင့် ထိတွေ့ဆက်သွယ်ဆောင်ရွက်ခြင်းမပြုရန် ကန့်ကွက်စာများလည်း ပေးပို့ခဲ့ပြီးဖြစ်သည်။

တရားမဝင်အဖွဲ့များ၊ အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သော ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (CRPH)၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ ပြည်သူ့ကာကွယ်ရေးအဖွဲ့ (PDF) ဆိုသူများနှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများနှင့် ထိတွေ့ဆက်သွယ်ဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံအတွင်း အကြမ်းဖက်မှုများကို အားပေးရာရောက်နိုင်သည့်အပြင် အကြမ်းဖက်မှုများ တိုက်ဖျက်ရေးအတွက် မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များကို အဟန့်အတားဖြစ်စေပြီး နိုင်ငံတကာနှင့် ဒေသတွင်း အကြမ်းဖက်မှုတိုက်ဖျက်ရေး သဘောတူညီချက်များကို ချိုးဖောက်ရာ ရောက်စေကြောင်း ဖော်ပြအပ်သည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးနှင့် မိတ်ဖက်နိုင်ငံများမှ အစိုးရတာဝန်ရှိသူများနှင့် လွှတ်တော်အမတ်များအနေဖြင့် အကြမ်းဖက်အဖွဲ့အစည်းများနှင့် ၎င်းတို့၏ ကိုယ်စားလှယ်များအား ထိတွေ့ဆက်ဆံခြင်းနှင့် အားပေးပံ့ပိုးခြင်းများ မပြုလုပ်ကြရန် ထပ်လောင်းတောင်းဆိုသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ မေလ ၁၄ ရက်**

# (၁၅) ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် မေ ၁၄**

(၁၅) ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများ အစည်းအဝေး (15th ASEAN HEALTH MINISTERS MEETING) ကို ယနေ့တွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့ရှိ CONRAD HOTEL BARLI တွင် ကျင်းပရာ အဖွဲ့ဝင်နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများနှင့် ကျန်းမာရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။ **(ယာပုံ)**




အဆိုပါအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း က ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အာဆီယံနိုင်ငံများ အချင်းချင်း ချစ်ကြည်စည်းလုံးစွာဖြင့် အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်သည့် ဆေးနှင့်ဆေးပစ္စည်းများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ လှူဒါန်းမှုများအတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ အရှေ့တောင်အာရှ ဒေသတွင်းနိုင်ငံများ သာမက ကမ္ဘာ့နိုင်ငံများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ကပ်ရောဂါ တုံ့ပြန်မှုများကို ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများအား အရှေ့တောင်အာရှဒေသတွင် ထုတ်လုပ်အသုံးပြုနိုင်ရေးအတွက် လုပ်ငန်းစီမံကိန်းဖြစ်သည့် ASEAN Vaccine Security and Self Reliance (AVSSR) နှင့် ကပ်ရောဂါ တုံ့ပြန်ရေးအတွက် ကိုဗစ်-၁၉ ရောဂါ စမ်းသပ်စစ်ဆေးနိုင်ရေး test kits များ၊ personal protective equipment များ၊ လိုအပ်သော ဆေးနှင့်ဆေးများ ဝယ်ယူနိုင်ရန်နှင့် ကာကွယ်ဆေးနှင့် ဆေးဝါးများထုတ်လုပ်နိုင်ရေး သုတေသနလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် ရည်ရွယ်သည့် COVID-19 ASEAN Response Fund တို့ကို ဒေသတွင်း နိုင်ငံများ ပူးပေါင်းလုပ်ဆောင်ခြင်းကို မြန်မာနိုင်ငံအနေဖြင့် ကြိုဆိုပါကြောင်း။

ကပ်ရောဂါအား တုံ့ပြန်ရာတွင် ကျွမ်းကျင်သည့် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များ အရေးပါသည့်အတွက် ၎င်းတို့ကို စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းပေးခြင်းများ၊ လုံလောက်သော ထောက်ပံ့ခြင်းများတို့ကို အလေးထားလုပ်ဆောင်သင့်ပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားမှုများကြောင့် အာဆီယံနိုင်ငံအသီးသီးတွင်လည်း နောက်ဆက်တွဲ အကျိုးသက်ရောက်မှုများ ရှိသည့်အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် နောင်လာမည့် ကပ်ရောဂါများအတွက် ကျန်းမာရေး စနစ်ခိုင်မာအောင် ပြင်ဆင်ထားရန်တို့မှာ အရေးကြီးပါကြောင်း၊ အထူးသဖြင့် ပဏာမကျန်းမာရေး စောင့်ရှောက်မှုများ လစ်ဟင်းပြတ်တောက်မှုမရှိစေဘဲ စောင့်ရှောက်ကုသမှုများ ပေးနိုင်ရေး ပြင်ဆင်ဆောင်ရွက်ရန်နှင့် ပြည်သူများ၏ အာဟာရဖွံ့ဖြိုးရေး၊ ကိုယ်လက်လှုပ်ရှားမှုများ၊ အားကစားဆောင်ရွက်မှုများ ပုံမှန်ပြုလုပ်ရေး အစရှိသည်တို့ပါ ဆောင်ရွက်စေခြင်းဖြင့် ရောဂါပိုးများ ကာကွယ်နိုင်စွမ်းနှင့် ခုခံနိုင်စွမ်းများ တိုးမြှင့်နိုင်ရေးတို့ကိုလည်း ဦးစားပေးဆောင်ရွက်သင့်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါမှ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် နောင်ဖြစ်ပေါ်လာနိုင်မည့် ကပ်ရောဂါများအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်း၍ ကျန်းမာရေးစနစ် ခိုင်မာစေရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနေ့ နံနက်ပိုင်းတွင် CONRAD HOTEL BARLI ၌ 15th ASEAN HEALTH MINISTERS MEETING RETREAT ကို ကျင်းပရာ အာဆီယံနိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများနှင့်အတူ ပြည်ထောင်စုဝန်ကြီးဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်သည်။

အဆိုပါအစည်းအဝေးများတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးမှတ်တမ်းများအား ဒစ်ဂျစ်တယ်စနစ်သို့ ပြောင်းလဲအသုံးပြု၍ အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန်အသိအမှတ်ပြုရေး၊ ASEAN Single Digital COVID-19 Health Certificates Verification Portal အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး၊ အရှေ့တောင်အာရှဒေသတွင် ပြည်သူ့ကျန်းမာရေး အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ ဗဟိုဌာနဖွင့်လှစ်နိုင်ရေး၊ ကိုဗစ်-၁၉ အလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေး၊ ဒေသတွင်း ခိုင်မာသော ကျန်းမာရေးစနစ် ထူထောင်နိုင်ရေး အစရှိသည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောကြားကြသည်။

ထို့နောက် (၁၅) ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများ အစည်းအဝေးအတွက် အဆင့်မြင့်အရာရှိကြီးများ ဆွေးနွေးခဲ့ကြသည့် အစည်းအဝေး (Preparatory Senior Officials Meeting for the 15th ASEAN Health Ministers Meeting) အစီရင်ခံစာနှင့် အကြံပြုချက်များကို အတည်ပြုခြင်း၊ (၁၅) ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများ အစည်းအဝေး ပူးတွဲကြေညာစာတမ်းအား အတည်ပြုထုတ်ပြန်ခြင်းတို့ ဆောင်ရွက်ကြပြီး အဆိုပါ အစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကျန်းမာရေးဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး၊ အနောက်ပစိဖိတ် ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေး ဌာနခွဲ၊ လက်ထောက်အတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၁၄**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းနှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး H.E. Anutin Charnvirakul ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံ

**နေပြည်တော် မေ ၁၄**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့တွင် မေ ၁၁ ရက်မှ ၁၅ ရက်အထိ ကျင်းပသည့် (၁၅) ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်နေစဉ်အတွင်း ယနေ့နံနက် ဒေသစံတော်ချိန် ၁၁ နာရီခန့်တွင် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး H.E. Anutin Charnvirakul ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် CORAD HOTEL Bali၊ Lagoon Room(1) ၌ တွေ့ဆုံသည်။ (ယာပုံ)



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ အနေဖြင့် ကိုဗစ်-၁၉ တတိယလှိုင်းအတွင်း အောက်ဆီဂျင် အခက်အခဲဖြစ်နေချိန်၌ နယ်စပ်ဒေသများမှတစ်ဆင့် Liquid Oxygen နှင့် Oxygen Tanks များ ရရှိရေး ကူညီဆောင်ရွက်ပေးခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မကြာသေးမီကလည်း ကိုဗစ်-၁၉ ကာကွယ်ဆေး AstraZeneca တစ်သန်း Doses မြန်မာနိုင်ငံသို့ လှူဒါန်းခဲ့မှုနှင့် RT PCR ဓာတ်ခွဲပစ္စည်းများ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှု ဆိုင်ရာ ဌာနသို့ လှူဒါန်းပေးမှုအတွက်လည်း ကျေးဇူးတင်ပါကြောင်း ပြောကြား၍ ကိုဗစ်-၁၉ ကပ်ရောဂါ အလွန် နှစ်နိုင်ငံ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ နယ်စပ်ဒေသ ကူးစက်ရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် သတင်းအချက်အလက်များ ဖလှယ်ရေးကိစ္စ၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စ၊ မြန်မာနိုင်ငံ၌ လူတိုင်းလက်လှမ်းမီ လွှမ်းခြုံနိုင်သော ကျန်းမာရေးစောင့်ရှောက်မှု ရရှိရေး လုပ်ငန်းစဉ်များတွင် ပြည်သူများ ငွေကြေးကုန်ကျမှု သက်သာစေရေးအတွက် ထိုင်းနိုင်ငံ၏ အတွေ့အကြုံများကို လေ့လာနိုင်ရေးကိစ္စ၊ ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်းလုပ်သားများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးနေမှုကိစ္စ၊ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထပ်မံလှူဒါန်းလိုသည့် ကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**



## မကွေးတက္ကသိုလ်ဝင်းအတွင်း သန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေးပြုလုပ်

မကွေး မေ ၁၄

**မကွေးတိုင်းဒေသကြီး သန့်ရှင်းသာယာလှပရေးအတွက် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/ မြို့နယ်များတွင် မြို့ပတ်ဝန်းကျင်များ သန့်ရှင်းသာယာလှပရေး အပတ်စဉ်(စနေနေ့တိုင်း) စုပေါင်း သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက မကွေးတက္ကသိုလ်ဝင်းအတွင်း ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေး ပြုလုပ်နေမှုအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုအားပေးကြောင်း သိရသည်။**

ထိုသို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် မကွေးတပ်နယ်မှ တပ်မတော်သားများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပရဟိတလူမှုအဖွဲ့အစည်းများ စုပေါင်း၍ မကွေးတက္ကသိုလ်ဝင်းအတွင်းရှိ မြက်ပင်များ၊ သစ်ပင်ကြီးများနှင့် ချုံနွယ်များအား ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေမြောင်းများအတွင်းရှိ အမှိုက်သရိုက်များအား အမှိုက်ကားများဖြင့် စနစ်တကျသိမ်းဆည်းခြင်း စသည့် စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးပြုလုပ်နေမှုကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင့်လွင်သည် မကွေးလေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ် ဝင်းမောင်သိန်း၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ အမှတ်(၈၈) ခြေမြန်တပ်မဌာနချုပ် ဒုတိယတပ်မမှူး ဗိုလ်မှူးကြီး ကျော်ကျော်ဟန်၊ မကွေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဦး၊ တာဝန်ရှိသူများနှင့်အတူ စုပေါင်းသန့်ရှင်းရေးပြုလုပ်နေမှုအား ကြည့်ရှုအားပေးခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က မိမိတို့ မကွေးမြို့သည် တိုင်းဒေသကြီး၏ မြို့တော်ဖြစ်သည်နှင့်အညီ မြို့အင်္ဂါရပ်နှင့်လျော်ညီစွာ သန့်ရှင်းသာယာလှပရေးသည် အရေးကြီးပါကြောင်း၊ တက္ကသိုလ်ရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စိတ်ချမ်းမြေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် ပျော်ရွှင်စွာ ပညာသင်ယူခွင့်ရရှိနိုင်ရေးအတွက် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး၊ အဆောက်အအုံများ ဥပဓိရုပ်ကောင်းမွန်ရေးသည် အလွန်အရေးကြီးပါကြောင်း ပြောကြားပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။ **ကိုစည်သူ(မကွေး)**

## ဟားခါးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**ဟားခါး မေ ၁၄**

ချင်းပြည်နယ် အစိုးရအဖွဲ့က ဦးဆောင်၍ ဟားခါးမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်းရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းရေး ဆောင်ရွက်မှုကို ယနေ့နံနက်ပိုင်းက ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးငွန်ဆန်းအောင် တက်ရောက် ကြည့်ရှုအားပေးသည်။

ထိုသို့ ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် နယ်မြေခံ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုစုပေါင်း အင်အား ၁၅၀ ခန့်ဖြင့် အမှတ် (၂) အခြေခံပညာ အထက်တန်း ကျောင်းဝင်းအတွင်း ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ပေါင်းမြက်များနှင့် အမှိုက်များ ရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးငွန်ဆန်းအောင်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မျိုးထွဋ်လှိုင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် စစ်ဗျူဟာအခြေချ(ဟားခါး)မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး စောထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်သည့် တပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများအား စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံကျွေးမွေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဟားခါးမြို့ အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း စာသင်ဆောင်အတွက် အသစ်ဆောက်လုပ်ထားသော သုံးထပ်ဆောင်သစ် ဆောက်လုပ်ပြီးစီးမှုကို သွားရောက် စစ်ဆေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## မုံရွာမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးရုံတက်ရောက် ကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

**နေပြည်တော် မေ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ နယ်မြေခံတပ်မတော် ဆေးရုံ၌ တက်ရောက်ကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့ မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် သန်းထိုက်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုပြီး တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားကာ အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅-၅-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၉၀ | ၂၁၄၀ | ၂၁၃၀ | ၂၁၀၀ | ၂၁၃၅ | ၂၁၆၀ | ၂၁၄၅ | ၂၁၂၅ | ၂၂၁၅ | ၂၂၃၀ | ၂၁၃၀ | ၂၁၄၀ | ၂၁၇၅ | ၂၁၇၅ | ၂၁၇၅ | ၂၃၉၅ | ၂၄၃၀ |
| 95 Ron | ၂၁၅၀ | ၂၁၉၅ | ၂၁၉၅ | ၂၁၅၅ | ၂၁၉၅ | ၂၂၁၅ | ၂၂၀၀ | ၂၁၈၀ | ၂၂၇၅ | ၂၂၉၀ | ၂၁၈၅ | ၂၂၀၀ | ၂၂၃၀ | ၂၂၃၀ | ၂၂၃၅ | ၂၄၅၀ | ၂၆၀၅ |
| HSD (500 ppm) | ၂၂၆၀ | ၂၃၀၅ | ၂၃၀၀ | ၂၂၆၅ | ၂၃၀၅ | ၂၃၂၅ | ၂၃၂၀ | ၂၂၉၀ | ၂၄၀၅ | ၂၄၀၀ | ၂၂၉၅ | ၂၃၀၅ | ၂၃၄၀ | ၂၃၄၀ | ၂၃၄၅ | ၂၅၆၀ | ၂၆၉၀ |
| HSD (50 ppm) | ၂၂၈၅ | ၂၃၃၅ | ၂၃၃၀ | ၂၂၉၅ | ၂၃၃၀ | ၂၃၅၅ | ၂၃၅၀ | ၂၃၂၀ | ၂၄၃၅ | ၂၄၃၀ | ၂၃၂၅ | ၂၃၃၅ | ၂၃၇၀ | ၂၃၇၀ | ၂၃၇၀ | ၂၅၉၀ | ၂၇၂၅ |
| HSD (10 ppm) | ၂၂၈၅ | ၂၃၃၅ | ၂၃၃၀ | ၂၂၉၅ | ၂၃၃၀ | ၂၃၅၅ | ၂၃၅၀ | ၂၃၂၀ | ၂၄၃၅ | ၂၄၃၀ | ၂၃၂၅ | ၂၃၃၅ | ၂၃၇၀ | ၂၃၇၀ | ၂၃၇၀ | ၂၅၉၀ | ၂၇၂၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၉၁ | ၂၀၆၄ |
| 95 Ron | ၂၀၄၅ | ၂၁၂၀ |
| HSD (500 ppm) | ၂၁၅၃ | ၂၂၂၅ |
| HSD (50 ppm) | ၂၁၈၀ | ၂၂၅၃ |
| HSD (10 ppm) | ၂၁၈၀ | ၂၂၅၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၁၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မြိုင်သာယာစံပြကျေးရွာနေ အောင်ခန့်သူ (၃၄)နှစ်သည် ၎င်းအသုံးပြုသည့် “Aung Khant Thu” Facebook အကောင့်၊ မွန်ပြည်နယ် သံဖြူဇရပ်မြို့ အောင်ချမ်းသာရပ်ကွက်နေ အာကာဟိန်း(ခ) ဂျက်လီ (၂၁)နှစ်သည် ၎င်းအသုံးပြုသည့် “Jet Li” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် မေ ၁၄**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မေ ၁၃ ရက်နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ် မြောက်ပိုင်းအတွင်းရှိ မြို့နယ် ၁၅ မြို့နယ်၌ ဒေသခံပြည်သူ ၈၅၀၆ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၁၀၅၅၀၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ် အတွင်းရှိ မြို့နယ် ၁၁ မြို့နယ်၌ ဒေသခံပြည်သူ ၃၇၁၁ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုမှ ဒေသခံပြည်သူ ၅၃၉၉၇ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ မေ ၁၃ ရက်တွင် ရှမ်းပြည်နယ် မြောက်ပိုင်း မြို့နယ် သုံးမြို့နယ်၌ ကျောင်းသား ကျောင်းသူ ၂၃ ဦးကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်း များနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကျူးဘားနိုင်ငံ ဟာဗားနားရှိ ဟိုတယ်ပေါက်ကွဲမှုကြောင့် သေဆုံးသူ ၄၆ ဦးအထိ တိုးလာ



**ဟာဗားနား မေ ၁၄**

ဟာဗားနားရှိ ဟိုတယ်ဆာရာတိုဂါတွင် ပေါက်ကွဲအားပြင်းထန်သည့် မတော်တဆမှုဖြစ်ပွားပြီးနောက် သေဆုံးသူအရေအတွက် ၄၆ ဦးအထိ ရှိလာပြီဖြစ်ကြောင်း မေ ၁၃ ရက်၌ ကျူးဘားပြည်သူ့ကျန်းမာရေး ဝန်ကြီးဌာနက ပြောကြားသည်။

မေ ၆ ရက်က မတော်တဆမှုဖြစ်ပွားပြီးနောက် ဆေးရုံ၌ စိုးရိမ်ရသည့်အခြေအနေမှ ဒဏ်ရာရရှိသူတစ်ဦး သေဆုံးခဲ့သောကြောင့် သေဆုံးသူအရေအတွက် တိုးလာခြင်းဖြစ်ကြောင်း သိရသည်။

နောက်ဆုံးထွက်ပေါ်လာသော အစီရင်ခံစာအရ အရွယ်ရောက်သူ ကိုးဦးနှင့် ကလေးငယ် လေးဦးမှာ ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိပြီး အခြားသော ဒဏ်ရာရရှိသူ ၄၀ မှာ ဆေးရုံမှဆင်းခွင့်ရရှိပြီ ဖြစ်ကြောင်း သိရသည်။ အဆိုပါ မတော်တဆမှု ဖြစ်ပွားရခြင်းမှာ ဓာတ်ငွေ့ရည် လီတာ ၁၀၀၀၀ ခန့် တင်ဆောင်လာသော စက်သုံးဆီတင်ယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွားရာမှဖြစ်ကြောင်း သိရသည်။

အဆိုပါ အားပြင်းသောပေါက်ကွဲမှုကြောင့် မာတီပြဇာတ်ရုံ၊ မူလတန်းကျောင်းတစ်ကျောင်း၊ လူနေအဆောက်အအုံ နှစ်ခုနှင့် ဘာသာရေးကျောင်းတစ်ကျောင်းအပါအဝင် အနီးအနားရှိ အဆောက်အအုံ ၂၀ ခန့် ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

## မွန်ဂိုလီးယားသမ္မတက သစ်ပင်များပိုမိုစိုက်ပျိုးရန် တောင်းဆို



**အူလန်ဘာတာ မေ ၁၄**

ကျန်းမာပြီး သက်သောင့်သက်သာရှိသော လုပ်ငန်းခွင်နှင့် လူနေမှုပတ်ဝန်းကျင်ကို ဖန်တီးရန် မွန်ဂိုလီးယားနိုင်ငံသားများနှင့် အဖွဲ့အစည်းများကို သစ်ပင်များ ပိုမိုစိုက်ပျိုးရန် တောင်းဆိုလိုက်ကြောင်း မွန်ဂိုလီးယားသမ္မတ ယူဂန်နာ ခရိုဆေးက မေ ၁၃ ရက်တွင် တောင်းဆိုလိုက်သည်။

အိမ်ထောင်စုတိုင်း၊ အဖွဲ့အစည်းတိုင်းနှင့် စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူတိုင်းသည် ၎င်းတို့၏ ခြံဝင်းများအတွင်း သစ်ပင်များ ပိုမိုစိုက်ပျိုးသင့်ကြောင်း မွန်ဂိုလီးယားနိုင်ငံ၏ နှစ်စဉ် မေလနှင့် အောက်တိုဘာလတို့၏ ဒုတိယမြောက် စနေနေ့တွင် ကျင်းပသည့် အမျိုးသားသစ်ပင်စိုက်ပျိုးရေးနေ့ အခါသမယတွင် အမျိုးသားဥယျာဉ်အတွင်း သစ်ပင်များ စိုက်ပျိုးပြီးနောက် မွန်ဂိုလီးယားသမ္မတ ခရိုဆေးက ပြောကြားခဲ့သည်။

အနာဂတ်တွင် မွန်ဂိုလီးယားနိုင်ငံ၏ ရည်ရွယ်ချက်မှာ သစ်ပင်များသာမက အသီးအနှံများ၊ ဘယ်ရီသီးများ၊ ဆေးဖက်ဝင်အပင်များနှင့် စားသုံးရသည့်အပင်များကို ပြည်တွင်းလိုအပ်ချက်များနှင့် ပြည်ပသို့တင်ပို့ရန် ရည်ရွယ်ကြောင်း မွန်ဂိုလီးယားသမ္မတ ခရိုဆေးက ဆက်လက်ပြောကြားသည်။

သစ်ပင်စိုက်ပျိုးသည့် လှုပ်ရှားမှုမှာ သဲကန္တာရဖြစ်ခြင်းကို တိုက်ဖျက်ရန် ၂၀၃၀ ပြည့်နှစ်တွင် အနည်းဆုံးသစ်ပင် တစ်သန်းစိုက်ပျိုးရန် ရည်ရွယ်ထားကြောင်း မွန်ဂိုလီးယားသမ္မတ ခရိုဆေးက ကုလသမဂ္ဂအထွေထွေညီလာခံတွင် ပြောကြားခဲ့သလို မွန်ဂိုလီးယားနိုင်ငံတစ်ဝန်း သစ်ပင်စိုက်ပျိုးသည့် လှုပ်ရှားမှုကို ပြီးခဲ့သည့်နှစ်က စတင်ခဲ့ခြင်း ဖြစ်သည်။

မွန်ဂိုလီးယားနိုင်ငံ၏ နယ်မြေ ၇၇ ရာခိုင်နှုန်းနီးပါးမှာ သဲကန္တာရဖြစ်ကြောင်း နိုင်ငံ၏ သဘာဝပတ်ဝန်းကျင်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ **ဆင်ဟွာ**

## နယူးဇီလန်နိုင်ငံ ဝန်ကြီးချုပ် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရ



**ဝဲလ်လင်တန် မေ ၁၄**

နယူးဇီလန် ဝန်ကြီးချုပ် ဂျာစင်ဒါ အာဒင်းသည် ကိုဗစ်-၁၉ ကူးစက်ခံထားရကြောင်း မေ ၁၄ ရက်တွင် အတည်ပြုခဲ့သည်။

အကောင်းဆုံးကြိုးစားနေခဲ့သော်လည်း ကျန်သည့် မိသားစုနှင့်အတူ ပူးပေါင်းမိပြီး ကံမကောင်းစွာနှင့် ကိုဗစ်-၁၉ ကူးစက်ခံရခြင်းဖြစ်ကြောင်း အာဒင်းက မေ ၁၄ ရက် နံနက်ပိုင်း၌ လူမှုမီဒီယာတွင် ရေးသားခဲ့သည်။ အာဒင်းသည် တနင်္ဂနွေနေ့ကတည်းက ၎င်း၏ မိသားစုနှင့်အတူ အိမ်တွင်သီးသန့်ခွဲခြားနေထိုင်လျက်ရှိကြောင်း သိရသည်။

နယူးဇီလန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၄၄၁ ဦး ထပ်မံတွေ့ရှိခဲ့ပြီး ၂၅၀၃ ဦးမှာ နိုင်ငံ၏မြို့တော် အော့ကလန်မြို့မှဖြစ်ကြောင်း မေ ၁၃ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ယနေ့အချိန်အထိ နယူးဇီလန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၁၀၂၆၇၁၅ ဦး ရှိလာပြီဖြစ်သည်။ အဆိုပါ အရေအတွက်ပမာဏမှာ ကိုဗစ်-၁၉ ကပ်ရောဂါ စတင်ဖြစ်ပွားပြီးနောက် ကူးစက်ခံရမှုအရေအတွက်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

## ဂျုံဈေးကောင်းနေသော်လည်း ပြည်ပတင်ပို့မှု အိန္ဒိယ ပိတ်ပင်

**နယူးဒေလီ မေ ၁၄**

အိန္ဒိယနိုင်ငံအစိုးရသည် ဂျုံဈေးတက်နေသည့်ကြားမှ ပြည်တွင်းစားသုံးမှု ဖူလုံစေရန် ဂျုံတင်ပို့မှုကို ပိတ်ပင်လိုက်ကြောင်း သိရသည်။

ပြည်တွင်းစားသုံးမှုအတွက် တည်ငြိမ်သော ထောက်ပံ့မှုရရှိစေရန် ဂျုံတင်ပို့မှုကို ချက်ချင်းပိတ်ပင်လိုက်ကြောင်း အိန္ဒိယအစိုးရက မေ ၁၃ ရက် ကြေညာခဲ့သည်။

အိန္ဒိယနိုင်ငံတွင် ဂျုံကို လူအများစု စားသုံးကြသည့်အတွက် ကမ္ဘာပေါ်တွင် ဒုတိယအများဆုံး ဂျုံထုတ်လုပ်သည့် နိုင်ငံဖြစ်သည်။ ဂျုံဈေးနှုန်း မြင့်တက်လာသည့်အတွက် လူများ၏ စားနပ်ရိက္ခာအပေါ် ထိရောက်သော အကျိုးသက်ရောက်မှု ရှိကြောင်း သိရသည်။

ဂျုံထွက်ကုန်များရရှိရန် အခက်ကြုံတွေ့နေရသည့် နိုင်ငံများက တောင်းဆိုခဲ့လျှင် ဂျုံတင်ပို့မှုကို ခွင့်ပြုပေးမည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံအစိုးရက ပြောကြားသည်။ **အင်န်အိတ်ချ်ကေ**

## နောက်ဆုံးရ နိုင်ငံတကာသတင်းတိုများ




- ဂျန်ပါစကီသည် အိမ်ဖြူတော်သတင်းပြန်ကြားရေး တာဝန်ခံရာထူးမှ နုတ်ထွက်သွားသည်။ ပြီးခဲ့သည့် ၁၅ လတာကာလအတွင်း သတင်းပြန်ကြားရေး တာဝန်ခံရာထူးကို ထမ်းဆောင်စေခဲ့သည့်အတွက် သမ္မတနှင့် သမ္မတကတော်ကို ကျေးဇူးတင်ကြောင်း အိမ်ဖြူတော်၌ပြုလုပ်သည့် နောက်ဆုံးအကြိမ် သတင်းစာရှင်းလင်းပွဲတွင် ဂျန်ပါစကီက ပြောကြားသည်။
- ဆီးရီးယားအလယ်ပိုင်းရှိ စစ်စခန်းများကို အစ္စရေးက ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ငါးဦး သေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရရှိခဲ့သည်။ ထို့အပြင် အဆိုပါ တိုက်ခိုက်မှုကြောင့် ဟားမားပြည်နယ် မက်စ်ယာဖ်အနီးရှိ ပစ်မှတ်များကိုလည်း ထိမှန်ခဲ့သည်။
- အဆင့်မြင့်ပညာရေးနှင့် သိပ္ပံဆိုင်ရာသုတေသနပြုလုပ်မှုတို့အတွက် ဆိုက်ပရပ်စ်နှင့် တရုတ်နိုင်ငံတို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးလိုက်ကြောင်း ဆိုက်ပရပ်စ်ပညာရေးဝန်ကြီးဌာနနှင့် တရုတ်သံရုံးတို့၏ သီးခြားစီ သတင်းထုတ်ပြန်ချက်အရ သိရသည်။ အဆိုပါ နားလည်မှုစာချွန်လွှာသည် ၂၀၂၂ ခုနှစ်မှ ၂၀၂၆ ခုနှစ်အထိ ဖြစ်သည်။
- အီသီယိုးပီးယားတစ်နိုင်ငံတည်းတွင် လူဦးရေ ၁၁ သန်းကျော်နှင့် မွေးမြူရေးတိရစ္ဆာန် ၁၀ သန်းကျော်တို့သည် မိုးခေါင်မှုဒဏ်ကို ခံစားနေရကြောင်း ကုလသမဂ္ဂလူသားချင်းစာနာမှုအဖွဲ့က ပြောကြားသည်။ လူဦးရေ ၇ ဒသမ ၂ သန်းကျော်သည် အစာထောက်ပံ့မှုလိုအပ်လျက်ရှိပြီး လေးသန်းကျော်မှာ ရေထောက်ပံ့မှု လိုအပ်လျက်ရှိသည်။
- ဘရာဇီးနိုင်ငံတွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ဖြင့် သေဆုံးသူ ၁၃၉ ဦး ရှိလာသောကြောင့် နိုင်ငံတစ်ဝန်း သေဆုံးသူ ၆၆၄၇၈၀ အထိ ရောက်ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

# ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အကျဘက်ကို ဦးတည်လာ၍ ဂျပန်နိုင်ငံမှာ ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်မှုကို ဖြေလျှော့

ထွန်းကျော်




ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ကာလအတွင်း ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်သွားလာနေသူများကို တွေ့ရစဉ်။

ဂျပန်နိုင်ငံမှာ လူမှုဝေးကွာစည်းမျဉ်းတွေကို လိုက်နာနေသရွေ့ ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ဖို့ ပါးစပ်၊ နှာခေါင်းစည်းတွေတပ်ဆင်ဖို့ မလိုတော့ဘူးလို့ ဂျပန်ထိပ်တန်းအစိုးရ ပြောရေးဆိုခွင့်ရှိသူက မေ ၁၁ ရက်က ပြောကြားလိုက်ပါတယ်။ ဒါပေမယ့်လည်း ဒါဟာဂျပန်နိုင်ငံမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေ ကျဆင်းသွားပြီလို့ ပြောလို့ မရသေးပါဘူး။ ဂျပန်နိုင်ငံရဲ့ တချို့ဒေသတွေမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေဟာ ဆက်လက်မြင့်တက်လျက်ရှိနေပါသေးတယ်။

**ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်တာကိုဖြေလျှော့**

နွေဦးရာသီ အားလပ်ရက်ကုန်ဆုံးသွားပြီး နောက်မှာ ဒီလို ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေ သိသိသာသာ ဆက်လက်မြင့်တက်လာတာကို တွေ့မြင်ရပါတယ်။ မေ ၁၁ ရက်က ကိုဗစ်-၁၉ ကူးစက် ဖြစ်ပွားသူ ၄၆၀၀၀ ရှိတယ်လို့ သက်ဆိုင်ရာ တာဝန်ရှိသူတွေက ပြောကြားလိုက်ပါတယ်။ ဒါဟာ လွန်ခဲ့တဲ့သီတင်းပတ် အလားတူရက်ကထက် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၉၀၀၀ ပိုတိုးလာတာဖြစ်ပါတယ်။ ဂျပန်နိုင်ငံ တောင်ပိုင်းခရိုင်များဖြစ်တဲ့ အိုကီနာဝါနဲ့ မီရာဆာကီတို့မှာ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အမြင့်ဆုံးဖြစ်ပါတယ်။

ဂျပန်နိုင်ငံရဲ့ ကိုရိုနာဗိုင်းရပ်စ် အကြံပေးအဖွဲ့က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားမှုတွေဟာ အခုတော့ အကျဘက်ကို ရောက်ရှိလာပြီလို့ပြောပါတယ်။ ဒါကြောင့်အခုဆိုရင် ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်တာကို ဖြေလျှော့ပေးလိုက်တာဖြစ်ပါတယ်။

**အပူချိန်မြင့်လာချိန်မှာ ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ဖို့မလို**

ဂျပန်နိုင်ငံမှာ မာကျူရီနဲ့ စိုထိုင်းမှုတွေ မြင့်တက်လာချိန်မှာ အစိုးရအဖွဲ့အတွင်းရေးမှူး ဟီရိုကာဇူမက်ဆုနိုက ပါးစပ်၊ နှာခေါင်းစည်းတွေကို အပြင်ဘက်တွေမှာ တပ်စရာမလိုတော့ဘူးလို့ ပြောလိုက်ပါတယ်။ ထို့အတူ ဂျပန်နိုင်ငံမှာ အပူလျှပ်ခြင်းနဲ့ အပူနဲ့ဆက်စပ်တဲ့ဖျားနာမှုတွေလည်း တိုးလာနေပါတယ်။

တစ်ဦးနဲ့တစ်ဦး သတ်မှတ်ထားတဲ့ အကွာအဝေးမှာနေနေသရွေ့ ပြည်သူတွေ ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်စရာမလိုပါဘူး။ အထူးသဖြင့် အခုလို အပူချိန်မြင့်မားလာပြီး စိုထိုင်းမှုတွေများလာချိန်မှာ မလိုပါဘူးလို့ မက်ဆုနိုက ပြောပါတယ်။

**အန္တရာယ်ဖြစ်နိုင်ခြေရှိတယ်**

ကျွမ်းကျင်သူတွေကတော့ ဒါကို အန္တရာယ်အများဆုံးဖြစ်နိုင်ခြေရှိတယ်လို့ ပြောကြားထားပါတယ်။ ပြည်သူတွေ တစ်ဦးနဲ့တစ်ဦး နီးကပ်စွာ စကားပြောဆိုဆက်ဆံမယ်ဆိုရင် ဒါဟာ ပြဿနာရှိလာပြီဖြစ်ပါတယ်။ သတ်မှတ်အကွာအဝေးအတိုင်း စကားပြောဆိုမှုမလုပ်နိုင်ဘူးဆိုရင် ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်တာ အကောင်းဆုံးပဲလို့ မက်ဆုနိုက ပြောပါတယ်။

ဂျပန်ထိပ်တန်းအစိုးရ ပြောရေးဆိုခွင့်ရှိသူက အစိုးရရဲ့ကိုဗစ်-၁၉ ဆန့်ကျင်ရေးဆောင်ရွက်ချက်တွေအပေါ် ပြန်လည်သုံးသပ်မှုတွေ ဆက်လက်လုပ်ဆောင်သွားမယ်လို့လည်းပြောပါတယ်။

**နိုင်ငံခြားသားဧည့်သည်တွေ ဝင်ရောက်ဖို့မျှော်လင့်**

ကိုဗစ်-၁၉ ကပ်ရောဂါ အကျဘက်ကို ဦးတည်နေတဲ့အချိန်မှာ တခြားအဓိကစီးပွားရေးတွေလည်း စည်းမျဉ်းစည်းကမ်းတွေနဲ့ လုံးလည်ချာလည်လိုက်နေသလို ပါးစပ်၊ နှာခေါင်းစည်းမဖြစ်မနေတပ်ဆင်ရမယ်ဆိုတဲ့ ပြဋ္ဌာန်းချက်မျိုးကလည်း စိတ်ရှုပ်စေပါတယ်။ ဂျပန်နိုင်ငံဟာ အခုတော့ ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်မှုကို ဖြေလျှော့ပေးလိုက်တဲ့အတွက် ဇွန်လမှာ တစ်နေ့ကိုနိုင်ငံခြားသားဧည့်သည် ၂၀၀၀၀ လောက်ဝင်ရောက်ဖို့ မျှော်လင့်ထားပါတယ်။

အရင်က ဂျပန်အစိုးရဟာ နိုင်ငံခြားသား ဝင်ရောက်မှုအပေါ် သူ့ရဲ့ပြည်ဝင်ခွင့်ပိတ်ပင်တားမြစ်မှုကာလတွေ သတ်မှတ်လုပ်ဆောင်ခဲ့ဖူးပါတယ်။ အခုတော့ အဲဒီစည်းကမ်းတွေကို အတိုင်းအတာတစ်ခုအထိ ဖြေလျှော့လိုက်ပြီဖြစ်ပါတယ်။ နိုင်ငံခြားသားခရီးသွားတွေ ပိုမိုတိုးတက်ဝင်ရောက်ဖို့ကိုလည်း ဂျပန်နိုင်ငံက မျှော်လင့်ထားပါတယ်။

**ပြန်လည်သုံးသပ်နေ**

လက်ရှိမှာ ဂျပန်နိုင်ငံကို ဆိုက်ရောက်လာတဲ့ သူတွေကို သီးသန့်ခွဲခြားစောင့်ကြည့်မှု လုပ်သင့်မလုပ်သင့်နဲ့ ပတ်သက်ပြီးတော့လည်း ပြန်လည်သုံးသပ်နေပါတယ်။

ဂျပန်နိုင်ငံဟာ ပြီးခဲ့တဲ့ နိုဝင်ဘာလက ကိုဗစ်-၁၉ တစ်ကျော့ပြန်ကူးစက်ဖြစ်ပွားမှုကို ရင်ဆိုင်ခဲ့ရပါတယ်။ အဲဒီတုန်းက ဂျပန်အစိုးရဟာ နိုင်ငံခြားသား ဝင်ရောက်မှုအပေါ် သူ့ရဲ့ပြည်ဝင်ခွင့်ပိတ်ပင်တားမြစ်မှုကာလကို ဖေဖော်ဝါရီလကုန်အထိ ထပ်တိုးလိုက်ပါတယ်။ ဒါဟာ နိုင်ငံ့အစိတ်အပိုင်း အတော်များများမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု မြင့်တက်လာပြီးတဲ့နောက်မှာ အခုလို ပြည်ဝင်ခွင့်ပိတ်ပင်တားမြစ်မှုကာလကို တိုးလိုက်တာပဲဖြစ်ပါတယ်။

ပြည်ဝင်ခွင့်တားမြစ်မှုကာလကို အိုမီခရွန် ကူးစက်ဖြစ်ပွားနေတဲ့ နိုင်ငံခြားတိုင်းပြည်များမှ ပြန်လည်ဝင်ရောက်လာတဲ့ နိုင်ငံသားများကို တင်းကျပ်တဲ့ ကွာရန်တင်းစည်းမျဉ်းတွေသတ်မှတ်ပြဋ္ဌာန်းထားမှုနဲ့အတူ နိုဝင်ဘာ ၃၀ ရက်က စတင်ခဲ့တာဖြစ်ပါတယ်။

တိုးမြှင့်ကာလကို ကြေညာလိုက်ခြင်းနဲ့အတူ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်တွေနဲ့ နိုင်ငံအကျိုးစီးပွားကို နောက်ထပ်ထည့်သွင်းစဉ်းစားခဲ့ပါတယ်။

**ကန့်သတ်ချက်တွေ ချမှတ်ဆောင်ရွက်ခဲ့**

အစိုးရဟာ အိုကီနာဝါ၊ ယာမာဂူချီနဲ့ ဟီရိုရှီးမား ခရိုင်တွေမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေကို တားဆီးဖို့ တစ်စိတ်တစ်ပိုင်းကန့်သတ်ချက်တွေ ချမှတ်အကောင်အထည်ဖော်ခဲ့ပါတယ်။

တောင်ဘက်အကျဆုံး အိုကီနာဝါဟာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု နောက်ဆုံးဗဟိုချက်နေရာဖြစ်လာခဲ့ပါတယ်။ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုဟာ ၁၇၀၀ ကျော်ရှိလာခဲ့ပါတယ်။ ဒီပမာဏဟာ ဒီနှစ် ပထမဆုံးရက်မှာ ကူးစက်ဖြစ်ပွားတဲ့ ပမာဏထက် သုံးဆလောက်ပိုများခဲ့ပါတယ်။

တိုကျိုအစိုးရဟာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားတဲ့ လက္ခဏာမရှိသော်လည်း ကိုဗစ်-၁၉ စစ်ဆေးချင်တဲ့ ဘယ်သူ့ကိုမဆို ကိုဗစ်-၁၉ စစ်ဆေးမှုတွေ အခမဲ့ လုပ်ဆောင်ဖို့ ကမ်းလှမ်းခဲ့ပါတယ်။ သက်ဆိုင်ရာအာဏာပိုင်တွေက တိုကျိုမြို့ဟာ အိုမီခရွန်ဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားတဲ့ ပထမဆုံးနေရာဖြစ်လာတယ်လို့ ဖော်ပြပြီးတဲ့နောက်မှာ အဲဒီလှုပ်ရှားမှုကို စတင်လုပ်ဆောင်ခဲ့တာပဲဖြစ်ပါတယ်။

**ကိုဗစ်-၁၉ ကန့်သတ်ချက်တွေ ထပ်မံဖြေလျှော့ပေးမယ်**

ကျန်းမာရေးအခြေအနေ၊ အသက်အရွယ် သို့မဟုတ် ဘေးထွက်ဆိုးကျိုးကိုကြောက်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးမထိုးတဲ့သူတွေကိုလည်း အခမဲ့ ကိုဗစ်-၁၉ စစ်ဆေးမှုတွေလုပ်ဆောင်ပေးဖို့ ကမ်းလှမ်းခဲ့ပါတယ်။

ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီးဒါးက လန်ဒန်ခရီးစဉ်အတွင်းမှာ ဂျပန်နိုင်ငံဟာ သူ့ရဲ့ ကိုဗစ်-၁၉ ကာကွယ်တားဆီးရေး ဆောင်ရွက်ချက်တွေကို ပြန်လည်သုံးသပ်နေတယ်လို့ ပြောခဲ့ပါတယ်။ အဲဒီနောက်မှာ ကိုဗစ်-၁၉ အကြံပေးအဖွဲ့နဲ့ တိုင်ပင်ပြီး ကန့်သတ်ချက်တွေ ဖြေလျှော့ဖို့ စီစဉ်သွားမှာဖြစ်ပါတယ်။ ဒါမှသာ ဂျပန်နိုင်ငံကို လွယ်ကူစွာ ဝင်ရောက်သွားလာနိုင်မှာ ဖြစ်ပါတယ်။

ကိုးကား - ဆင်ဟွာ

❊ ကိုဗစ်-၁၉ ကပ်ရောဂါ အကျဘက်ကို ဦးတည်နေတဲ့အချိန်မှာ တခြားအဓိကစီးပွားရေးတွေလည်း စည်းမျဉ်းစည်းကမ်းတွေနဲ့ လုံးလည်ချာလည်လိုက်နေသလို ပါးစပ်၊ နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရမယ်ဆိုတဲ့ ပြဋ္ဌာန်းချက်မျိုးကလည်း စိတ်ရှုပ်စေပါတယ်။ ဂျပန်နိုင်ငံဟာ အခုတော့ ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်မှုကို ဖြေလျှော့ပေးလိုက်တဲ့အတွက် ဇွန်လမှာ တစ်နေ့ကို နိုင်ငံခြားသားဧည့်သည် ၂၀၀၀၀ လောက်ဝင်ရောက်ဖို့ မျှော်လင့်ထားပါတယ်

❊ အရင်က ဂျပန်အစိုးရဟာ နိုင်ငံခြားသားဝင်ရောက်မှုအပေါ် သူ့ရဲ့ပြည်ဝင်ခွင့် ပိတ်ပင်တားမြစ်မှုကာလတွေ သတ်မှတ်လုပ်ဆောင်ခဲ့ဖူးပါတယ်။ အခုတော့ အဲဒီစည်းကမ်းတွေကို အတိုင်းအတာတစ်ခုအထိ ဖြေလျှော့လိုက်ပြီဖြစ်ပါတယ်။ နိုင်ငံခြားသားခရီးသွားတွေ ပိုမိုတိုးတက်ဝင်ရောက်ဖို့ကိုလည်း ဂျပန်နိုင်ငံက မျှော်လင့်ထားပါတယ်

## မေ ၁၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၀ တွေ့ရှိ

### ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀ ဒသမ ၂၃) ရာခိုင်နှုန်းရှိ

**(၁၄-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၃-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၄-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၅၁၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၀) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၃) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၀၇၆,၇၂၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၁၃၆) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၈) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၀၈၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၄-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၃၁၂) ခု | (၁၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၅) ခု | - |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၉၄) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၀) ခု | (၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၉၅၈) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈၈၀) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆,၁၄၅) ခု | (၃) ဦး |
| စုစုပေါင်း | (၈,၅၁၄) ခု | (၂၀) ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် မိဘပြည်သူအားလုံးနှင့် အသက် ၁၂ နှစ် မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော မိဘပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ၁၄-၅-၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၄၁၇၄၅၂၁ | ၈၁၂၀၇၀၈၁ | ၁၀၂၆၅၂၇ |
| ၂။ | အိန္ဒိယ | ၄၃၁၁၉၁၁၂ | ၄၂၅၆၇၈၁၅ | ၅၂၄၂၀၁ |
| ၃။ | ဘရာဇီး | ၃၀၆၆၄၇၃၉ | ၂၇၉၁၁၇၃၈ | ၆၆၄၈၃၀ |
| ၄။ | ပြင်သစ် | ၂၉၁၃၀၃၄၃ | ၂၈၀၉၇၇၂၀ | ၁၄၇၂၅၇ |
| ၅။ | ဂျာမနီ | ၂၅၇၃၃၅၈၀ | ၂၃၉၂၅၄၀၀ | ၁၃၇၈၀၉ |
| ၆။ | ဗြိတိန် | ၂၂၁၅၉၈၀၅ | ၂၁၆၅၇၇၇၀ | ၁၆၇၇၀၈ |
| ၇။ | ရုရှား | ၁၈၂၅၃၃၇ | ၁၇၆၄၀၉၇၉ | ၃၇၇၅၇၁ |
| ၈။ | တောင်ကိုရီးယား | ၁၇၇၅၆၆၂၇ | စိစစ်ဆဲ | ၂၃၆၆၁ |
| ၉။ | အီတလီ | ၁၆၉၉၃၈၁၃ | ၁၅၈၂၀၈၅၉ | ၁၆၅၀၉၁ |
| ၁၀။ | တူရကီ | ၁၅၀၅၁၇၆၁ | ၁၄၉၄၉၅၉၃ | ၉၈၈၈၅ |

### ၁၄-၅-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၀၆၉၃၁၄၁ | ၉၃၄၄၀၂၉ | ၄၃၀၆၃ |
| အင်ဒိုနီးရှား | ၆၀၅၀၅၁၉ | ၅၈၈၉၂၄၁ | ၁၅၆၄၅၃ |
| မလေးရှား | ၄၄၇၃၅၀၀ | ၄၄၀၉၁၅၉ | ၃၅၆၀၇ |
| ထိုင်း | ၄၃၆၇၇၅၂ | ၄၂၆၄၉၉၈ | ၂၉၄၂၄ |
| ဖိလစ်ပိုင် | ၃၆၈၇၇၄၈ | ၃၆၂၄၁၇၁ | ၆၀၄၅၅ |
| စင်ကာပူ | ၁၂၃၆၈၅၀ | ၁၁၅၈၃၈၅ | ၁၃၆၂ |
| မြန်မာ | ၆၁၃၁၃၆ | ၅၉၂၀၈၁ | ၁၉၄၃၄ |
| လာအို | ၂၀၉၃၈၆ | ၂၀၈၃၄၄ | ၇၅၄ |
| ဘရူနိုင်း | ၁၄၄၄၁၁ | ၁၄၂၅၂၇ | ၂၂၀ |
| ကမ္ဘောဒီးယား | ၁၃၆၂၆၂ | ၁၃၃၁၈၉ | ၃၀၅၆ |



အပြင်ထွက်တိုင်း ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို **စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ**



လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကို **ဆပ်ပြာနှင့်ရေအသုံးပြု၍ အနည်းဆုံး စက္ကန့် (၂၀) ကြာဆေးကြောပါ။**

# ခေါင်းလောင်းသံတညံညံနဲ့ . . .

ဒေါက်တာမောင်ကျော်၊ ပါမောက္ခချုပ်(ငြိမ်း)

**"ခေါင်းလောင်းသံတညံညံနဲ့...ရွှာ..ကျောင်းကို..ပြေး..မြင်မိတယ်...သတိရနေတယ်..သူငယ်ချင်းရေ.." အစချီတဲ့ တွံတေးသိန်းတန်ရဲ့ တစ်ခေတ်တစ်ခါက ကျေးလက်ပညာရေးသီချင်းဟာ ကျေးလက်တောရွာများသာမက မြို့ကြီးပြကြီးများထိ ကျယ်ပြန့်တာမို့ ယခုလို မေလနဲ့ ဇွန်လမှာ မြို့နယ်အလိုက်၊ အခြေခံပညာကျောင်းအလိုက် ကျောင်းအပ်နှံရေး ရက်သတ္တပတ်မှာ ကြားယောင်နေဆဲဖြစ်ပါတယ်။**

၁၉၅၂ ခုနှစ်က ပြည်ထောင်စုတစ်ဝန်း လူမှုဘဝမြင့်မားရေး ပြည်တော်သာ ရှစ်နှစ် စီမံကိန်း၊ ပညာရေးစီမံကိန်းတစ်ခုထဲက တစ်နိုင်ငံလုံး စာအရေး၊ အဖတ်၊ အတွက်အချက် တတ်ဖို့ကို အားထုတ်ခဲ့ရာမှာ ကျွန်တော်တို့ ရွှာကျောင်းက ဆရာတော်ဦးဒီပ၊ မူလတန်းပြဆရာ ဦးညီပုနဲ့ သင်္ချာဆရာ ဦးစံအိ၊ ဦးကြည်တင်တို့ကို ပို၍သတိတရဖြစ်ရပါတယ်။ ဆရာတို့ရဲ့ မှန်၊ ကောင်း၊ သင့်ဆိုတဲ့ အနီခြစ်လေးတွေကိုလည်း မှတ်မိနေကြပါတယ်။ ဆရာတို့ရဲ့ ကျေးဇူးတရားကိုလည်း အောက်မေ့ကြရပါတယ်။ အသက်အားဖြင့် ၆၀ ကျော်၊ ၇၀ကျော်တို့ဟာ ယနေ့အချိန်အခါမှာ ကိုယ်ပညာရည်နို့သောက်စို့ခဲ့တဲ့ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းတို့ကို ပြန်လည်သတိရကြသူတွေချည်း ဖြစ်ပါတယ်။ စာသင်ချိန်မစမီ နိုင်ငံတော်သီချင်းပြိုင်တူသီဆို၊ နိုင်ငံတော်အလံကို အလေးပြုခဲ့တာတွေကိုလည်း သတိရလျက်ရှိနေပါတယ်။

လွတ်လပ်ရေးရပြီးတဲ့နောက်ပိုင်း မြန်မာရပ်ရွာတွေမှာ မျက်စိသူငယ် နားသူငယ်နဲ့ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ မျက်နှာမမူနိုင် ဖြစ်ခဲ့ကြရပါတယ်။ အဟန့်အတား၊ အခြောက်အလှန့်တွေကြောင့် မူလတန်းပညာကို သင်ခွင့်မရခဲ့တဲ့ ကျောင်းနေအရွယ်ကလေးသူငယ် အရေအတွက်ဟာ တစ်နိုင်ငံလုံးအတိုင်းအတာအရ ကြီးမားခဲ့ပါတယ်။ ဂဏန်းမသင် လာဘ်မမြင်သူတွေ၊ စာမတတ် စာမဖတ်နိုင်သူတွေ ပေါများခဲ့ရပါတယ်။ အချိန်အခါ အသက်အရွယ်အရ သင်ယူရမယ့်ပညာရေးဟာ တစ်ခါက အပေါသိကံဖြစ်ခဲ့ရတာကို ယနေ့ သင်ခန်းစာယူကြရလိမ့်မယ်။

## ရပ်ရွာရဲ့ ဥပစာ၊ မြို့ပြရဲ့ဥပစာဟာ ကျောင်း

လူ့အဖွဲ့အစည်း ရပ်ရွာရဲ့ ဥပစာ၊ မြို့ပြရဲ့ဥပစာဟာ ကျောင်းပဲ။ ပညာရေးစနစ်၊ ပန်းတိုင်နဲ့မျှော်မှန်းချက်တွေ ရှိနေပြီ။ အစီအစဉ်တွေ သင်ကြားပို့ချမယ့်ဆရာတွေရှိနေပြီ။ မြို့မိမြို့ဖ ရွာမိရွာဖများကလည်း ကိုယ့်ဒေသရဲ့ဥပစာဟာ ကျောင်းဖြစ်လို့ စောင့်ရှောက်ကြရမယ်။ ပညာသင်ယူလိုသူ ကလေးသူငယ်တွေ ကျောင်းပရဝဏ်မှာ ဆရာများရဲ့ သင်ကြားပို့ချမှုရဖို့ ကျောင်းအပ်နှံကြရလိမ့်မယ်။ အစဉ်အလာအရ နိုင်ငံကြီးသားပီသစွာ ကျောင်းအပ်နှံရေးလှုပ်ရှားမှုဟာ မင်္ဂလာဖြစ်ပါတယ်။ နိုင်ငံရဲ့ အမြော်အမြင်၊ နိုင်ငံရဲ့ဆန္ဒနဲ့ နိုင်ငံရဲ့တစ်နံတစ်လျားက ပြည်သူတို့ဟာ သူ့နည်းသူ့ဟန်နဲ့ တစ်နိုင်ငံလုံးဟာ နိုးနိုးကြားကြားနဲ့ ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ပညာတတ်မှ ဝင်ဆံ့နိုင်မယ်။ ရပ်တည်နိုင်မယ်၊ ရှင်သန်ကြီးထွားနိုင်မယ်။ ဒီအတွက် ကျောင်းတွေ ဖွင့်လှစ်ထားတာဖြစ်ပါတယ်။

ပညာစီးပွားခေတ်မှာ ကျောင်းသားလူငယ်တွေ စာမသင်၊ ပညာမသင်လို့ကတော့ ၂၁ ရာစုမှာ ယှဉ်ပြိုင်နိုင်မှာမဟုတ်ဆိုတာ ပြောဖွယ်ရာ မလိုတော့ပြီ။ ပြည်သူရဲ့ဘဏ္ဍာနဲ့ တည်ထောင်ထားတဲ့ ကျောင်းပေါင်းဟာ ငါးသောင်းနီးပါးရှိနေပါတယ်။ မြန်မာနိုင်ငံမှာ အခုခေတ်လို အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ခဲ့တာကတော့ ၁၈၁၃ ခုနှစ်က ဖြစ်ပါတယ်။

ကျွန်တော်တို့ ငယ်စဉ်ကစ ကြီးပြင်းလာတဲ့အထိ ပညာသင်ကြားကြတဲ့အခါ

- သိဖို့ (learning to know)
- ကျွမ်းကျင်ဖို့ (learning to do and be skillful)
- ကိုယ်ကျင့်တရားကောင်းဖို့ (learning to be)
- အတူတကွ နေထိုင်ကြဖို့၊ ခွဲခြားမှုမရှိဖို့ (learning to live peacefully together, with no discrimination) ကိစ္စတွေ ပါဝင်ပါတယ်။ နောက်ဆုံးတစ်ချက်ဖြစ်တဲ့ ပတ်ဝန်းကျင်အသိုင်းအဝိုင်း၊ လူ့အဖွဲ့အစည်းတို့နဲ့ ညီညွတ်မျှတစွာ နေတတ်ဖို့ဟာ အလွန်အရေးကြီးလှပါတယ်။



## မြန်မာ့ပညာရေးမျှော်မှန်းချက်

"မျက်မှောက်ကာလဖြစ်သော ပညာခေတ်၏စိန်ခေါ်မှုကို ရင်ဆိုင်နိုင်သည့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခုဖြစ်ထွန်းစေရန်" ဖြစ်ပါတယ်။ "မြန်မာ့ပညာရေးမျှော်မှန်းချက်" ကျောက်တိုင်ကို အခြေခံကျောင်းတွေမှာစိုက်ပြီး ပညာရေးယန္တရားကို မောင်းနှင်နေပါတယ်။

ပညာရေးပြုပြင်ပြောင်းလဲမှုတွေ မြှင့်တင်မှုတွေအရ ပညာရေးပြက္ခဒိန်မှာ မေနဲ့ဇွန်လအတွင်း ကျောင်းအပ်နှံရေးသီတင်းပတ်၊ ဇူလိုင်လမှာ ကျောင်းနဲ့ ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ဩဂုတ်လမှာ ကျောင်းကျန်းမာရေးသီတင်းပတ်ရယ်လို့ ပညာရေး အစီအစဉ်တွေ ရေးဆွဲကာ ဆရာ၊ ကျောင်းသားအပေါင်းဟာ တက်ကြွစွာလုပ်ဆောင်ကြခြင်းဖြင့် မြို့ရွာရဲ့ကျောင်းဟာ ဥပစာဖြစ်လာပါတော့တယ်။

ဘာကြောင့်လဲ။ ငယ်စဉ်ကတည်းက ကျောင်းနေအရွယ်ကလေးတွေဟာ စာမေးပွဲရယ်၊ အမှတ်ရယ်၊ ဂုဏ်ထူးရယ် ဒီနောက်ကိုပဲသွားနေခဲ့ကြရတယ်။ ယနေ့ခေတ် အချိန်အခါမှာ ကိုယ့်ကျောင်းပရဝဏ်ထဲကို စနစ်တကျရောက်လာတဲ့ကလေး၊ ကိုယ့်ပရဝဏ်ထဲမှာ ကိုယ့်အရိပ်အာဝါသထဲမှာ ရောက်လာတဲ့ကလေးရဲ့ ဘက်စုံဖွံ့ဖြိုးဖို့ ကိစ္စဟာ အမျိုးသားရေးတာဝန်ပဲဖြစ်ပါတယ်။

ပညာရေးပြက္ခဒိန်မှာ ဘာကြောင့် ကျောင်းအပ်နှံရေးသီတင်းပတ်ကို မေနဲ့ဇွန်လအတွင်းသတ်မှတ်ပြီး သိုက်သိုက်ဝန်းဝန်း ဆောင်ရွက်ရလဲဆိုရင် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေစေချင်လို့ပါပဲ။ တစ်နိုင်ငံလုံး စာရေးတတ်၊ ဖတ်တတ်၊ ဂဏန်းသင်္ချာတွက်တတ်ဖို့၊ ရောက်လာတဲ့ကလေး ဘက်စုံဖွံ့ဖြိုးဖို့ ဖြစ်ပါတယ်။

**လူ့ယဉ်ကျေးမှုတစ်ခုလုံးကို ထိန်းသိမ်းနိုင်ဖို့ စွမ်းဆောင်တဲ့နေရာဟာ ရပ်ရွာဒေသက ကျောင်းပဲ။ ကျောင်းဟာ အလွန်အရေးကြီးတဲ့ယန္တရား၊ ကိရိယာတန်ဆာပလာ ဖြစ်ပါတယ်။ ကျောင်းဟာ ကျွမ်းကျင်မှုကို မြှင့်တင်ပေးနိုင်တယ်။ အသိဉာဏ်ကို မြှင့်တင်ပေးတယ်။ ဗြဟ္မစိုရ်တရားထွန်းကားအောင် လုပ်ပေးတယ်။ စိတ်ဓာတ်ရေးရာ ပြုပြင်ပေးတယ်။ လူ့ဘဝနဲ့ လူသားအချင်းချင်း ချစ်မြတ်နိုးအောင် လုပ်ပေးနိုင်တာဟာလည်း ကျောင်းပဲ။ စာသင်ကျောင်းများက အစပြုလိုက်တဲ့ လောကနီတိ ကျင့်ဝတ်များကသာ တစ်ဦးနှင့်တစ်ဦး တန်ဖိုးထားလေးစားမှု၊ နားလည်ပေးမှု၊ ရိုးသားဖြူစင်မှု၊ အမျိုးချစ်စိတ် နိုင်ငံချစ်စိတ်ရှိတဲ့ နိုင်ငံသားကောင်းများကို မွေးထုတ်ပေးရာရောက်ပါတယ်**

၂၀၀၀ ပြည့်နှစ်ဝန်းကျင်က ၉၃ ရာခိုင်နှုန်းကျော် ကလေးသူငယ်များဟာ ကျောင်းကိုရောက်ရှိခဲ့ပါတယ်။ ကမ္ဘာမှာ ၉၀ ရာခိုင်နှုန်းကျော်တဲ့တိုင်းပြည် ရှားပါတယ်။ ၂၀၀၃ – ၂၀၀၄ ပညာသင်နှစ်မှာ ရန်ကုန်တိုင်းဟာ ၉၉ ရာခိုင်နှုန်း ကျောင်းနေတဲ့တိုင်း ဖြစ်လာခဲ့ပါတယ်။ မန္တလေးတိုင်းဟာလည်း ထိုနည်းလည်းကောင်း ကျောင်းနေအရွယ်ကလေး ကျောင်းနေလာတာ ၉၉ ရာခိုင်နှုန်းအထိ ရောက်ခဲ့ပါတယ်။ အာရှတိုက်မှာ ၉၉ ရာခိုင်နှုန်း ကျောင်းနေတဲ့မြို့တော်တွေဟာ ဆိုးလ်နဲ့တိုကျိုမြို့ဖြစ်ပါတယ်။ မြန်မာနိုင်ငံ ရန်ကုန်နဲ့မန္တလေးမြို့တော်တွေမှာ ၉၉ ရာခိုင်နှုန်း ကျောင်းနေလာခြင်းဟာ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာရှိတဲ့ ပြည်သူများ၊ စေတနာရှင်များက ကလေးတွေရဲ့ အနာဂတ်အရေးမြော်တွေးပြီး ဝိုင်းဝန်းကူညီစောင့်ရှောက်ခဲ့လို့ပဲ ဖြစ်ပါတယ်။

## ဘက်စုံ ဖွံ့ဖြိုးရေးပညာ

ယခုလည်းပဲ အခြေခံကျလှတဲ့ ဒီကျောင်းအပ်နှံရေး လုပ်ငန်းစဉ်ကြီးအပေါ်မှာ အိမ်တိုင်းစေ့ လွှမ်းခြုံပါဝင်လာတဲ့အထိ ကျောင်းနေရေးကော်မတီ၊ ဌာနဆိုင်ရာများ၊ ပညာရေး၊ စီးပွားရေးစေတနာရှင်များ၊ လူမှုရေးအသင်းအဖွဲ့များနဲ့ မိဘပြည်သူအပေါင်းဟာ လုံးဝသက်ဝင်ယုံကြည်ပြီး ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ အုပ်ထိန်းသူက ဖြစ်စေ၊ မိဘကဖြစ်စေ သူ့ကလေးပညာရေးအတွက် ကလေးကို ကျောင်းလာအပ်တယ်ဆိုရင်ပဲ ရပ်ရွာရဲ့ကျောင်းဟာ ဥပစာဖြစ်လာပါတယ်။

ကလေးဟာ ကလေးလို ပျော်ပျော်ပါးပါးနဲ့ စာသင်ခန်းထဲမှာ စာသင်နိုင်ဖို့ ပညာပြီးဆုံးအောင်သင်ယူနိုင်ဖို့ပဲ ဖြစ်ပါတယ်။ ဉာဏ်နဲ့ယှဉ်ပြီး အဟန့်အတားစိန်ခေါ်မှုကို ရင်ဆိုင်နိုင်ကျော်လွှားနိုင်ဖို့ စွန့်စားကြရလိမ့်မယ်။ မစွန့်စားရင် မစားရဘူးလို့ ဆိုသလိုပါပဲ။ မြန်မာ့တံခါးကိုဖွင့်၊ ကမ္ဘာကိုကြည့်ကာ ဒီနေ့လှုပ်ရှားရမယ့်ကိစ္စဟာ နိုင်ငံသားတိုင်း၊ အရွယ်ရောက်သူ ကလေးတိုင်းဟာ ခေါင်းလောင်းသံတညံညံနဲ့ ကျောင်းတက်ဖို့ပဲဖြစ်ပါတယ်။

တကယ်တော့ ဒီလှုပ်ရှားမှုကြီးဟာ အလံကိုင်ချီတက်ရမယ့်ကိစ္စကြီးပဲဖြစ်ပါတယ်။ ဒီကြိုးစားမှုကြောင့် ဖြစ်ထွန်းလာမယ့် ကျောင်းနေအရွယ်ကလေးများ ရာနှုန်းပြည့်နီးပါး ကျောင်းနေကာ စာဖတ်တတ်၊ ရေးတတ်၊ တွက်တတ်တဲ့ပညာဟာ ဗလငါးတန်ထိ ရှေးရှုနိုင်တာမို့ တန်ဖိုးကြီးလှပါတယ်။ တိုင်းပြည်ရဲ့အနာဂတ်ဟာ လင်းလာပါလိမ့်မယ်။ ဘာကြောင့်လဲ။ ပညာရေးမှာ အခြေခံအကျဆုံးဖြစ်တဲ့ ကျောင်းနေရမယ့် ကလေးတွေ ကျောင်းနေကြလို့ပဲဖြစ်ပါတယ်။

လူ့ယဉ်ကျေးမှုတစ်ခုလုံးကို ထိန်းသိမ်းနိုင်ဖို့ စွမ်းဆောင်တဲ့နေရာဟာ ရပ်ရွာဒေသက ကျောင်းပဲ။ ကျောင်းဟာအလွန်အရေးကြီးတဲ့ယန္တရား၊ ကိရိယာတန်ဆာပလာဖြစ်ပါတယ်။ ကျောင်းဟာ ကျွမ်းကျင်မှုကို မြှင့်တင်ပေးနိုင်တယ်။ အသိဉာဏ်ကို မြှင့်တင်ပေးတယ်။ ဗြဟ္မစိုရ်တရားထွန်းကားအောင် လုပ်ပေးတယ်။ စိတ်ဓာတ်ရေးရာ ပြုပြင်ပေးတယ်။ လူ့ဘဝနဲ့လူသားအချင်းချင်း ချစ်မြတ်နိုးအောင် လုပ်ပေးနိုင်တာဟာလည်း ကျောင်းပဲ။ **စာသင်ကျောင်းများက အစပြုလိုက်တဲ့ လောကနီတိကျင့်ဝတ်များကသာ တစ်ဦးနှင့်တစ်ဦး တန်ဖိုးထား လေးစားမှု၊ နားလည်ပေးမှု၊ ရိုးသားဖြူစင်မှု၊ အမျိုးချစ်စိတ်**

*စာမျက်နှာ ၁၇ သို့*

## ပညာရေးဝန်ကြီးဌာန

### "၂၀၂၂ -၂၀၂၃ ပညာသင်နှစ်"

### ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ

- ❖ မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/လက်ခံခြင်းမပြုရ။
- ❖ ငွေကြေး/လက်ဆောင်ပစ္စည်း တစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။
- ❖ အတန်းတံဆိပ်၊ ကျောင်းတံဆိပ်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။
- ❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး၊ မိဘများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပေးပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးရန်။
- ❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက် ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။
- ❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်း ဆောင်ရွက်ရန်။
- ❖ ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို ညွှန်ကြားချက်များအတိုင်း စနစ်တကျ တပ်ဆင်ရန်၊ လိုအပ်ပါက မျက်နှာအကာ (Face Shield) တပ်ဆင်ရန်။
- ❖ လက်ကို ရေနှင့် ဆပ်ပြာအသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် စနစ်တကျ မကြာခဏဆေးကြောရန်။
- ❖ လက်ဖြင့် နှာခေါင်း၊ ပါးစပ်၊ မျက်လုံးများမကိုင်ရန်။
- ❖ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာ ကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။
- ❖ အသက်(၁၂)နှစ်ပြည့်ပြီး ကျောင်းသား၊ ကျောင်းသူများ ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေး ရာနှုန်းပြည့် ထိုးနှံပြီးစီးနိုင်ရေး သက်ဆိုင်ရာ ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန်။

*စာမျက်နှာ ၁၆ မှ*

**နိုင်ငံချစ်စိတ်ရှိတဲ့ နိုင်ငံသားကောင်းများကို မွေးထုတ်ပေးရာ ရောက်ပါတယ်။**

လေးစားခြင်း (Respect) ဆိုရာမှာ မိမိ၊ အခြားသူများ၊ သဘာဝပတ်ဝန်းကျင်နဲ့ လူ့အသိုင်းအဝိုင်းတို့ကို ဆိုလိုပါတယ်။

၁။ မိမိကိုယ်ကိုလေးစားခြင်းဆိုတာ -
- မကြာခဏကိုယ်စိတ်လေ့ကျင့်ခန်းလုပ်ရမယ်။
- ဒေါသကိုထိန်းနိုင်ရမယ်။
- အန္တရာယ်ဖြစ်စေနိုင်ခြေရှိသည်တို့ကို လျှော့ချနိုင်ရမယ်။
- အမှားမှသင်ခန်းစာယူသင်ယူရမယ်။
- အပေါင်းလက္ခဏာ အကောင်းမြင်ဝါဒရှိရမယ်။
- စည်းကမ်းဥပဒေကို လေးစားလိုက်နာရပါမယ်။
- ရိုးသားရပါမယ်။

၂။ အခြားသူကိုလေးစားရမယ်ဆိုတာ -
- ကိုယ်နှုတ် ယဉ်ကျေးသိမ်မွေ့ရမယ်။
- အကူအညီပေးနိုင်သမျှ ပေးရမယ်။
- အများအကျိုးသယ်ပိုးကြရမယ်။
- မျှဝေတတ်ရမယ်။
- လိုအပ်သူတို့ကို ကူညီထောက်ပံ့ရတယ်။
- ချီးမွမ်းထောမနာပြုရမယ်။ သည်းခံနိုင်စွမ်းရှိရမယ်။

၃။ သဘာဝပတ်ဝန်းကျင်ကို လေးစားခြင်းဆိုတာ-
- မိမိရဲ့ အိမ်ရာအဝန်းအဝိုင်းမှာ သန့်ရှင်းမှုရှိစေရမယ်။
- တစ်ကျော့ပြန်သုံး၊ ပြန်သုံး လျှော့သုံး ပြုလုပ်နိုင်ရမယ်။
- လျှပ်စစ်နဲ့ ရေကိုချွေတာသုံးစွဲရမယ်။
- ရုက္ခသတ္တ လောကကိုစောင့်ရှောက်ရတယ်၊ ညှဉ်းဆဲမှု မပြုရ။

၄။ လူ့အသိုင်းအဝိုင်းကိုလေးစားရမယ်ဆိုတာ -
- ကိုယ်နှုတ်အမူအရာကောင်းရပါမယ်။
- တာဝန်ရှိသူတို့ကို လေးစားရပါမယ်။
- အသင်းအဖွဲ့ပုံစံလုပ်ရမယ်။
- ကြင်နာမှုပြု၊ ကြင်နာမှု ပြုရမယ်။
- အသုံးတည့်၊ အကျိုးပြုသူဖြစ်ရပါမယ်။
- ကာကွယ်စောင့်ရှောက်သူဖြစ်ရပါမယ်။

ဒီအစီအစဉ်တွေ လုပ်ပေးနိုင်တာဟာလည်း ကျောင်းပဲ။ ပညာရေးဟာ အခြေခံမူလတန်းပဲဖြစ်ဖြစ်၊ တက္ကသိုလ်ပညာပဲဖြစ်ဖြစ် နိုင်ငံနဲ့ လူမျိုးရဲ့ အသက်ဝိညာဉ်ဖြစ်တယ်ဆိုတာ မည်သူမဆိုသိဖို့ပဲ လိုပါတယ်။ ကျောင်းတက်ဖို့တွေဝေနေခြင်း၊ အခြားတစ်ပါးသူတို့ရဲ့ နှာခေါင်းနဲ့ အသက်ရှုရမယ့်ဘဝမှ လွတ်ကင်းဖို့ဆိုရင် မိဘများရဲ့ သွန်သင်ဆုံးမမှု၊ ဆရာကောင်းသမားကောင်းတို့ရဲ့ အကြံဉာဏ် လမ်းညွှန်မှုကို ကိုယ်တိုင်ယူကြရင် လမ်းမှန်စရာအကြောင်းသာ ရှိပါတယ်။

ကျောင်းတွေက မဖွံ့ဖြိုးသေးတဲ့ဒေသ ဖွံ့ဖြိုးအောင်လုပ်ပေးနိုင်ပါတယ်။ ဖွံ့ဖြိုးဖို့လိုတယ်ဆိုရာမှာ စည်းကမ်းကောင်းမွန်ရေး၊ တရားဥပဒေလိုက်နာရေး၊ သိပ္ပံနည်းကျတွေးခေါ်နိုင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ရေမီးပေါ်ကြွယ်ဝရေးအထိ အကျုံးဝင်ပါတယ်။ တီထွင်ဖန်တီးမှု မလုပ်နိုင်တဲ့တိုင် ဆိုးသွမ်းလူငယ်များမဖြစ်ဘဲ စိတ်ထားကောင်းတဲ့လူ၊ စည်းကမ်းကောင်းမွန်တဲ့ လူငယ်များအဖြစ် ပေါက်ဖွားလာပြီဆိုရင်ကိုပဲ ဝမ်းသာကျေနပ်စရာကောင်းတဲ့ ရလဒ်တစ်ခု ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ဘယ်ဒေသမှာရှိနေတဲ့ကျောင်းက ဆရာဟာ မိမိရောက်နေတဲ့ဒေသရဲ့ သင်ကြားသင်ယူမှုဝန်းကျင်ကို ကောင်းမွန်အောင်၊ လူများစုသင်ယူလေ့လာနိုင်တဲ့ ပတ်ဝန်းကျင်ကောင်းဖြစ်တဲ့အထိ မျှော်မှန်းပြီးဆောင်ရွက်ဖို့ အတွေးအခေါ်အယူအဆတွေ ပြောင်းလဲကောင်းပြောင်းလဲပါမယ်။ နည်းစနစ်တွေပြောင်းလဲကောင်း ပြောင်းလဲမယ်။ ကျွမ်းကျင်မှု အတတ်အညာတွေ မြှင့်တင်ရတာ ရှိကောင်းရှိမယ်။ ဘယ်လိုပဲဖြစ်စေ အဲဒီလုပ်ငန်းစဉ်တွေရဲ့ ဗဟိုချက်မဟာ ဆရာပါပဲ။ ဒီတော့ ဆရာဟာ အလွန်အားထုတ်ပေးရမယ့်နေရာမှာ ရောက်ရှိနေပါတယ်။

ယနေ့ခေတ်အချိန်အခါမှာ ဆရာရဲ့ပညာအရည်အသွေး သဘောထားအမြော်အမြင်မြင့်မားမှုဟာ လိုအပ်ချက်တစ်ခုဖြစ်ပါတယ်။ ကုန်ပစ္စည်းသဘောနဲ့ကြည့်ရင် ကျောင်းကထုတ်တဲ့ ထွက်ကုန်တွေဟာ လူငယ်လူရွယ် အဖိုးတန်ထွက်ကုန်တွေပဲ ဖြစ်စေရပါမယ်။ ထူးချွန်ပြောင်မြောက်တဲ့၊ တီထွင်ကြံဆနိုင်တဲ့လူ မဖြစ်လင့်ကစား၊ စိတ်ထားမြင့်မြတ်တဲ့ မေတ္တာတရားရှိတဲ့လူတော့ အနည်းဆုံးဖြစ်သွားစေရမယ်။ ဆိုးသွမ်းလူငယ်များမဖြစ်ဘဲ စည်းကမ်းရှိတဲ့လူတော့ အနည်းဆုံးဖြစ်သွားစေရပါမယ်။ ပို့ချသူဆရာ ဆရာမများဟာလည်း မည်သည့်အဆင့်မှာပင်ရှိစေ ပညာရေးကို မိမိကျောင်းဝင်းထဲက ကိစ္စလောက်ဟု သဘောမထားတော့ဘဲ လူ့အဖွဲ့အစည်းရဲ့ အရေးကိစ္စဖြစ်တဲ့အတွက် ဆရာ ဆရာမအပေါင်းနဲ့ ဒေသတွင်းက ကျောင်းသားအပေါင်းဟာ အမျိုးသားရေးတာဝန်ကို ထမ်းဆောင်နေသူများ ဖြစ်တယ်လို့ပြောရမှာ ဖြစ်ပါတယ်။

### စဉ်းစားစရာတွေ

ယနေ့ခေတ်အချိန်အခါမှာ အလယ်တန်းပြီးမြောက်သူဟာ ၁၈ သန်းဆိုတော့ တိုင်းပြည်ရဲ့ သုံးပုံနှစ်ပုံဟာ အလယ်တန်းပညာကိုပင် လက်လှမ်းမမီလေရော့သလား၊ လက်လှမ်းမီပါလျက် လမ်းလွဲသွားနေသလော စဉ်းစားစရာဖြစ်နေပါတယ်။ ဘယ်လိုပဲဆိုစေ ဒီကိန်းဂဏန်းများဟာ စိတ်ချောက်ချားဖွယ်ဖြစ်နေပါတယ်။ ပညာရေး ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှာ "သမင်မွေးရင်း ကျားစားရင်း" မဖြစ်ဖို့ အမြော်အမြင် ရှိကြရလိမ့်မယ်။

ကျောင်းအပ်နှံရေး၊ ကျောင်းနေမြဲရေး၊ အလယ်တန်းပညာ ပြီးဆုံးရေးဟာ နိုင်ငံရဲ့အုတ်မြစ်၊ လူထုရဲ့ကိစ္စ၊ ပညာရေးရဲ့ကိစ္စဖြစ်တယ်လို့ ပြောရခြင်းဖြစ်တယ်။ လူထုကိစ္စဖြစ်တယ်။ ကျောင်းနေဖို့ အခွင့်အလမ်း မရစရာမရှိ သားကောင်း၊ သမီးကောင်း ရတနာများဖြစ်ကာ နှစ် ၃၀ စီမံကိန်းမှာ တစ်ဆင့်ပြီးတစ်ဆင့် မသင်မနေရ အလယ်တန်းနဲ့ မသင်မနေရ အထက်တန်းအထိ မျှော်မှန်းချက်ဟာ ယနေ့အထိရှိနေပါတယ်။ အခြေခံအကျဆုံး ကလေးတစ်ယောက်ရဲ့ အခွင့်အရေးဟာ ကျောင်းနေရမယ့် အရွယ်ရောက်လာရင် ကျောင်းတက်နိုင်ဖို့ပဲ။ ဒါဟာ အခြေခံအကျဆုံး ကလေးတစ်ယောက်ရဲ့ အခွင့်အရေးပါပဲ။ ကျောင်းမတက်ရအောင် ဟန့်တားပိတ်ပင်မှုတွေရှိရင် ကလေးတစ်ယောက်ရဲ့ အခွင့်အရေးဖောက်ဖျက်သူ ဖြစ်သွားပါမယ်။ ကလေးတစ်ယောက်ရဲ့ မူလအခွင့်အရေး ဆုံးရှုံးသွားတာပဲဖြစ်ပါတယ်။ မသင်မနေရ အထက်တန်းပြီးဆုံးသည်အထိ ကျောင်းနေရေးလုပ်ငန်းကြီးကို ပြည်သူတစ်ရပ်လုံးဟာ မမေ့မလျော့အားထုတ်ခြင်းဖြင့် အခြေခံပညာ အလယ်တန်းပြီးမြောက်သူဟာ ၁၈ သန်းထက်ကျော်လာမှာ ဖြစ်ပါတယ်။

၂၁ ရာစုထဲ ဝင်လာသည့်တိုင် မြန်မာနိုင်ငံရဲ့ တက္ကသိုလ်ဝင်တန်းအောင်မြင်သူဟာ ပျမ်းမျှ ၃၀ ရာခိုင်နှုန်းသာရှိကြောင်းလည်း တွေ့ရှိရပါတယ်။ ကျန် ၇၀ ရာခိုင်နှုန်းဟာ အဆင့်မြင့်ပညာကို လက်လှမ်းမမီသလော၊ လမ်းလွဲနေသလောဆိုတဲ့ အဓိပ္ပာယ်ပေါ်နေပါတယ်။ မြင့်မားတဲ့ နည်းပညာရဖို့ ၃၀ ရာခိုင်နှုန်းအပေါ်မှာ အားထားနေရတဲ့သဘော ဖြစ်နေပါတယ်။

၁၉၉၅ – ၉၆ ခုနှစ်လောက်က ထိုင်းဘုရင်မင်းမြတ်ဟာ ထိုင်းတောင်သူလယ်သမားတွေရဲ့ ပညာရေးအဆင့်အတန်းကို ဖော်ထုတ်စေတဲ့အခါ ပျမ်းမျှမူလတန်းအဆင့်သာရှိကြောင်းသိတော့ စိုက်ပျိုးရေးစွမ်းအားစု တောင်သူလယ်သမားတွေရဲ့ ပညာရေးကို မြှင့်တင်ပေးခဲ့ပါတယ်။

သယံဇာတမရှိတဲ့ စင်ကာပူနိုင်ငံနဲ့ တရုတ်(တိုင်ပေ)ဒေသတို့ဟာ လွန်ခဲ့တဲ့ နှစ် ၇၀ – ၈၀ က ဆင်းရဲခဲ့ပါတယ်။ ၁၉၇၄ ခုနှစ်မှာ တရုတ်(တိုင်ပေ)ဒေသဟာ တက္ကသိုလ်ဝင်ခွင့်ကို ပြင်းပြင်းထန်ထန် တင်းကျပ်ခဲ့ပါတယ်။ စာတတ်မြောက်ရေးထက် တစ်ဆင့်တက်ပြီး သိပ္ပံပညာတတ်မြောက်ရေးကို အလေးထားဆောင်ရွက်ခဲ့ပါတယ်။ စက်ရုံတွေ ကြီးထွားလာခဲ့ပါတယ်။

ဥရောပ၊ အမေရိကန်၊ ဂျပန်လူမျိုးတို့ဟာ ကျောင်းတက် ပညာသင်တာ စဉ်းစားဆင်ခြင်နိုင်ဖို့၊ အမြော်အမြင်ရှိဖို့၊ ကျွမ်းကျင်မှု အဖုံဖုံရှိဖို့၊ ဥရောပတစ်ခွင်မှာ လက်တွေ့ပါတဲ့ အခြေခံသိပ္ပံ (Basic Science) ကို အခြေချနိုင်ခဲ့ကြောင်း၊ ၁၈၄၀ ပြည့်နှစ်ရောက်တော့ စက်မှုထွန်းကားဖို့ ကိစ္စမှာ အခြေခံသိပ္ပံပညာတွေဟာ အကြောင်းတရားပဲ ဖြစ်ခဲ့ပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာ လူဦးရေ သန်း ထောင်ကျော်ရှိပါတယ်။ အဆင့်မြင့် နည်းပညာကျွမ်းကျင်သူ သန်း ၂၀ ကျော်မွေးထုတ်ခဲ့ပါတယ်။ ဒီအင်အားစုနဲ့ လူမှုရေး၊ ပညာရေး၊ စီးပွားဖွံ့ဖြိုးရေး တိုးတက်ရာတိုးတက်ကြောင်း မောင်းနှင်နိုင်တာကို တွေ့ရပါတယ်။ ဒီအင်အားစု သန်း ၂၀ ကျော်ဟာ အရှေ့တောင်အာရှကို လွှမ်းလာတာ တွေ့ရပါတယ်။ အမေရိကန်လူဦးရေရဲ့ ခြောက်ပုံ တစ်ပုံသာရှိတဲ့ တောင်ကိုရီးယားနိုင်ငံဟာ အမေရိကန်အင်ဂျင်နီယာများ မွေးထုတ်ပေးသလောက် အရည်အချင်းပြည့် အင်ဂျင်နီယာများ မွေးထုတ်ပြီး ကမ္ဘာ့အလယ်မှာ ထည်ထည်ဝါဝါ ရပ်တည်နေတာ တွေ့မြင်ရပါတယ်။

တရုတ်က လေးဆ၊ အိန္ဒိယက ငါးဆ မွေးထုတ်နေတာ တွေ့မြင်ရပါတယ်။ ဂျပန်နိုင်ငံကတော့ ပြောဖွယ်ရာမလိုတော့ပြီ။ မြန်မာနိုင်ငံ လူဦးရေထက်များတဲ့ ၆၇ သန်းသော အဆင့်မြင့်နည်းပညာ ကျွမ်းကျင်သူအပေါင်းနဲ့ ကမ္ဘာရဲ့နယ်ပယ်အသီးသီးမှာ ထဲထဲဝင်ဝင် ပါဝင်နိုင်တာကိုတွေ့ရတော့ ကိုယ့်နိုင်ငံအတွက် အားမရသလို ခံစားရပါတယ်။ ဒီကိစ္စတွေဟာလည်း "တစ်နေ့တစ်လံ ပုဂံဘယ်မရွေ့" ဆိုသလို နေ့စဉ်လစဉ် နှစ်စဉ် အားထုတ်ရမှာဖြစ်ပါတယ်။ မြန်မာတွေ အဆင့်မြင့်နည်းပညာတတ်ကျွမ်းဖို့၊ လူ့စွမ်းအားအရင်းအမြစ် တိုးတက်ဖို့ အားထုတ်ကြရလိမ့်မယ်။ ယှဉ်ပြိုင်မှုကြီးမားတဲ့ ၂၁ ရာစုခေတ်မှာ ကျွမ်းကျင်လူ့စွမ်းအားအရင်းအမြစ်ရှားပါးခြင်း၊ စီမံခန့်ခွဲကြီးကြပ်မှုစွမ်းရည်မှာ အကန့်အသတ်ရှိနေခြင်း၊ ရုံးအဖွဲ့အစည်းများမှာပင် စီမံခန့်ခွဲနိုင်စွမ်းအားနည်းနေခြင်းကို တွေ့နေရပါတယ်။

ကောင်းပါပြီ။ ဒီဆောင်းပါးကို ဒီလို နိဂုံးချုပ်ချင်ပါတယ်။

- ပညာစီးပွားခေတ်မှာ ကျောင်းသားလူငယ်တွေ စာမသင်၊ ပညာမသင်လို့ကတော့ ယှဉ်ပြိုင်နိုင်မှာမဟုတ်ဆိုတာ ပြောဖွယ်ရာ မလိုတော့ပြီ။
- ပညာရေးဟာ သူငယ်တန်း မူလတန်းကအစ တက္ကသိုလ်အဆင့်ထိ လူ့အဖွဲ့အစည်းရဲ့ အရေးကိစ္စဖြစ်တဲ့အတွက် ပညာရေးကို အားပေးအားမြှောက်ပြုရပါမယ်။

မေလကုန် ဇွန်လဆန်းထဲမှာ တစ်နိုင်ငံလုံးအခြေခံကျောင်းပေါင်း လေးသောင်းကျော်မှာ ကျောင်းအပ်နှံရေး ရက်သတ္တပတ်လှုပ်ရှားမှုကြီးဟာ အလံကိုင်ချီတက်လုပ်ရမယ့်ကိစ္စဖြစ်ပါတယ်။ သောင်းသောင်းဖြဖြ ကျောင်းအပ်နှံရေး ရက်သတ္တပတ်ဟာ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း မေတ္တာဖြင့် ရေးသားအပ်ပါတယ်။ ။

# သီပေါ၌ စူဠဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ၊ အောင်လက်မှတ်နှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်



**သီပေါ မေ ၁၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် အစိုးရဓမ္မာစရိယ ပါဠိပထမပြန်စာမေးပွဲနှင့် နိကာယ်စာမေးပွဲတွင် ဖြေဆိုအောင်မြင်ခဲ့သည့် စာအောင်အရှင်သူမြတ်များအား စူဠဘွဲ့နှင်းသဘင်အခမ်းအနားကို မေ ၁၃ ရက်နံနက်ပိုင်းက မြို့လယ် မဟာသာသနာ့ဗိမာန်တော် ဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ မိလိန္ဒ အရှင်သူမြတ်ထံမှ သြဝါဒကထာနှင့် ငါးပါးသီလ ခံယူဆောက်တည်ကြပြီး မြို့နယ် ဥပဒ္ဓမ္မက ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် စာအောင်သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးဝင်း၊ မြို့နယ်သာသနာရေးမှူး ဦးတင်ကိုကိုဝင်း၊ မြို့နယ်ဥပဒ္ဓမ္မက ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များက အောင်လက်မှတ်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်လက်လှူဒါန်းသည်။

သီပေါမြို့နယ်တွင် သာသနာ့ဓဇဓမ္မာစရိယ ဘွဲ့ရ တစ်ပါး၊ ခုဒ္ဒကာယဝိဒူဘွဲ့ရ တစ်ပါး၊ ဒီဃနိကာယဝိဒူဘွဲ့ရ တစ်ပါး၊ ဝိနယဝိဒူဘွဲ့ရ နှစ်ပါး၊ အခြေပြုမူလတန်းအောင်အပါး ၄၀ တို့ဖြစ်ပြီး ရဟန်း၊ သာမဏေအပါး ၃၀ နှင့် သာသနာ့နွယ်ဝင်သီလရှင် ၁၈ ပါးတို့ ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ပညာရေးဝန်ကြီးဌာန
## “၂၀၂၂ -၂၀၂၃ ပညာသင်နှစ်”
## မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်

- ❖ မြို့နယ်အလိုက် သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်။
- ❖ ငွေကြေး သို့မဟုတ် လက်ဆောင်ပစ္စည်းများကို ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအား ပေးအပ်ခြင်းမပြုပါရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ် လုပ်ဆောင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
- ❖ ကျောင်းထွက်သူ လုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးပါရန်။
- ❖ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာမသုံးစွဲရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို ညွှန်ကြားချက်များအတိုင်း စနစ်တကျ တပ်ဆင်တတ်ရန်၊ လက်ကို ရေနှင့်ဆပ်ပြာအသုံးပြု၍ စက္ကန့် (၂၀)ကြာအောင် စနစ်တကျ မကြာခဏ ဆေးကြောတတ်ရန် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာ ကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ပေးရန်နှင့် ဆေးကုသမှုခံယူနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများအား လိုက်နာဆောင်ရွက်ရန်နှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား သတ်မှတ်ကြိမ်ရေပြည့်မီအောင် ထိုးနှံကြပါရန်အတွက် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ မိဘများအနေဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန်။
- ❖ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အသိပေးတိုင်ကြားလိုပါက ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၃၊ နေပြည်တော်သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။

## “အဂတိပယ်ခွာ ပြည်သာယာ”
**Remove Corruption, Promote Prosperity**

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေး အဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကဒ်ပြား မိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓါတ်ပုံ၊ အသံဖိုင်၊ ဗွီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ် တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဓေယျဥ္ဇာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ် (၁၄၄)၊
ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊ ၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm ၊
Website Address – http://www.accm.gov.mm

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**
**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကို ဖြေကြားပေး”**
**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၆-၅-၂၀၂၂ တနင်္လာနေ့

**MRTV HD**

**၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ ေမာရ္ဘဲသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ဒီမိုကရေစီဆိုသည်မှာ
**၀၉:၁၀** တရုတ်ကာတွန်း 'ဗိုက်ပူးစွန့်စားခန်း' (အပိုင်း-၉)
**၀၉:၅၀** SEA Games Vietnam (Highlights)
**၁၀:၀၀** သတင်းသမားပြောတဲ့သတင်းစကား
**၁၀:၄၀** 'ဝေလီရာဝေ' တေးဂီတဖျော်ဖြေပွဲ
**၁၁:၄၅** အသိပညာနှင့်အမှန်တရား 'အသက်ရှင်ရခြင်း၏အဓိပ္ပါယ်'
**၁၃:၀၀** MRTV National News
**၁၃:၃၀** မြန်မာဂန္ထဝင်ရုပ်ရှင် 'ပြုံးအလှပိုင်ရှင်' (ရန်အောင်၊ မင်းဝေ၊ ဇင်မာဦး)
**၁၇:၁၅** ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
**၁၇:၄၅** ပေါ်ပါးပျော်ရွှင်ဖို့ရည် အားလပ်ရက်ကိုဖွဲ့သီ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** SEA Games Vietnam (Highlights)
**၁၈:၄၀** သုတဝေဖြာသီရိဂေဟာ
**၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့လျှို့ဝှက်ချက်' (အပိုင်း-၈၉)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၁:၀၀** ဘဝနှင့်အနုပညာ
**၂၁:၂၀** မြန်မာဗီဒီယိုဇာတ်လမ်း 'လိမ်ပြောတတ်လားဟင့်အင်း'

**mitv**

**07:02** Evergreen Classic: An Da Yel Kin (Htar)
**07:10** Lucrative Myanma Rattan Industry
**07:28** Great Shwedagon - The Ten Traditional Arts & Crafts
**07:51** Mote Sein Paung from Intaing Village
**08:01** Clam Farming
**08:17** Today Myanmar: Famous Ywangan Coffee and the Coffee Growers
**08:27** Thin Byu Mat
**08:35** Faith & Worship (Part-2)
**09:01** News
**09:26** Global Partnership for Brighter Future: Algeria Pavilion at Expo 2020 Dubai
**09:32** Healthy Diet: Detox Water
**09:41** Tour around Kyaukse

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ရောဝတီရဲ့အရိုင်းဆန်တဲ့အလှ ဝေါ်ရန်ဂို (အပိုင်း-၂)
**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
သခွားစိုက်ပျိုးနည်း
**ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ဆီးချိုရောဂါအတွက် စားပေးသင့်သောသစ်သီးများ
**ချင်း (ဇိုမီး) (၀၉:၀၀ မှ ၁၀:၀၀)**
တောင်ယာတဲဆောက်ခြင်းနှင့်ပေါင်းမြက်ရှင်းခြင်း
**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
ဆေးဖက်ဝင်ပေဒါပင်
**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
ပွိုင့်ကမ်းခြေသို့အလည်သွားကြမယ်
**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
ရှမ်းတောင်ရဲ့မိုးခေါ်ပွဲနှင့်မီးရှူးလွှတ်ရိုးရာ
**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
ချစ်ရမွက်မီး (အပိုင်း-၂) (ဇာတ်လမ်း)
**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
ပိုင်းမော်အထင်ကရနေရာသို့သွားလည်ကြမယ်
**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
စားချင်စဖွယ်တို့ရိုးရာဟင်း
**ဝကေကရင် (၂၂:၀၀ မှ ၂၃:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ (အပိုင်း-၆)

**MRTV NEWS**

**၀၄:၅၅** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၉:၁၅** 31st SEA Games Highlight
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၁၅** တန်ဖိုးမြှင့်ထုတ်ကုန် ပွဲနှဆီအစွမ်း

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တနာတတ်သူတာဝန်ယူ'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၄)
**၁၁:၀၀** Election Korea -1
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၄)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၄၅** သုတဝေစည်တောင်သူဆီ 'ကြယ်ပဲ'
**၀၇:၅၀** စားဖိုဆောင်သုံးဆေးဂမုန်း
**၀၈:၅၀** အလည်တစ်ခေါက်အရောက်သွားမည် တောင်သူ့စိုက်ခင်းဆီ
**၀၉:၂၀** ကုန်စည်ဒိုင်နှင့်စိုက်တောင်သူ
**၀၉:၄၀** ရလဒ်ကောင်းများရရှိရေး သီးနှံအတွဲများစိုက်ကာပေး

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel တို့ စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀း၀၀) နာရီမှ ည (၁၀း၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို)က ကျင်းပသော မင်္ဂလာဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်း

**နေပြည်တော် မေ ၁၄**

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ဗဟို)က ကျင်းပသော မင်္ဂလာဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အမှတ်(၁၀) ရပ်ကွက်ရှိ တိပိဋကာလင်္ကာရ ပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာရှင်၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ရန်ကုန်တိုင်းဒေသကြီးသာကေတမြို့နယ် တိပိဋကာလင်္ကာရ ပရိယတ္တိစာသင်တိုက် ဆရာတော် တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဘဒ္ဒန္တအဂ္ဂသာမိထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ဗဟို) ဒုတိယဥက္ကဋ္ဌ မဟာမင်္ဂလဓမ္မဇောတိကဓဇ ဦးသောင်းဝင်းက ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းနှင့် ပတ်သက်၍ လျှောက်ထားတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မင်္ဂလာဆိုင်ရာ ဘွဲ့တံဆိပ်တော်ဖြစ်သော အဂ္ဂမဟာ မင်္ဂလဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကို ကျောက်တန်းမြို့နယ် ကန်ပြောင်းအရှေ့ကျောင်းတိုက် ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တသုန္ဒရ ထံသို့ လည်းကောင်း၊ တိုင်းမှူးက ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ထန်းပင်ကျောင်း ပရိယတ္တိစာသင်တိုက် ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တဝေပုလ္လ ထံသို့လည်းကောင်း **(အပေါ်ပုံ)**၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ဗဟို)ဥက္ကဋ္ဌ အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ ဦးရဲထွန်းက ရန်ကုန်တိုင်းဒေသကြီးသာကေတမြို့နယ် တိပိဋကာလင်္ကာရ ပရိယတ္တိစာသင်တိုက် ဆရာတော် တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဘဒ္ဒန္တအဂ္ဂသာမိ ထံသို့ လည်းကောင်းအသီးသီးဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၄ - ၅ - ၂၀၂၂

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၄၆၇၀၀ |
| ရန်ကုန် | ၁၅ ပဲရည် ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၈၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၄၆၇၀၀ |
| မန္တလေး | ၁၅ ပဲရည် ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၈၅၀၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၂၀၀/၂၂၀၅ ကျပ် | ၂၂၀၅/၂၂၅၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၂၃၀/၂၂၃၅ ကျပ် | ၂၂၃၅/၂၅၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၉၀/၁၉၉၅ ကျပ် | ၁၉၉၅/၂၂၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၄၀/၂၀၄၅ ကျပ် | ၂၀၄၅/၂၃၈၅ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၂၅ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၂၆ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၂၆၈ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၃၇ . ၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၁ . ၁၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၂ . ၇၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၉၂၈ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၇၀၀ | ၇၇၀၀ | ၁၄၁ | ၁၀၈၅၇၀၀ |
| MTSH | ၂၆၅၀ | ၂၆၅၀ | ၇၃၇ | ၁၉၅၃၀၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၈၀၀၀ | ၁၈၀၀၀ | ၁၂ | ၂၁၆၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၂၀၀ | ၁၀၀၀၀၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** - မြင့်စိုး
**သတင်းထောက်မှူး** - ခင်ရတနာ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
**ဘာသာပြန်စာတည်း** - ချြူးစန္ဒီနွေး၊ တင်လင်းအောင်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
**အငယ်တန်းသတင်းထောက်များ** - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
**ဓာတ်ပုံသတင်းထောက်** - တင်စိုး
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**စာပြင်** - အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ဆေးဖက်ဝင်ကာ ဝင်ငွေရ ရုံးပတီပင် စိုက်ပျိုးကြ

**ကိုငြိမ်းငယ်(ကျွန်းဒေါင့်)**

**ရုံးပတီပင်သည် စိုက်ပျိုးရလွယ်ကူပြီး ဆေးဖက်လည်းဝင်သောကြောင့် မြန်မာပြည်အနှံ့ စိုက်ပျိုးကြသည်။ ရုံးပတီသီးကို ကြော်၍ဖြစ်စေ၊ ချက်၍ဖြစ်စေ၊ ကင်၍ဖြစ်စေ၊ အတို့အမြှုပ်ပြုလုပ်၍ဖြစ်စေ လူတိုင်းလိုလို စားသုံးကြသောကြောင့် ဈေးကွက်လည်းဝင်သည်။ ထိုသို့ ဆေးဖက်ဝင် ဈေးကွက်ဝင်ပြီး အပိုဝင်ငွေ ရရှိစေနိုင်သော ရုံးပတီသီးပင်စိုက်ပျိုးရေးအကြောင်းကို လူတိုင်းသိရှိနိုင်ကြစေရန် ရေးသားတင်ပြလိုက်ပါသည်။**



**ရုံးပတီပင်အမျိုးအစားများ**

ရုံးပတီပင်သည် အပင်ပိုင်းအားဖြင့် အပင်ပုမျိုးနှင့် အပင်မြင့်မျိုးဟူ၍ နှစ်မျိုးရှိသည်။ အပင်ပုမျိုးသည် သီးအားပိုကောင်းသည်။ အသီးအနေဖြင့် အမြောင့်ပါမျိုး၊ လုံးချောမျိုး၊ အမွေးပါမျိုးဟူ၍ တွေ့ရသည်။ ထို့ပြင် အသီးစိမ်းနှင့် အသီးနီမျိုး စသည်ဖြင့် ကွဲပြားမှုရှိလေသည်။

**မြေအမျိုးအစားနှင့် စိုက်ပျိုးချိန်**

ရုံးပတီပင်သည် မြေသိပ်မရွေးပါ။ မြေအသင့်အတင့် ကောင်းမွန်ပါက စိုက်ပျိုးဖြစ်ထွန်းသည်။ စီးပွားဖြစ်စိုက်ပျိုးမည်ဆိုပါက မြေဩဇာများကို စနစ်တကျအသုံးပြုပြီး စိုက်ပျိုးနိုင်သည်။ ရုံးပတီပင်သည် ဖွယ်သောမြေကို ပို၍နှစ်သက်ပြီး မြေညံ့ပါက နွားချေး၊ မြေဆွေးများထည့်ပြီး စိုက်ပျိုးနိုင်သည်။ ရုံးပတီပင်ကို မိုးဦးနှင့် မိုးနှောင်းကာလများတွင် အများဆုံးစိုက်ပျိုးကြပြီး ရာသီမရွေး စိုက်ပျိုးနိုင်သည်။

**စိုက်ပျိုးရန် နည်းလမ်းများ**

ရုံးပတီပင်စိုက်ပျိုးရာတွင် မျိုးစေ့ချပြီး တိုက်ရိုက်စိုက်ပျိုးကြသောကြောင့် စိုက်ပေါင် သို့မဟုတ် စိုက်ကျင်းများဖြင့် စိုက်ပျိုးကြသည်။ စိုက်ပေါင်ပေါ်တွင် စိုက်ပျိုးပါက အပင်တစ်ပင်နှင့် တစ်ပင်ကို တစ်ပေစီ ခွဲခြားစိုက်ပျိုးသင့်သည်။ စိုက်ပေါင်တန်းများကိုလည်း တစ်တန်းနှင့်တစ်တန်း နှစ်ပေစီခန့် ခွဲခြားထားသင့်ပါသည်။ ကျင်းဖြင့်စိုက်မည်ဆိုပါက တစ်ကျင်းလျှင် မျိုးစေ့ကို နှစ်စေ့၊ သုံးစေ့ခန့်ထည့်ပြီး စိုက်ပျိုးရမည်။ ထို့နောက် အသန်ဆုံးအပင်ကို ချန်ထားရမည်။ နွေဦးအချိန်တွင် စိုက်ပျိုးသောအပင်နှင့် မိုးဦးအချိန်တွင် စိုက်ပျိုးသောအပင် ကြီးထွားမှုနှုန်း မတူညီပေ။ နွေဦးတွင်စိုက်ပျိုးသောအပင်မှာ ကြီးထွားမှုအားနည်းတတ်သည်။ ထို့ကြောင့် အပင်တန်း၏ အကွာအဝေးများကို စိုက်ပျိုးချိန် ရာသီအလိုက် ပြုပြင်ပေးရန် သတိပြုရမည်။ ရုံးပတီပင်စိုက်ပျိုးရာတွင် မျိုးစေ့များကို တစ်ရက်ခန့် ရေစိမ်ပြီးမှစိုက်လျှင် ပိုမိုကောင်းမွန်သည်။ မြေတစ်ဧကတွင် သဘာဝမြေဩဇာဖြစ်သော နွားချေးမြေဆွေးကို လှည်းငါးစီးမှ ရှစ်စီးခန့်အထိ ထည့်သွင်းသင့်သည်။ ရုံးပတီပင်ကို မိုးအသင့်အတင့်ရရှိသောဒေသများ၊ ဆည်ရေရရှိသောဒေသများနှင့် မြေအောက်ရေရရှိသော ဒေသများတွင် အမြဲတမ်း စိုက်ပျိုးနိုင်သည်။

**အပင်ပြုစုခြင်းနှင့် ခူးဆွတ်ခြင်း**

ရုံးပတီပင်ကို စတင်စိုက်ပျိုးချိန် တစ်လအတွင်း ပေါင်းမြက်များကင်းစင်အောင် ဆောင်ရွက်ရမည်။ ရုံးပတီပင်ငယ်စဉ်တွင် ငါးအမိုင်နိ ရွက်ဖျန်း အားဆေးကို ဆယ်ရက်ခြား တစ်ကြိမ် ဖျန်းပေးသင့်သည်။ စိုက်ပျိုးပြီး တစ်လကျော်ပါက ပုလဲဓာတ်မြေဩဇာ ပေးသင့်သည်။ အပင်၏အခြေအနေနှင့် စိုက်ပျိုးသည့်မြေအပေါ် မူတည်၍ လိုအပ်ပါက တီစူပါဓာတ်မြေဩဇာ ပေးရမည်။

အင်းဆက်နှင့် ရောဂါဖျက်ဆီးမှု အထွေအထူး မရှိပေ။ သို့သော် နေ့စဉ်ဂရုစိုက်၍ ပေါင်းနုတ်၊ မြေဆွ၊ ရေလောင်းပေးရမည်။

ရုံးပတီပင်မှ ရုံးပတီသီးကို စိုက်ပျိုးပြီး နှစ်လမှ နှစ်လခွဲခန့်တွင် ခူးဆွတ်နိုင်သည်။ ခူးဆွတ်ရန် အကောင်းဆုံးအချိန်မှာ သီးကင်းဝင်ပြီး ငါးရက်မှ တစ်ပတ်အတွင်း ခူးဆွတ်သင့်သည်။ ရုံးပတီသီးသည် နေရောင်ခြည် ကောင်းစွာ ရရှိလျှင် အရင့်မြန်သဖြင့် အသီးတောင့်များအတွင်း အမျှင်မဖြစ်စေမီ ခူးဆွတ်နိုင်ရန် သတိပြုရမည်။



**ဆေးဖက်ဝင်သော ရုံးပတီ**

မြန်မာတို့၏ တိုင်းရင်းဆေးလောကတွင် ရုံးပတီသီးသည် ဆေးဝါးဓာတ်စာအတွက် အလွန် အသုံးဝင်လှသည်။ အစာလည်း ဆေး၊ ဆေးလည်း အစာဟုဆိုသည့်အတိုင်း ဆေးဖက်ဝင်သော ဟင်းသီးဟင်းရွက်များထဲမှ ရုံးပတီပင် စိုက်ပျိုးရေးကိုလည်း ပြုလုပ်သင့်သည်။

ရုံးပတီသီးကို စားသုံးခြင်းဖြင့် ကျန်းမာရေးအတွက် အကျိုးကျေးဇူးများစွာ ရရှိစေသည်။ အရိုးများကို သန်မာစေခြင်း၊ နှလုံးအားကို ကောင်းစေခြင်း၊ အဆစ်အမျက် ရောင်ရမ်းမှုကို သက်သာစေခြင်း၊ သွေးလည်ပတ်မှုအားကို ကောင်းစေခြင်း၊ ခန္ဓာကိုယ်၏ သွေးပေါင်များကို ထိန်းညှိပေးခြင်း၊ မျက်စိကို ကြည်လင်စေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေသည်။ ရုံးပတီသီးတွင် ဗီတာမင်ဓာတ်များစွာ ပါဝင်ပါသည်။ ပိုတက်စီယမ်ဓာတ်နှင့် မဂ္ဂနီစီယမ်ဓာတ်များလည်း ပါဝင်ပြီး သွေးသားများကို သန့်ရှင်းစင်ကြယ် ကောင်းမွန်စေသည်။ ရုံးပတီသီးကို စားသုံးခြင်းဖြင့် သွေးတိုးရောဂါနှင့် လေဖြတ်ရောဂါများကိုလည်း ကာကွယ်ပေးနိုင်သည်။

**တစ်ပိုင်တစ်နိုင်မှသည် စီးပွားဖြစ်အထိ**

ရုံးပတီသီးသည် လူတိုင်းနီးပါး စားသုံးနေကြသော ဟင်းသီးဟင်းရွက်တစ်မျိုးဖြစ်သောကြောင့် ဈေးကွက်ထဲသို့လည်း အလွယ်တကူ ဝင်ဆံ့နိုင်သည်။ ထို့ကြောင့် မိသားစုအပိုဝင်ငွေရရှိစေရန် တစ်ပိုင်တစ်နိုင်မှသည် စီးပွားဖြစ်အထိ ရုံးပတီပင်ကို စိုက်ပျိုးကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ပါသည်။ ။

**ရုံးပတီသီးကို စားသုံးခြင်းဖြင့် အရိုးများကို သန်မာစေခြင်း၊ နှလုံးအားကို ကောင်းစေခြင်း၊ အဆစ်အမျက် ရောင်ရမ်းမှုကို သက်သာစေခြင်း၊ သွေးလည်ပတ်မှုအားကို ကောင်းစေခြင်း၊ ခန္ဓာကိုယ်၏ သွေးပေါင်များကို ထိန်းညှိပေးခြင်း၊ မျက်စိကို ကြည်လင်စေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေသည်။ ရုံးပတီသီးတွင် ဗီတာမင်ဓာတ်များစွာ ပါဝင်ပါသည်။ ပိုတက်စီယမ်ဓာတ်နှင့် မဂ္ဂနီစီယမ်ဓာတ်များလည်း ပါဝင်ပြီး သွေးသားများကို သန့်ရှင်းစင်ကြယ် ကောင်းမွန်စေသည်။ ရုံးပတီသီးကို စားသုံးခြင်းဖြင့် သွေးတိုး ရောဂါနှင့် လေဖြတ်ရောဂါများကိုလည်း ကာကွယ်ပေးနိုင်သည်**

---

# မယ်စဲ့ဒေသထွက် ကြက်သွန်ဖြူများ နုတ်သိမ်းချိန် ဈေးကောင်းရရှိ

**မယ်စဲ့ မေ ၁၄**

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် ဆောင်းသီးနှံအဖြစ် ဒေသတွင်း အားထားစိုက်ပျိုးသည့် ကြက်သွန်ဖြူများ ဈေးကောင်းရရှိသောကြောင့် ကြက်သွန်စိုက်တောင်သူများ အဆင်ပြေကြကြောင်း ကြက်သွန်ဖြူစိုက်ပျိုးသည့် တောင်သူများထံမှ သိရသည်။

မယ်စဲ့မြို့နယ်တွင် မယ်စဲ့၊ ဝမ်ကန်၊ နမ့်မန်း၊ ဟိုစဲ့ကျေးရွာတို့ရှိ လယ်မြေများ၌ ဆောင်းသီးနှံအဖြစ် ကြက်သွန်ဖြူကို နှစ်စဉ်စိုက်ပျိုးလာရာ အိမ်နီးချင်း ထိုင်းနိုင်ငံက ကြိုက်နှစ်သက်သည့်အတွက် စီးပွားဖြစ်တွင်ကျယ်စွာ စိုက်ပျိုးလာကြသည်။ ကြက်သွန်ဖြူကို မိုးစပါးရိတ်သိမ်းပြီးချိန် ဇန်နဝါရီလတွင် စတင်စိုက်ပျိုးပြီး ဧပြီလတွင် နုတ်သိမ်းသည်။

ကြက်သွန်ဖြူစိုက်ပျိုးချိန်မှ နုတ်သိမ်းချိန်အထိ တောင်သူများအနေဖြင့် စိုက်ပျိုးရေးအလုပ်သမားခ၊ ပေါင်းလိုက်ခ၊ မြက်သတ်ဆေး၊ ပိုးသတ်ဆေးနှင့် မြေဩဇာတို့ကိုသုံးစွဲရသည့် စိုက်ပျိုးစရိတ်၊ ဆေးဖိုးများအပြင် နုတ်သိမ်းချိန်တွင်လည်း ကြက်သွန်ဖြူနုတ်ခစသည့် ကုန်ကျစရိတ်များရှိကြောင်း သိရသည်။

ယခင်နှစ်က ကိုဗစ် - ၁၉ ရောဂါကြောင့် မယ်စဲ့ဘီပီ - ၁၃ နယ်စပ်ဂိတ်ကို ပိတ်ထားခဲ့သည့်အတွက် ထိုင်းနိုင်ငံမှ လာရောက်ဝယ်ယူမှုမရှိသောကြောင့် ကြက်သွန်ဖြူဈေးကွက်ကျဆင်းကာ ကြက်သွန်ဖြူအစို တစ်ကီလိုလျှင် ကျပ် ၂၀၀ နှင့် အခြောက် တစ်ကီလိုလျှင် ကျပ် ၅၀၀ ခန့်ဈေးဖြင့်သာ ရောင်းချခဲ့ရသဖြင့် တောင်သူများ အရှုံးပေါ်ခဲ့ကြသည်။

ယခုနှစ် ကြက်သွန်ဖြူ စတင်ထွက်ရှိချိန်တွင်မူ အစို တစ်ကီလိုလျှင် ကျပ် ၅၀၀(ထိုင်းငွေ ၈ ဘတ်) ဈေးဖြင့် စတင်ဝယ်ယူကြသလို ကြက်သွန်ဖြူအခြောက် တစ်ကီလိုလျှင် ကျပ် ၂၆၀၀(ထိုင်းငွေ ၄၅ ဘတ်)အထိ ဈေးရနေကြောင်း၊ မယ်စဲ့ဒေသထွက် ကြက်သွန်ဖြူကို တောင်သူများက မြေဩဇာအနည်းငယ်သာ သုံးသည့်အတွက် ထိုင်းနိုင်ငံက ကြိုက်နှစ်သက်သဖြင့် လာရောက်ဝယ်ယူမှု များပြားပြီး ဈေးကောင်းရရှိနေခြင်းဖြစ်ကြောင်း သိရသည်။

**ဝတ်ရည်**

**(ပြန်/ဆက် )**

# စပါးဖူလုံမှုမရှိသော မြိတ်ဒေသတွင် ရေငန်တားတမံများကျိုး၍ လယ်ကေတစ်ထောင်ကျော်သို့ ပင်လယ်ရေဝင်ရောက်နေ

မြိတ် မေ ၁၄

စပါးဖူလုံမှုမရှိသော တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်အတွင်းရှိ ကလွင်ကျေးရွာအုပ်စု၊ ကျောက်ဖျာကျေးရွာအုပ်စု၊ သစ်ယာဝ ကျေးရွာအုပ်စုတို့တွင် ရေငန်တားတမံများ ကျိုးပေါက်နေမှုကြောင့် လယ်ကေတစ်ထောင်ကျော်တွင် ပင်လယ်ရေဝင်ရောက်ခြင်း ကြုံတွေ့နေရပြီး လယ်သမားများမှာလည်း အခက်အခဲများစွာ ရင်ဆိုင်နေရကြောင်း သိရသည်။

မြိတ်ဒေသအတွင်း လယ်မြေများစွာတွင် ရေငန်တားတမံများ ကျိုးပေါက်ပြီး ရေငန်ဝင်ရောက်မှုကြောင့် မိုးစပါးအချိန်မီစိုက်ပျိုးရန် ခက်ခဲနေကြောင်း ဒေသခံတောင်သူလယ်သမားများက ပြောသည်။

"ကျွန်တော်တို့ သစ်ယာဝကျေးရွာမှာ ရေငန်တားတမံတွေ ကျိုးပေါက်နေတာကြောင့် စပါးစိုက်ပျိုးနိုင်ခြင်းမရှိတာ နှစ်နှစ်ကျော်ပါပြီ။ လယ်တွေမှာ ပင်လယ်ရေတွေ ဝင်နေပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့လယ်တွေ မစိုက်ပျိုးနိုင်ပါဘူး။ အားလုံးပေါင်း ဧက တစ်ထောင်ကျော်ရှိပါတယ်။ အခုအချိန်ထိ ဒီအတိုင်းမစိုက်ပျိုးဘဲနဲ့ ပစ်ထားရတုန်းပါပဲ"ဟု သစ်ယာဝကျေးရွာမှ တောင်သူဦးမြညွန့်က ပြောသည်။

မြိတ်ဒေသရှိ တောင်သူလယ်သမားများမှာ ရေငန်တားတမံကျိုးပြီး ပင်လယ်ရေငန်များဝင်ရောက်မှု အခက်အခဲအပြင် စိုက်ပျိုးစရိတ်ကြီးမြင့်မှုများကိုလည်း ကြုံတွေ့နေရကြောင်း သိရသည်။

မြိတ်ခရိုင်ဆန်ကုန်သည်များအသင်းဥက္ကဋ္ဌ ဦးထွေးဝေက "အချို့လယ်တွေက လယ်ယာစိုက်ပျိုးမှုမရှိဘဲ လယ်ပျက်စာရင်းသွင်းနေတာတွေ့ရပါတယ်။ လယ်တွေမှာ ရေငန်တားတမံတွေကျိုးနေတာကြောင့် မစိုက်ပျိုးနိုင်ကြဘဲ အခြားနည်းအသုံးချနေကြပါတယ်။ ကျွန်တော်တို့ဒေသက စပါးဖူလုံမှုမရှိရတဲ့အထဲမှာ လယ်တွေ ဒီတိုင်းပစ်ထားရတာတွေများနေပါတယ်။ အဲဒီဖြစ်စဉ်တွေကို သက်ဆိုင်ရာဌာနတွေကလည်း သေချာကြပ်မတ်ဆောင်ရွက်ပေးစေချင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ရေငန်တားတမံကျိုးနေတာတွေကို တတ်နိုင်သလောက် လိုက်လံဆယ်ယူပြုပြင်ပေးနေပါတယ်။ ဒေသနဲ့ကိုက်ညီတဲ့ စပါးမျိုးကောင်းမျိုးသန့်တွေကိုလည်း အခြားဒေသကနေမှာယူပြီး လယ်သမားတွေကို ထုတ်ပေးနေပါတယ်။ ဌာနဆိုင်ရာတွေက လယ်ယာမြေတွေကို သေချာကြပ်မတ်ပြီး အထွက်နှုန်းတိုးအောင် ဆောင်ရွက်ပေးသင့်ပါတယ်"ဟု ပြောသည်။



ရေငန်တားတမံကျိုး၍ လယ်ယာမြေအတွင်းသို့ ရေငန်ဝင်ရောက်နေသည့်နေရာတစ်ခု။

မြိတ်မြို့နယ်တွင် ဆည်ရေသောက်ရေယာမရှိသည့်အတွက် မိုးစပါးရာသီတွင် သဘာဝမိုးရေကိုသာ အဓိကအားထားပြီး စိုက်ပျိုးလုပ်ကိုင်လျက်ရှိကြောင်းနှင့် မြိတ်မြို့နယ်အတွင်း မိုးစပါးစိုက်ဧက ၄၂၄၇၆ ဧကရှိကာ ဒေသမျိုးစပါးထွက်ရှိမှုမှာ တစ်ဧကလျှင် စပါးတင်း ၄၀ မှ ၅၀ အထိထွက်ရှိကြောင်း၊ အထွက်ကောင်းမျိုးစပါးစိုက်ပျိုးလျှင် ထွက်ရှိမှုမှာ တစ်ဧကလျှင် စပါးတင်း ၉၀ မှ ၁၀၀ ခန့်အထိ ထွက်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင့်ဦး(မြိတ်)

# ရေသတ္တဝါ(အရှင်) များ၏ မိတ်လိုက်၊ မျိုးပွားရာသီချိန်တွင် ဖမ်းဆီး၊ စုဆောင်း၊ ရောင်းဝယ် တင်ပို့ခြင်းမပြုရန် အသိပေးနှိုးဆော်ချက်

ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာနိုင်ငံရှိ ရေချို/ရေငန်ရေပြင်များတွင် ငါး/ပုစွန်မျိုးများ မပြုန်းတီးစေဘဲ ငါး/ပုစွန် အထွက်တိုးစေရန်၊ မျိုးကောင်းမျိုးသန့်များ ရေရှည်တည်တံ့တိုးပွားလာစေရန်နှင့် ငါးသယံဇာတများထိန်းသိမ်းနိုင်ရန်ရည်ရွယ်၍ ရေသတ္တဝါများ၏ မိတ်လိုက်၊ မျိုးပွားရာသီချိန်ကာလတွင် ဖမ်းဆီးခြင်း၊ ဝယ်ယူ၊ စုဆောင်းခြင်းမပြုကြရန် အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များဖြင့် တားမြစ်ထားပြီးဖြစ်ပါသဖြင့်အောက်ပါ ရေသတ္တဝါ(အရှင်)များအား သတ်မှတ်ကာလအတွင်း ဖမ်းဆီး၊ စုဆောင်း၊ ရောင်းဝယ်၊ တင်ပို့ခြင်းမပြုရန်နှင့် စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

| စဉ် | ရေသတ္တဝါအမည် | ဝယ်ယူစုဆောင်းခွင့်ပိတ်သည့်ကာလ |
|---|---|---|
| (က) | ကျောက်ပုစွန်၊ ကင်းပုစွန်၊ ငါးလင်ပန်း | ဇွန်လ(၁)ရက်နေ့မှ ဩဂုတ်လ(၃၁)ရက်နေ့အထိ |
| (ခ) | ကျောက်ငါး | ဇူလိုင်လ(၁)ရက်နေ့မှ စက်တင်ဘာလ(၃၀)ရက်နေ့အထိ |
| (ဂ) | ရေချိုငါးအားလုံး | မေလ(၁)ရက်နေ့မှ ဇူလိုင်လ (၃၁)ရက်နေ့အထိ |
| (ဃ) | ရေငန်ပုစွန် | ဇွန်လ(၁)ရက်နေ့မှ ဩဂုတ်လ(၃၁)ရက်နေ့အထိ |

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

# ပွင့်ဖြူမြို့နယ်၌ တိုင်ထောင်ပဲသီးနှံစိုက်ပျိုးရေး အောင်မြင်ဖြစ်ထွန်းပြီး ဈေးကောင်းရနေ

ပွင့်ဖြူ မေ ၁၄

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ဒေသခံတောင်သူများက မဲဇလီရေလွှဲဆည်ရေနှင့် မြေအောက်ရေတို့ကို အကျိုးရှိစွာအသုံးချပြီး တစ်ပိုင်တစ်နိုင် တိုင်ထောင်ပဲသီးနှံစိုက်ပျိုးရေးကို အားထားလုပ်ကိုင်ကြရာ အောင်မြင်ဖြစ်ထွန်းမှုရှိကာ ဈေးကောင်းရရှိနေ၍ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ဒီနှစ်မှာ တိုင်ထောင်ပဲဈေးကောင်းရလို့ တွက်ခြေကိုက်ပါတယ်။ စိုက်ပျိုးရေလည်း အဆင်ပြေတဲ့အတွက် အောင်မြင်ဖြစ်ထွန်းပါတယ်။ လက်ရှိမှာ လှိုင်လှိုင်ဆွတ်ခူးရောင်းချနေရပြီး တစ်ပိဿာကို ကျပ် ၂၀၀၀ နှုန်း ရပါတယ်။ ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးလုပ်ငန်းဟာ မိသားစုစားဝတ်နေရေးအတွက် နေ့စဉ်ဝင်ငွေရရှိလို့ ဒေသခံတောင်သူအများစုက အားထားလုပ်ကိုင်ကြပါတယ်။ ဟင်းသီးဟင်းရွက်တွေထဲမှာမှ တိုင်ထောင်ပဲသီးနှံက အပင်ရေ ၇၀၀ လောက် စိုက်ပျိုးထားရင် ပိဿာချိန် ၁၀၀ ကျော် ထွက်ရှိပါတယ်။ အပင်ရေများများစိုက်လေ သီးနှံဝင်ငွေ ပိုရလေပါပဲ" ဟု သရက်အုပ်ကျေးရွာမှ တစ်ပိုင်တစ်နိုင် တိုင်ထောင်ပဲစိုက်ပျိုးနေသူ ဦးထွန်းနိုင်က ပြောသည်။

တိုင်ထောင်ပဲသီးနှံ စိုက်ပျိုးရာတွင် စိုက်ပျိုးပြီး အချိန်တစ်လကြာပါက ဈေးကွက်ဝင် တိုင်ထောင်ပဲသီးများကို လှိုင်လှိုင်ဆွတ်ခူးရောင်းချရပြီး စိုက်ပျိုးရာတွင်လည်း တစ်ပင်နှင့်တစ်ပင် အနည်းဆုံး တစ်တောင်အကွာထား၍ စိုက်ပျိုးရကြောင်းနှင့် အသီးအပွင့်များမတင်မီ အတန်းလိုက် တိုင်ထောင်ခြင်းလုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ထားရကြောင်း သိရသည်။

လှိုင်ဝင်းလေး
(ပွင့်ဖြူမြေ)

# ကျုံပျော်မြို့နယ်၌ ငါးရစ်ငါးသန်ကာလ ငါးသယံဇာတထိန်းသိမ်းရေး ပညာပေး

နေပြည်တော် မေ ၁၄

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနသည် မြို့နယ်အတွင်း ရေရှည်စဉ်ဆက်မပြတ် ငါးထုတ်လုပ်နိုင်ရန်နှင့် အများပြည်သူ ငါးရိက္ခာများ ဖူလုံစွာစားသောက်နိုင်ရေး အထောက်အကူဖြစ်စေရန်အတွက် ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်ချိန် ကာလများဖြစ်သော မေလနှင့်ဇွန်လတွင် သဘာဝရေပြင်မှ ငါး/ပုစွန်များကို ဖမ်းယူခြင်း၊ သတ်ဖြတ်ခြင်း၊ သယ်ယူခြင်း၊ ပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း ရောင်းဝယ်ခြင်း(သို့) အခြားနည်းဖြင့် တစ်စုံတစ်ရာ နှောင့်ယှက်ခြင်းမပြုလုပ်ကြရန် တားမြစ်ထားကြောင်းကို အများပြည်သူ သိရှိစေရန်အတွက် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းများက ကျုံပျော်မြို့နယ် မြို့မဈေးနှင့် သောင်ကြီးဈေးအတွင်း ငါးသယံဇာတများထိန်းသိမ်းရေး ပညာပေးလက်ကမ်းစာဆောင်များကို မေ ၁၁ ရက်က လိုက်လံဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# မိုင်းကိုင်မြို့နယ်တွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု စိုက်ပျိုးရေးသင်တန်းဖွင့်

မိုင်းကိုင် မေ ၁၄

ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကျေးလက်နေပြည်သူများ စိုက်ပျိုးရေးဆိုင်ရာ အသိပညာဗဟုသုတများ ရရှိလာစေရန် ရည်ရွယ်ပြီး အသက်မွေးဝမ်းကျောင်း အထောက်အကူပြု စိုက်ပျိုးရေးသင်တန်းကို ကုန်းဆာကျေးရွာ၌ မေ ၁၄ ရက်က ဖွင့်လှစ်သည်။

သင်တန်းတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးကျော်ကျော်က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးခွန်ကျော်စိမ်းက သင်တန်းဖွင့်လှစ်ပေးသည့် ရည်ရွယ်ချက်များနှင့် ပို့ချပေးမည့်သင်ခန်းစာများကို ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ ကုန်းဆာကျေးရွာမှ သင်တန်းသား ၁၀ ဦးနှင့် သင်တန်းသူ ၁၀ ဦး တက်ရောက်ပြီး သင်တန်းတွင် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက စိုက်ပျိုးရေးနှင့်ပတ်သက်သည့် သိကောင်းစရာများကို လက်ကမ်းစာစောင်များဖြန့်ဝေ၍ စာတွေ့လက်တွေ့သင်တန်းကာလ ၁၀ ရက်ကြာ အခမဲ့ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

ငြိမ်းသူ

# (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကာယဗလ ကာယအလှအားကစားနည်းမှ ရွှေတစ်ခု၊ ငွေနှစ်ခု၊ ဝူရှူး(ထောက်လု)အားကစားနည်းမှ ငွေတစ်ခု၊ Rowing အားကစားနည်းမှ ကြေးနှစ်ခု ထပ်မံဆွတ်ခူးရရှိ

**ဗီယက်နမ် မေ ၁၄**

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက် ရှိသည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အားကစားနည်း ၂၀ တွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိရာ ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ဂေါက်သီး၊ ပြေးခုန်ပစ်၊ ဘိလိယက်၊ စစ်တုရင်၊ Rowing ၊ ဝူရှူးနှင့် ဖူဆယ်ပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

အဆိုပါ ပြိုင်ပွဲများအနက်မှ Cau Giay Gymnasium ၌ ကျင်းပလျက်ရှိသော ကာယဗလ ကာယအလှအားကစားပြိုင်ပွဲ (+70) kg တွင် မောင်ရဲထွန်းနောင်က ပထမဆု ရွှေတံဆိပ်ကို ထိုက်ထိုက်တန်တန်ဖြင့် ဆွတ်ခူးရရှိခဲ့ပြီး (+80) kg တွင် မောင်မင်းဇော်ဦးနှင့် (+85) kg တွင် မောင်ခင်မောင်ကျော်တို့က ဒုတိယဆု ငွေတံဆိပ်တစ်ခုစီကိုလည်းကောင်း၊ Trinh Hoai Duc Gymnasium ၌ ကျင်းပလျက်ရှိသော ဝူရှူး(ထောက်လု) အားကစားနည်းမှ အမျိုးသမီးတစ်ဦးချင်း (ချန်းစု) ပြိုင်ပွဲတွင် မစန္ဒီဦးက ဒုတိယဆု ငွေတံဆိပ်ကိုလည်းကောင်း၊ Hai Phong ၌ ကျင်းပလျက်ရှိသော အနောက်တိုင်း လှေလှော်ပြိုင်ပွဲ အမျိုးသမီးနှစ်တက်လှော်ပြိုင်ပွဲတွင် နီလာဝင်းနှင့် ရွှေစင်လတ်၊ အမျိုးသမီးလေးတက်လှော်ပြိုင်ပွဲတွင် မအိဖြူ၊ မစန္ဒာရွှေ၊ မချစ်ဖူးငုံနှင့် မဝင်းသူဇာသိန်းတို့က တတိယဆု ကြေးတံဆိပ်တစ်ခုစီကို လည်းကောင်း ဆုများအသီးသီးရရှိကြသည်။





ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့်အဖွဲ့ ဝူရှူးပြိုင်ပွဲတွင် မစန္ဒီဦး ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

အဆိုပါပြိုင်ပွဲများသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ အုပ်ချုပ်/ နည်းပြများ၊ မြန်မာအားကစားအဖွဲ့များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

(၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ် လေးခုနှင့် ကြေးတံဆိပ် ခုနစ်ခုတို့ကို ဆွတ်ခူးရရှိထားပြီး စုစုပေါင်း ဆုတံဆိပ် ၁၄ ခုဖြင့် နိုင်ငံအလိုက်အဆင့်ရပ်တည်မှု အဆင့် (၇) တွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ကာယဗလ ကာယအလှ အားကစားပြိုင်ပွဲ ရွှေတံဆိပ်ဆုရ မောင်ရဲထွန်းနောင်အား ဆုချီးမြှင့်ပေးစဉ်။



ရွှေတံဆိပ်ဆုရ မောင်ရဲထွန်းနောင်၏ ယှဉ်ပြိုင်မှုပြကွက်။



ဝူရှူးပြိုင်ပွဲ ငွေတံဆိပ်ဆုရ မစန္ဒီဦး။

## (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

၁၄ - ၅ - ၂၀၂၂

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ဗီယက်နမ် | ၃၈ | ၃၀ | ၂၈ | ၉၆ |
| ၂ | ထိုင်း | ၁၄ | ၁၃ | ၃၂ | ၅၉ |
| ၃ | အင်ဒိုနီးရှား | ၁၃ | ၁၅ | ၉ | ၃၇ |
| ၄ | မလေးရှား | ၁၃ | ၇ | ၂၁ | ၄၁ |
| ၅ | ဖိလစ်ပိုင် | ၁၂ | ၁၉ | ၂၆ | ၅၇ |
| ၆ | စင်ကာပူ | ၇ | ၉ | ၁၁ | ၂၇ |
| ၇ | မြန်မာ | ၃ | ၄ | ၉ | ၁၆ |
| ၈ | ကမ္ဘောဒီးယား | ၁ | ၃ | ၇ | ၁၁ |
| ၉ | ဘရူနိုင်း | ၁ | ၁ | ၁ | ၃ |
| ၁၀ | လာအို | ၀ | ၁ | ၆ | ၇ |

## ဆီးဂိမ်းအမျိုးသမီး ဖူဆယ်ပြိုင်ပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်း

**ရန်ကုန် မေ ၁၄**

ဆီးဂိမ်းအမျိုးသမီးဖူဆယ် ပြိုင်ပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို မေ ၁၄ ရက်က ပြုလုပ်ရာ မြန်မာအမျိုးသမီးဖူဆယ်အသင်း နည်းပြချုပ် ဦးတင်မောင်ဌေးနှင့် အသင်းခေါင်းဆောင် ခိုင်နှင်းသန့်တို့ တက်ရောက်ကြသည်။




မြန်မာအမျိုးသမီး ဖူဆယ်အသင်းနည်းပြချုပ် ဦးတင်မောင်ဌေးက "ကျွန်တော်တို့ အုပ်စုအဖွင့်ပွဲစဉ်မှာ ရင်ဆိုင်ရမယ့် အိမ်ရှင်ဗီယက်နမ်အသင်းဟာ တောင့်တင်းတဲ့ အသင်းတစ်သင်းဖြစ်ပါတယ်။ ဆီးဂိမ်းမှာ ရင်ဆိုင်ရမယ့် ပြိုင်ဘက်အသင်းတိုင်းဟာ အသင်းကောင်းတွေ ဖြစ်တာကြောင့် ပွဲတိုင်းကို အကောင်းဆုံးပြင်ဆင်ကစားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အသင်းဟာ ဆီးဂိမ်းမတိုင်မီ ထိုင်းနိုင်ငံမှာ ရက် ၂၀ ကျော်နေထိုင်ပြီး NSDF ဖိတ်ခေါ်ပြိုင်ပွဲ၊ ကလပ်အသင်းနှစ်သင်းနဲ့ ခြေစမ်းပွဲနှစ်ပွဲ ကစားခဲ့ပါတယ်" ဟု ပြောကြားသည်။

အသင်းခေါင်းဆောင် ခိုင်နှင်းသန့်က "ဆီးဂိမ်းပြိုင်ပွဲမှာ အသင်းကောင်းတွေနဲ့ ရင်ဆိုင်ရမှာဖြစ်တာကြောင့် ခက်ခဲမှာဖြစ်ပေမယ့် ရလဒ်ကောင်းရဖို့ တစ်ပွဲချင်း အကောင်းဆုံး ပြင်ဆင်ကစားသွားမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

အမျိုးသမီးဖူဆယ်ပြိုင်ပွဲတွင် အိမ်ရှင် ဗီယက်နမ်အပါအဝင် ထိုင်း၊ မလေးရှားနှင့် မြန်မာ လေးသင်းသာ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။ အုပ်စုပထမနေ့အဖြစ် မေ ၁၅ ရက် **(ယနေ့)** မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် ထိုင်းနှင့် မလေးရှား၊ မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် မြန်မာနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ - MFF**

# ဆီးဂိမ်းပြိုင်ပွဲ ဆီမီးဖိုင်နယ်တက်ရောက်ရေးအဆုံးအဖြတ်ပွဲကစားရမည့် မြန်မာအမျိုးသားနှင့် အမျိုးသမီးဘောလုံးအသင်းများ

**ရန်ကုန် မေ ၁၄**

ဗီယက်နမ်နိုင်ငံ၌ ပြုလုပ်နေသည့် (၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲဘောလုံး အမျိုးသားနှင့် အမျိုးသမီး အုပ်စုပွဲစဉ်များကို မေ ၁၅ ရက် (ယနေ့) ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းများမှာ ဆီမီးဖိုင်နယ်တက်ရောက်ရေး အဆုံးအဖြတ်ပွဲများ ကစားရမည်ဖြစ်သည်။

အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် အုပ်စု (ခ) ပွဲစဉ်များ ကျင်းပမည်ဖြစ်ပြီး မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် မြန်မာနှင့် စင်ကာပူအသင်း၊ ညနေ ၆ နာရီခွဲတွင် ထိုင်းအသင်းနှင့် လာအိုအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စု (ခ) ဒုတိယနေ့ အပြီးတွင် မြန်မာနှင့် ထိုင်းအသင်းက လေးမှတ်စီ စင်ကာပူအသင်းက သုံးမှတ်ရထားပြီး လာအိုအသင်းက နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ ယင်းအုပ်စုတွင် ပါဝင်သည့်အသင်းများ၏ အနေအထားအရ ဆီမီးဖိုင်နယ်တက်ရောက်ရန် မြန်မာနှင့် ထိုင်းအသင်းမှာ သေချာနေပြီး အုပ်စုပထမနေရာအတွက်သာ ပြိုင်ဘက်အသင်းများကို ဂိုးများများသွင်းယူရမည်ဖြစ်သည်။ အုပ်စု (က) တွင် အိမ်ရှင်ဗီယက်နမ်အသင်းက အုပ်စုပထမနေရာဖြင့် ဆီမီးဖိုင်နယ်တက်ရောက်သွားရာ အုပ်စုပထမရသည့်အသင်းမှာ အိမ်ရှင်အသင်းကို ရှောင်ရှားနိုင်မည်ဖြစ်သည်။ မြန်မာနှင့် ထိုင်းအသင်းတို့မှာ ထိပ်တိုက်တွေ့ဆုံမှုတွင် သရေကျထားသလို ဂိုးကွာခြားချက်တွင် တူညီနေရာ ယနေ့ကစားမည့်ပွဲတွင် ဂိုးများများသွင်းယူနိုင်သည့် အသင်းမှာ အုပ်စုပထမနေရာ ရယူနိုင်မည်ဖြစ်သည်။ မြန်မာအသင်းသည် လာအိုကို သုံးဂိုးပြတ် အနိုင်ရပြီး ထိုင်းနှင့် တစ်ဂိုးစီသရေကျခဲ့ခြင်း ဖြစ်သည်။

အမျိုးသားဘောလုံးပြိုင်ပွဲတွင် အုပ်စု (က) နောက်ဆုံးနေ့ပွဲစဉ်များ ကျင်းပမည်ဖြစ်ပြီး မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် မြန်မာနှင့် အင်ဒိုနီးရှား၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် အိမ်ရှင်ဗီယက်နမ်အသင်းနှင့် တီမောအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မေ ၁၃ ရက် ပွဲစဉ်များအပြီးတွင် ဗီယက်နမ်အသင်းက သုံးပွဲကစား ခုနစ်မှတ်၊ မြန်မာနှင့် အင်ဒိုနီးရှားအသင်းက သုံးပွဲကစား ခြောက်မှတ်စီရထားပြီး ဆီမီးဖိုင်နယ်တက်ရောက်ရန် အပြိုင်ဖြစ်နေသည်။ ပွဲကုန်လေးပွဲကစား လေးမှတ်ရရှိသည့် ဖိလစ်ပိုင်အသင်း၊ သုံးပွဲကစား ရမှတ်မရသေးသည့် တီမောအသင်းတို့မှာ အုပ်စုအဆင့်ဖြင့် ကျေနပ်ခဲ့ရသည်။ ထို့ကြောင့် ဆီမီးဖိုင်နယ် တက်ရောက်ခွင့်အတွက် အသင်းသုံးသင်း အပြိုင်ဖြစ်နေသော်လည်း တီမောနှင့်ကစားရမည့် အိမ်ရှင်ဗီယက်နမ်အသင်းမှာ ဆီမီးဖိုင်နယ် တက်ရောက်ရန် သေချာသလောက်ရှိနေသည်။ လက်ကျန်တစ်နေရာအတွက် ခြောက်မှတ်စီရထားသည့် မြန်မာနှင့် အင်ဒိုနီးရှားတို့ပွဲမှာ အဆုံးအဖြတ်ဖြစ်နေပြီး ဂိုးကွာခြားချက်နည်းနေသည့် မြန်မာအသင်းသည် အနိုင်ရမှသာ ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။ မြန်မာအသင်းသည် တီမောနှင့် ဖိလစ်ပိုင်တို့ကို ကျဉ်းမြောင်းသည့် ဂိုးရလဒ်များဖြင့်သာ အနိုင်ရခဲ့ခြင်း၊ အိမ်ရှင်ဗီယက်နမ်ကို အရေးနိမ့်ခဲ့ခြင်းတို့ကြောင့် မဖြစ်မနေအနိုင်ကစားရမည့် အခြေအနေရောက်သွားခြင်းဖြစ်သည်။ မြန်မာအသင်းသည် တီမောနှင့် ဖိလစ်ပိုင်တို့ကို သုံးဂိုး – နှစ်ဂိုးဖြင့် အနိုင်ရသော်လည်း ဗီယက်နမ်ကို တစ်ဂိုး – ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့သည်။



ဆီးဂိမ်းပြိုင်ပွဲဝင် မြန်မာအမျိုးသမီး ဘောလုံးအသင်း။

မြန်မာအမျိုးသား ဘောလုံးအသင်းသည် နောက်ဆုံးကျင်းပသည့် ၂၀၁၅၊ ၂၀၁၇ နှင့် ၂၀၁၉ ခုနှစ် သုံးကြိမ်ဆက်တိုက် အနိမ့်ဆုံးဆီမီးဖိုင်နယ် တက်ရောက်နိုင်ခဲ့သည်။

**သတင်း-ရဲရင့်လွင်**
**ဓာတ်ပုံ – MFF**

# ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ဗီယက်နမ်နှင့် ဖိလစ်ပိုင် အမျိုးသားဘောလုံးပြိုင်ပွဲတွင် မလေးရှား ဆီမီးဖိုင်နယ် တက်ရောက်

**ရန်ကုန် မေ ၁၄**

ဆီးဂိမ်းဘောလုံး အမျိုးသားနှင့် အမျိုးသမီးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို မေ ၁၄ ရက်က ဆက်လက်ကျင်းပရာ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ဗီယက်နမ်နှင့် ဖိလစ်ပိုင်၊ အမျိုးသားဘောလုံးပြိုင်ပွဲတွင် မလေးရှား ဆီမီးဖိုင်နယ် တက်ရောက်ခဲ့သည်။

အမျိုးသမီး ဘောလုံးပြိုင်ပွဲ အုပ်စု(က) နောက်ဆုံးနေ့တွင် အိမ်ရှင် ဗီယက်နမ်အသင်းက ကမ္ဘောဒီးယားအသင်းကို ခုနစ်ဂိုးပြတ် အနိုင်ရခဲ့သည်။ ဗီယက်နမ်အသင်းသည် ပထမပိုင်းတွင် တစ်ဂိုးသာ သွင်းယူနိုင်သော်လည်း ဒုတိယပိုင်းတွင် ခြောက်ဂိုးထပ်မံသွင်းယူခဲ့ခြင်းဖြစ်သည်။



အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ဗီယက်နမ်နှင့် ကမ္ဘောဒီးယားအသင်း ယှဉ်ပြိုင်နေစဉ်။

အုပ်စု(က)ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ရာ ဗီယက်နမ်အသင်းက ခြောက်မှတ်ဖြင့် အုပ်စုပထမ၊ ဖိလစ်ပိုင်အသင်းက သုံးမှတ်ဖြင့် အုပ်စုဒုတိယရရှိကာ ဆီမီးဖိုင်နယ် တက်ရောက်သွားပြီး ကမ္ဘောဒီးယားအသင်းမှာမူ နှစ်ပွဲစလုံးရှုံးကာ အုပ်စုအဆင့်ဖြင့် ကျေနပ်ခဲ့ရသည်။

အမျိုးသား ဘောလုံးပြိုင်ပွဲ အုပ်စု (ခ) စတုတ္ထနေ့တွင် ထိုင်းအသင်းက ကမ္ဘောဒီးယား အသင်းကို ငါးဂိုးပြတ်အနိုင်ရပြီး မလေးရှားနှင့် စင်ကာပူအသင်းတို့ နှစ်ဂိုးစီသရေကျခဲ့သည်။ စင်ကာပူ အသင်းသည် မလေးရှားကို သရေသာကစားနိုင်သဖြင့် ဆီမီးဖိုင်နယ် တက်ခွင့်ဆုံးရှုံးခဲ့ပြီး မလေးရှားအသင်းမှာမူ သုံးပွဲဆက် ရှုံးပွဲမရှိသေးဘဲ ဆီမီးဖိုင်နယ် တက်ရောက်ရန် သေချာသွားခဲ့သည်။ နာမည်ကြီးထိုင်းအသင်းမှာလည်း နှစ်ပွဲဆက်တိုက် ဂိုးပြတ်နိုင်ပွဲရယူကာ ဆီမီးဖိုင်နယ် တက်ရောက်ရန် အခြေအနေကောင်းသွားခဲ့သည်။ ယခုပွဲအပြီးတွင် မလေးရှားအသင်းက သုံးပွဲကစား ခုနစ်မှတ်ရရှိကာ ဆီမီးဖိုင်နယ်တက်ရောက်ရန် သေချာသွားပြီး ထိုင်းအသင်းက သုံးပွဲကစား ခြောက်မှတ်၊ စင်ကာပူအသင်းက ပွဲကုန်လေးပွဲကစား ငါးမှတ်၊ ကမ္ဘောဒီးယားအသင်းက သုံးပွဲကစား သုံးမှတ်၊ လာအိုအသင်းက သုံးပွဲကစား တစ်မှတ် ရရှိထားသည်။ ထိုင်းအသင်းသည် နောက်ဆုံးပွဲတွင် အနိမ့်ဆုံး သရေကစားရုံဖြင့် ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်သည်။ နောက်ဆုံးပွဲကို မေ ၁၆ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မလေးရှားနှင့် ကမ္ဘောဒီးယား၊ ထိုင်းနှင့် လာအိုအသင်းတို့ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

**သတင်း-ရဲရင့်လွင်**
**ဓာတ်ပုံ-VFF**

# ဆီးဂိမ်းအမျိုးသားဖူဆယ်ပြိုင်ပွဲတွင် မြန်မာအသင်း အုပ်စုပထမပွဲအဖြစ် အင်ဒိုနီးရှားနှင့်ယှဉ်ပြိုင်

**ရန်ကုန် မေ ၁၄**

ဆီးဂိမ်း အမျိုးသားဖူဆယ်ပြိုင်ပွဲ အုပ်စုဒုတိယနေ့ကို မေ ၁၄ ရက်က ဗီယက်နမ်နိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်း ရှုံးပွဲကြုံတွေ့ခဲ့သည်။

မြန်မာအသင်းသည် အုပ်စုပထမပွဲအဖြစ် အင်ဒိုနီးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရာ ခြောက်ဂိုးပြတ် အရေးနိမ့်ခဲ့ပြီး အခြားပွဲတွင် ဗီယက်နမ်အသင်းက မလေးရှားအသင်းကို ခုနစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာနှင့် အင်ဒိုနီးရှားအသင်းသည် ဧပြီလက ပြုလုပ်သည့် ၂၀၂၂ အာဆီယံ ဖူဆယ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် တွေ့ဆုံခဲ့ရာ မြန်မာအသင်းက ခြောက်ဂိုး–တစ်ဂိုးဖြင့် အရေးနိမ့်ခဲ့ပြီး နှစ်ပွဲဆက် အရေးနိမ့်ခဲ့ခြင်း ဖြစ်သည်။ မြန်မာအသင်းသည် ပထမပိုင်းတွင် တစ်ဂိုးသာပေးခဲ့ရသော်လည်း ဒုတိယပိုင်းတွင် ငါးဂိုးအထိ ပေးခဲ့ရသဖြင့် ဂိုးပြတ် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အဖွင့်ပွဲတွင် ဂိုးပြတ် အရေးနိမ့်ခဲ့သဖြင့် ဆုတံဆိပ်ရယူနိုင်ရန် လက်ကျန်ပွဲများတွင် ရုန်းကန်ရတော့မည်ဖြစ်သည်။

မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် မေ ၁၆ ရက်တွင် ထိုင်းအသင်းနှင့် ကစားရမည်ဖြစ်သည်။ အုပ်စုဒုတိယနေ့အပြီးတွင် အင်ဒိုနီးရှားနှင့် အိမ်ရှင်ဗီယက်နမ်အသင်းတို့က နှစ်ပွဲကစား လေးမှတ်စီ၊ ထိုင်းအသင်းက တစ်ပွဲကစား သုံးမှတ်ရထားပြီး တစ်ပွဲကစားထားသည့် မြန်မာနှင့် နှစ်ပွဲကစားထားသည့် မလေးရှားအသင်းတို့မှာ ရှုံးပွဲကြုံတွေ့ထားပြီး အမှတ်မရသေးပေ။

**ရဲရင့်လွင်၊ ဓာတ်ပုံ – MFF**



မြန်မာနှင့် အင်ဒိုနီးရှားအသင်း ယှဉ်ပြိုင်နေစဉ်။

○ *ကျောဖုံးမှ*

Cau Giay Gumnasium ၌ ကျင်းပသော ကာယဗလနှင့် ကာယအလှပြိုင်ပွဲတွင် မြန်မာ ကာယဗလ အားကစားသမားများသည် (၇၀) ကီလိုတန်းတွင် ပထမ ရဲထွန်းနောင်(မြန်မာ)၊ ဒုတိယ မလေးရှား၊ တတိယ လာအိုက လည်းကောင်း၊ (၈၀) ကီလိုတန်းတွင် ပထမထိုင်း၊ ဒုတိယ မင်းဇော်ဦး(မြန်မာ)၊ တတိယ မလေးရှားက လည်းကောင်း၊ (၈၅) ကီလိုတန်းတွင် ပထမထိုင်း၊ ဒုတိယ ခင်မောင်ကျော်(မြန်မာ)၊ တတိယ မလေးရှားကလည်းကောင်း၊ (၅၅)ကီလိုတန်းတွင် ပထမဗီယက်နမ်၊ ဒုတိယ မလေးရှား၊ တတိယ ကျော်မင်းသန်း (မြန်မာ)နိုင်ငံတို့ ရရှိသည်။

မေ ၁၅ ရက် **(ယနေ့)**တွင် အလွတ်တန်းပြိုင်ပွဲ၌ တင့်နိုင်၊ အမျိုးသမီး ကာယဗလပြိုင်ပွဲ Women Bodybuilding တွင် ဝတ်ရည်ဖြိုး၊ Miss Pair စုံတွဲပြိုင်ပွဲတွင် ဝတ်ရည်ဖြိုးနှင့် မင်းဇော်ဦး အတွဲတို့က အသီးသီး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**

**အားကစား**
**မြှင့်တင်**
**စိတ်လန်းရွှင်**
**ဆန့်ကျင်**
**မူးယစ်ဆေး**

# ကမ္ဘာ့ဆောင်းခိုငှက်များနေ့

## သီဟစည်သူ

၂၀၂၂ ခုနှစ် မေလ ၁၄ ရက်နေ့သည် ကမ္ဘာ့ဆောင်းခိုငှက်များနေ့ဖြစ်ပြီး ယခုနှစ်အတွက်ဆောင်ပုဒ်မှာ **ငှက်များအတွက် အလင်းမှိန်မှိန် ညအချိန်** ဖြစ်သည်။

အဆိုပါဆောင်ပုဒ် အဓိပ္ပာယ်မှာ လူလုပ်အလင်းရောင်များ၏ ထိခိုက်မှုသည် ဆောင်းခိုငှက်များအပေါ် သိသိသာသာ ခြိမ်းခြောက်လာပြီး ညအချိန်ပျံသန်းရာ၌ လမ်းကြောင်းလွဲချော်ခြင်း၊ အဆောက်အအုံများနှင့် ထိခိုက်ခြင်း၊ အချိန်နာရီသိမှုကို အနှောင့်အယှက်ဖြစ်စေခြင်းနှင့် ခရီးရှည်ဆောင်းခိုပျံသန်းသည့် ငှက်တို့၏ စွမ်းရည်ကို အနှောင့်အယှက် ဖြစ်စေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

### ငှက်မျိုးစိတ် စုစုပေါင်း ၁၈၀၀၀ ခန့်ရှိ

ကမ္ဘာပေါ်တွင် ငှက်မျိုးစိတ်စုစုပေါင်း ၁၈၀၀၀ ခန့်ရှိကာ မြန်မာနိုင်ငံတွင် ၁၁၃၆ မျိုး တွေ့ရှိရကြောင်း ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးအသင်း (BANCA) မှ သိရသည်။ ယင်းငှက်မျိုးစိတ်များသည် ကမ္ဘာ့နေရာဒေသ အနှံ့အပြားတွင် မျိုးစိတ်အလိုက် သင့်လျော်သောဒေသများသို့ ပျံ့နှံ့နေထိုင်ကျက်စားလျက်ရှိရာ ငှက်မျိုးစိတ်ပေါင်း ၃၀၀၀ ခန့်သည် ရာသီအလိုက် နေရာဒေသပြောင်းရွှေ့နေထိုင်လေ့ရှိသည်ဟု ဆိုသည်။

### အုပ်စုလေးမျိုး ခွဲခြားထား

ကမ္ဘာပေါ်ရှိ ငှက်များကို (၁) ဌာနေငှက်မျိုးစိတ်များ၊ (၂) ဒေသအတွင်း ရာသီအလိုက် ရွှေ့ပြောင်းငှက်များ၊ (၃) ဒေသများတွင် ရာသီအလိုက် ရွှေ့ပြောင်းငှက်များနှင့် (၄) ဆောင်းခိုငှက်များဟု အုပ်စုလေးမျိုးခွဲခြားထားသည်။

**ဌာနေငှက်များ**သည် မိမိသားပေါက်ရာဒေသတွင်သာ အမြဲနေထိုင်ကျက်စားကြပြီး ဒေသတစ်ခုမှ တစ်ခုသို့ ပြောင်းရွှေ့နေထိုင်ခြင်းမရှိကြပေ။ ဥပမာ- ဆက်ရက်၊ နဖားကြူး/အမြီးဝိုင်းစသည့် ငှက်များဖြစ်ကြသည်။

**ဒေသအတွင်းရာသီအလိုက် ရွှေ့ပြောင်းငှက်မျိုးစိတ်များသည်** တောင်ပေါ်ဒေသများတွင်သာ နေထိုင်ကြပြီး ရာသီအလိုက် နေထိုင်ရာ အမြင့်ပေများ ကွဲပြားခြားနားမှုရှိကြသည်။ ဥပမာ- ငှက်နက်ပြာလေး၊ ငှက်ပြာလေးဗိုက်မွဲ၊ တောင်နီယူဟီးနားတို့ဖြစ်သည်။

**ဒေသများတွင် ရာသီအလိုက်ရွှေ့ပြောင်း ငှက်မျိုးစိတ်များသည်** ၎င်းတို့သဘာဝနှင့်ကိုက်ညီသော နေရာဒေသများသို့ ရာသီအလိုက် ပြောင်းရွှေ့နေထိုင်ကြသည်။ ဥပမာ- အညိုရောင်ငှူ၊ မီးခိုးရောင်ဥသြ၊ ငှက်တစပ်ညိုတို့ဖြစ်ကြသည်။

### ခရီးမိုင်ထောင်ချီ၍ ပျံသန်း

> ◆ **ကမ္ဘာ့ရွှေ့ပြောင်းငှက်များသည် နှစ်စဉ်ခရီးမိုင်ထောင်ချီ၍ ပျံသန်းကြရသော်လည်း ၎င်းတို့ဆောင်းခိုနေထိုင်ရာနေရာသို့ ရောက်ရှိရန် လမ်းကြောင်းသွေဖည်မှု အနည်းငယ်သာရှိတတ်ကြသည်။ ၎င်းတို့သည် နေ၊ လ၊ ကြယ်တာရာများ၊ နေ့အခါမြင်တွေ့ရသော အထင်ကရအမှတ်သားများနှင့် အနံ့ခံအာရုံများကို အသုံးပြု၍ ဆောင်းခိုရာနေရာများသို့လည်းကောင်း၊ ၎င်းတို့ မွေးဖွားရာဇာတိမြေသို့လည်းကောင်း ပျံသန်းသွားလာကြကြောင်း သိရသည်။ ဥပမာ- ရေညှော်နှုတ်ဝိုင်းငှက်၊ စာဝါကျားငှက်၊ ပို့ချပ်ခေါင်းစိမ်း စသည်တို့ဖြစ်ကြသည်**





**ဆောင်းခိုငှက်များသည်** ကမ္ဘာ့မြောက်ခြမ်းတွင် ဥဥ၊ သားပေါက်ကြပြီး ဆောင်းရာသီတွင် ၎င်းတို့နေထိုင်ရာနေရာများသည် ရေခဲများဖုံးလွှမ်းသွားသောအခါ နေထိုင်ရာနေရာ၊ အစာရေစာများ ရှားပါးလာသောကြောင့် ကမ္ဘာ့တောင်ဘက်ခြမ်းရှိနေရာများသို့ လာရောက်ဆောင်းခိုနေထိုင်ကြရသည်။ ထိုသို့ ကမ္ဘာ့ရွှေ့ပြောင်းငှက်များသည် နှစ်စဉ်ခရီးမိုင်ထောင်ချီ၍ ပျံသန်းကြရသော်လည်း ၎င်းတို့ ဆောင်းခိုနေထိုင်ရာနေရာသို့ရောက်ရှိရန် လမ်းကြောင်းသွေဖည်မှု အနည်းငယ်သာ ရှိတတ်ကြသည်။ ၎င်းတို့သည် နေ၊ လ၊ ကြယ်တာရာများ၊ နေ့အခါမြင်တွေ့ရသော အထင်ကရအမှတ်သားများနှင့် အနံ့ခံအာရုံများကို အသုံးပြု၍ ဆောင်းခိုရာနေရာများသို့လည်းကောင်း၊ ၎င်းတို့မွေးဖွားရာဇာတိမြေသို့ လည်းကောင်း ပျံသန်းသွားလာကြကြောင်း သိရသည်။ ဥပမာ- ရေညှော်နှုတ်ဝိုင်းငှက်၊ စာဝါကျားငှက်၊ ပို့ချပ်ခေါင်းစိမ်းစသည်တို့ ဖြစ်ကြသည်။

ထိုရွှေ့ပြောင်းငှက်များ ကမ္ဘာ့တောင်ခြမ်းသို့ ပျံသန်းရာတွင် လမ်းကြောင်း ကိုးခုရှိသည်။ ၎င်းတို့မှာ အရှေ့အတ္တလန္တိတ်ပျံသန်းရာလမ်းကြောင်း၊ ပင်လယ်နက်- မြေထဲပင်လယ်ပျံသန်းရာလမ်းကြောင်း၊ မစ္စစ္စပီ-အမေရိက ပျံသန်းရာလမ်းကြောင်း၊ အတ္တလန္တိတ်-အမေရိကပျံသန်းရာလမ်းကြောင်း၊ ပစိဖိတ်-အမေရိကပျံသန်းရာလမ်းကြောင်း၊ အနောက်ပစိဖိတ်ပျံသန်းရာလမ်းကြောင်း၊ အရှေ့အာရှ-ဩစတြေးလျပျံသန်းရာလမ်းကြောင်း၊ အာရှအလယ်ပျံသန်းရာလမ်းကြောင်းနှင့် အနောက်အာရှ-အရှေ့အာဖရိက ပျံသန်းရာလမ်းကြောင်းတို့ ဖြစ်ကြသည်။

### မျိုးသုဉ်းမည့်အန္တရာယ်

မြန်မာနိုင်ငံတွင် အရှေ့အာရှ-ဩစတြေးလျပျံသန်းရာလမ်းကြောင်းနှင့် အာရှအလယ်ဗဟိုပျံသန်းရာလမ်းကြောင်းတို့မှ နှစ်စဉ်ဆောင်းခိုငှက်မျိုးစိတ်ပေါင်း ၃၀၀ ကျော်လာရောက် ဆောင်းခိုနေထိုင်ကျက်စားလေ့ရှိသည်။ အထူးသဖြင့် မုတ္တမပင်လယ်ကွေ့သို့ နှစ်စဉ်အကောင်ရေ ၃၀၀ ခန့် လာရောက်ဆောင်းခိုကျက်စားလေ့ရှိသည့် ရေညှော်နှုတ်ဝိုင်းငှက်သည် ကမ္ဘာပေါ်တွင် အကောင်ရေ ၅၀၀ ခန့်သာကျန်ရှိနေပြီး စနစ်တကျထိန်းသိမ်းမှုများ မဆောင်ရွက်နိုင်ပါက ဆယ်စုနှစ်တစ်ခုအတွင်း မျိုးသုဉ်းမည့်အန္တရာယ်ကို ရင်ဆိုင်ရနိုင်ပါသည်။ ။

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းသော စာအုပ်စာစောင်များကို ရန်ကင်းမြို့နယ်မှ စာကြည့်တိုက်များသို့ ပြန်လည်ပေးအပ်

**ရန်ကုန် မေ ၁၄**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်အတွင်းရှိ ရှင်သန်ခိုင်မာစာကြည့်တိုက်နှစ်တိုက်သို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းသော စာအုပ်စာစောင်များ ပြန်လည်ပေးအပ်ပွဲကို ရန်ကင်းမြို့နယ် အမှတ် (၄) ရပ်ကွက်ရှိ မြို့မစာကြည့်တိုက်၌ မေ ၁၁ ရက်က ကျင်းပသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်အိရွှေစင်က ရပ်ကွက်စာကြည့်တိုက်များအနေဖြင့် အလှူခံရရှိသော စာအုပ်များမှာ လူစိတ်ဝင်စားမှုနည်းပါးခြင်းနှင့် အသစ်ထွက်ရှိသော စာအုပ်များ မဖြည့်တင်းနိုင်သောကြောင့် စာကြည့်တိုက် ရေရှည်ရပ်တည်နိုင်ရေး အခက်အခဲများစွာဖြစ်ရကြောင်း၊ ယခုရရှိသောစာအုပ်များမှာ တန်ဖိုးရှိသော စာအုပ်စာပေများဖြစ်သည့်အတွက် စာဖတ်သူများ စိတ်ဝင်စားလာအောင် ဆွဲဆောင်ခြင်းဖြင့် စာကြည့်တိုက်များ ပြန်လည်အသက်ဝင်လာစေရန် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားပြီး စာအုပ်စာစောင်များကို အမှတ် (၄) ရပ်ကွက်ရှိ မြို့မစာကြည့်တိုက်နှင့် အမှတ် (၅) ရပ်ကွက်ရှိ ရန်ကင်းဂုဏ်ရည်စာကြည့်တိုက်တို့မှ တာဝန်ရှိသူများထံ ပေးအပ်ခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

## သာစည်မြို့နယ်၌ ယခုဘဏ္ဍာနှစ်အတွင်း သစ်ပင်မျိုးစုံ ၁၇၄၅၀၀ စိုက်ပျိုးမည်

**သာစည် မေ ၁၄**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ၂၀၂၂ မိုးရာသီကာလအပါအဝင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း သစ်ပင်မျိုးစုံ ၁၇၄၅၀၀ စိုက်ပျိုးသွားရန် ပျိုးထောင်ထားကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်မင်းထွန်း-၂ ထံမှ သိရသည်။

ပျိုးပင်ပေါင်း ၁၇၄၅၀၀ တွင် (မိုးရာသီ) လူထုဖြန့်ပျိုးပင် ၇၅၀၀၀ နှင့် ဌာနအစီအစဉ်ဖြင့် စိုက်ပျိုးမည့် ပျိုးပင် ၉၉၅၀၀ ဖြစ်ပြီး (မိုးရာသီ) လူထုဖြန့်ပျိုးပင် ၇၅၀၀၀ အဖြစ် ဒေသနှင့်ကိုက်ညီသည့် ကျွန်း၊ ပိတောက်၊ တမာ၊ မဲဇလီ၊ မန်ကျည်း၊ ကုလားကုက္ကို၊ မြန်မာကုက္ကို၊ ယူကလစ်၊ စိန်ပန်းကြီး၊ ရေတမာ၊ ဗာဒံ၊ ရင်းမာ၊ မန်ဂျန်ရှားနှင့် မာတာကွတ် စသည့်သစ်ပင်မျိုးစုံ ၁၄ မျိုးကို ပျိုးထောင်ထားကြောင်း၊ ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များ၊ စာသင်ကျောင်းများနှင့် ဒေသခံပြည်သူများထံ အခမဲ့ဖြန့်ဝေပေးလျက်ရှိပြီး သစ်ပင်စိုက်ပွဲတော်များ၊ ဌာနအလိုက် လမ်းဘေးဝဲယာ တအုပ်တမစိုက်ပျိုးခြင်းများနှင့် တစ်ရွာ နှစ်ဧက ကျေးရွာပိုင်ထင်းစိုက်ခင်းများ တွင်လည်း စတင် စိုက်ပျိုးနေပြီဖြစ်ကြောင်း သိရသည်။



ဌာနအစီအစဉ်ဖြင့် စိုက်ပျိုးမည့် ပျိုးပင် ၉၉၅၀၀ ကို စီးပွားရေး (ကျွန်း) စိုက်ခင်း ဧက ၁၁၀၊ စိုက်ခင်းဟောင်း ပြုစုထိန်းသိမ်းခြင်း ဧက ၄၀၊ သဘာဝတောတန်ဖိုးမြှင့်စိုက်ပျိုးခြင်း ဧက ၅၀ နှင့် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း ဧက ၁၀၀ တို့တွင် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ထွန်းထွန်း
(သာစည်)

# လယ်ယာစွန့်ပစ်ပစ္စည်းများမှသည် အစားအစာလုံခြုံမှုဆီသို့

ဒေါက်တာဝင်းစုမင်း (စိုက်ပျိုးရေးသုတေသနဦးစီးဌာန)

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အလျောက် စိုက်ပျိုးရေးမှထုတ်လုပ်သော စွန့်ပစ်ပစ္စည်းများသည်လည်း တစ်နှစ်ထက် တစ်နှစ် များပြားလာလျက်ရှိနေပါသည်။ ထို့ကြောင့် စိုက်ပျိုးရေးဆိုင်ရာ စွန့်ပစ်ပစ္စည်းများကို အသုံးပြုပြီး မြေဆွေးပုံများပြုလုပ်သုံးစွဲရန်အတွက် အလွန်လိုအပ်လျက်ရှိနေပါသည်။ တစ်ဖက်မှလည်း ပတ်ဝန်းကျင်ညစ်ညမ်းမှုကိုလျှော့ချနိုင်ပြီး အခြားတစ်ဖက်မှလည်း စိုက်ပျိုးရေးဆိုင်ရာ အထွက်နှုန်းများ တိုးတက်စေရန်အတွက်လည်း ရည်ရွယ်ချက်များထားရှိကာ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ရေရှည်တွင် မြေဆီလွှာအာဟာရကို ထိန်းသိမ်းရန်အတွက်လည်း မြေဆွေးများ၏ အခန်းကဏ္ဍသည် အလွန်ပင်အရေးကြီးလှပါသည်။ ထို့ကြောင့် အကျိုးပြုအဏုဇီဝသက်ရှိများကို အသုံးပြု၍ ၎င်းစွန့်ပစ်ပစ္စည်းများကို ဆွေးမြည့်စေကာ မြေဆွေးပြုလုပ်အသုံးချခြင်းသည် အကောင်းမွန်ဆုံးသော နည်းလမ်းဖြစ်ပါသည်။

**မြေဆွေးဆိုသည်မှာ**

မြေဆွေးဆိုသည်မှာ အဏုဇီဝသက်ရှိများမှ ချေဖျက်ပြီး ရရှိလာသော တည်ငြိမ်ဆွေးမြည့်သည့် အော်ဂဲနစ်ပစ္စည်းကို ဆိုလိုပါသည်။ မြေဆွေးဖြစ်စဉ်တစ်ခုတွင် အဏုဇီဝသက်ရှိများသည် အောက်ဆီဂျင်ကိုအသုံးပြုပြီး ချေဖျက်သည့်ဖြစ်စဉ်တစ်ခုဖြစ်ခဲ့ပြီး မူလရှုပ်ထွေးသည့်အော်ဂဲနစ်ပစ္စည်းများကို အော်ဂဲနစ်ပစ္စည်းများအသွင်သို့ ပြောင်းလဲသည့်ဖြစ်စဉ် ဖြစ်ပါသည်။ ထရိုင်ခိုဒါးမားဖြင့် ဆွေးမြည့်ထားသော မြေဆွေးများသည် သာမန်ဥယျာဉ်ခြံမြေဆွေးများထက် အပင်ရောဂါများကိုသက်သာစေပြီး အပင်ကြီးထွားမှုကို တိုးတက်ကောင်းမွန်စေပါသည်။

**အကျိုးပြုအဏုဇီဝသက်ရှိများအသုံးပြု၍ မြေဆွေးပြုလုပ်ခြင်း**

မြေဆွေးပြုလုပ်ရာတွင် စိုက်ပျိုးရေးဆိုင်ရာ စွန့်ပစ်ပစ္စည်းများဖြစ်သည့် ကောက်ရိုး၊ပြောင်းရိုး၊ နှမ်းရိုး၊ ကြံကြိတ်ဖတ် ကဲ့သို့သော ပစ္စည်းများကို အသုံးပြုနိုင်ပါသည်။ သမားရိုးကျမြေဆွေးများသည် ဆွေးမြည့်ရန်အတွက် ပုံမှန်အားဖြင့် လေးလမှ ငါးလခန့်အထိ ကြာမြင့်တတ်ကြပါသည်။ အကျိုးပြုအဏုဇီဝသက်ရှိကိုအသုံးပြု၍ ဆွေးမြည့်စေမည်ဆိုပါက သုံးပတ်မှ လေးပတ်အထိကြာမြင့်ချိန်ကို လျှော့ချနိုင်မည် ဖြစ်ပါသည်။ ဆဲလူးလို့စ်များကို ချေဖျက်နိုင်သည့် အက်စပါးဂျီးလပ်စ်နှင့် ထရိုင်ခိုဒါးမားမှိုများကို အသုံးပြုမည်ဆိုပါက တစ်လအတွင်းဆွေးမြည့်စေနိုင်ကြောင်း သုတေသနများအရ သိရှိရပါသည်။ ထရိုင်ခိုဒါးမားမှိုများတွင် ပါဝင်သည့် အင်ဇိုင်းတစ်မျိုးသည် ဆဲလူးလို့စ်များကို ကောင်းစွာ ချေဖျက်နိုင်ပါသည်။ ထို့ကြောင့် ထရိုင်ခိုဒါးမား အကျိုးပြုမှိုများကို မြေဆွေးပြုလုပ်ရာတွင် အသုံးပြုသင့်ပါသည်။

ထရိုင်ခိုဒါးမားမှို



ထရိုင်ခိုဒါးမားမှိုပွားစာထုတ်လုပ်ခြင်း




ထရိုင်ခိုဒါးမားမှိုပွားစာ ၁၅၀ ဂရမ်ကို ဖွဲနုတစ်ပြည်ရောစပ်ခြင်း။

**ထရိုင်ခိုဒါးမားမှိုအသုံးပြု၍ မြေဆွေးပြုလုပ်ခြင်း**

ထရိုင်ခိုဒါးမားမှိုသည် ပွားများမှုမြန်ဆန်ပြီး စီးပွားဖြစ်အနေဖြင့် ဇီဝမြေဆွေးထုတ်လုပ်ခြင်း၊ ဇီဝပိုးသတ်ဆေးများထုတ်လုပ်ခြင်းတို့တွင် ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုခဲ့ကြသည်။ သီးနှံအများစု၏ မြေဆောင်ရောဂါများကျရောက်မှုတွင်လည်း ထရိုင်ခိုဒါးမားမှိုကို အသုံးပြု၍ ရောဂါများကို လျော့ပါးသက်သာစေကြောင်း တွေ့ရှိရပါသည်။ ထရိုင်ခိုဒါးမားမှိုဖြင့်စီရင်ထားသော မြေဆွေးများသည် အပင်များတွင်ဖြစ်စေသော မှိုရောဂါတော်တော်များများကို ကာကွယ်နှိမ်နင်းနိုင်ပါသည်။ ဇီဝမြေဆွေးများသည် ဓာတုမြေဆွေးများကဲ့သို့ အပင်ကို တိုက်ရိုက်အစာကျွေးခြင်းမဟုတ်ဘဲ မြေထဲတွင်ရှိသော အခြားဗက်တီးရီးယားများနှင့် မှိုများအတွက် ကြားခံပစ္စည်းများအနေဖြင့် အကျိုးပြုနေပါသည်။ ဇီဝမြေဆွေးထုတ်လုပ်မှုသည် ဓာတုမြေသြဇာများထုတ်လုပ်ခြင်းထက် ရိုးရှင်းလွယ်ကူပြီး ထုတ်လုပ်မှုကုန်ကျစရိတ်ကို သက်သာစေပါသည်။

မြေဆွေးပြုလုပ်ပုံအဆင့်ဆင့်




**မြေဆွေး ဆွေးမြည့်မှုကိုစမ်းသပ်ခြင်း**

မျိုးစေ့ကို အညှောင့်ဖောက်၍စမ်းသပ်ခြင်းသည် မြေဆွေးဆွေးမြည့်မှုကို တိုင်းတာရာတွင် အကောင်းဆုံးနည်းလမ်းတစ်ခုဖြစ်ပါသည်။ အပင်ပေါက်ရာခိုင်နှုန်း ၈၀ - ၈၅ ရာခိုင်နှုန်းထက် ကျော်လွန်ပါက မြေဆွေးသည် ကောင်းစွာဆွေးမြည့်နေပြီ ဖြစ်ပါသည်။ ကောင်းစွာဆွေးမြည့်နေသော မြေဆွေးသည် ပြင်ပသွင်ပြင်လက္ခဏာများအရ အညိုရောင်မှ အနက်ရောင်ဖြစ်နေခြင်း၊ မြေလုံးဖွဲ့စည်းမှုကောင်းခြင်း၊ အနံ့အသက်ကောင်းခြင်းတို့နှင့် ပြည့်စုံရပါမည်။ ထရိုင်ခိုဒါးမားမှိုစီရင်ထားပါက နိုက်ထရိုဂျင်၊ ဖော့စပါးရပ်နှင့် ပိုတက်စီယမ်ပါဝင်မှုကို ကောင်းမွန်စေပါသည်။ ကာဗွန်၊ နိုက်ထရိုဂျင်အချိုးကိုလည်း လျော့ကျစေပါသည်။ ကောက်ရိုးမြေဆွေးသည် ၈၅-၁၀၈ ရက်အတွင်း ဆွေးမြည့်ပြီး ကြံမြုပ်ချေးမြေဆွေးသည် ရက်ပေါင်း ၁၁၈ ရက်ကြာမှသာ ဆွေးမြည့်သည်ကို လေ့လာတွေ့ရှိထားပါသည်။ ထို့ကြောင့် ထရိုင်ခိုဒါးမားမှိုကို အသုံးချခြင်းဖြင့် မြေဆွေးများ ပြုလုပ်သုံးစွဲသင့်ပါသည်။

**သဘာဝမြေဆွေးနှင့် ဇီဝမြေဆွေးတို့၏ အကျိုးကျေးဇူးများ**

သဘာဝ၊ ဇီဝမြေဆွေးများကို အသုံးပြုခြင်းဖြင့် တောင်သူများလက်ရှိအသုံးပြုနေသော ဓာတုဗေဒပိုးသတ်ဆေး၊ မြေသြဇာများအတွက် ကုန်ကျစရိတ်များကို လျှော့ချနိုင်ပြီး ဝင်ငွေများလည်း တိုးတက်လာစေမည်ဖြစ်ပါသည်။ အကျိုးပြုအဏုဇီဝသက်ရှိများကိုအသုံးပြု၍ မြေဆွေးများ ပြုလုပ်သုံးစွဲခြင်းဖြင့် အစားအစာလုံခြုံမှုနှင့် အန္တရာယ်ဖြစ်မှု၊ စားသုံးရန်စိတ်ချရမှု စသည်တို့ကိုလည်း တိုးတက်ကောင်းမွန်စေမည်ဖြစ်ပါသည်။ ပြည်ပပို့ကုန်သီးနှံများတွင်လည်း ဓာတ်ကြွင်းအာနိသင်ပြဿနာကြောင့် ပို့ကုန်အတွက်ထိခိုက်နစ်နာမှုများ၊ စီးပွားရေးအရ ဆုံးရှုံးရမှုများကို စိုက်ပျိုးသူတောင်သူများ၊ ကုန်သည်များလည်း ထိခိုက်ခံစားနေကြရပါသည်။

ဇီဝမြေဆွေးများ ပြုလုပ်သုံးစွဲခြင်းဖြင့် အထက်ပါပြဿနာများကို ပြေလည်စေမည်ဖြစ်ပြီး စားသုံးသူ၊ စိုက်ပျိုးသူ၊ ကုန်သည်များမှသည် နိုင်ငံတော်အထိ များစွာအကျိုးရှိစေမည်ဖြစ်ပါသည်။ ထို့ကြောင့် စိုက်ပျိုးရေးဆိုင်ရာ စွန့်ပစ်ပစ္စည်းများကိုအသုံးပြုပြီး ဇီဝမြေဆွေးများ အမြန်ဆုံးအကောင်အထည်ဖော်ပြုလုပ်သုံးစွဲကြရန် လိုအပ်လာပြီဖြစ်ပါသည်။ ဇီဝမြေဆွေးများ ပြုလုပ်သုံးစွဲလိုသော တောင်သူများ၊ စိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် အော်ဂဲနစ်စိုက်ပျိုးရေးကို အကောင်အထည်ဖော်ဆောင်ရွက်လိုသော အဖွဲ့အစည်းများအတွက် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ထရိုင်ခိုဒါးမားမှိုထုပ်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးခြင်းနှင့် ဇီဝမြေဆွေးပြုလုပ်ရန် နည်းပညာများသင်တန်းပေးခြင်း၊ လက်တွေ့ဆောင်ရွက်ပေးခြင်းတို့ဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။ ။

**“ ကောင်းစွာဆွေးမြည့်နေသော မြေဆွေးသည် ပြင်ပသွင်ပြင်လက္ခဏာများအရ အညိုရောင်မှ အနက်ရောင်ဖြစ်နေခြင်း၊ မြေလုံးဖွဲ့စည်းမှုကောင်းခြင်း၊ အနံ့အသက်ကောင်းခြင်းတို့နှင့် ပြည့်စုံရပါမည်။ ထရိုင်ခိုဒါးမားမှိုစီရင်ထားပါက နိုက်ထရိုဂျင်၊ ဖော့စပါးရပ်နှင့် ပိုတက်စီယမ်ပါဝင်မှုကို ကောင်းမွန်စေပါသည်။ ကာဗွန်၊ နိုက်ထရိုဂျင်အချိုးကိုလည်း လျော့ကျစေပါသည်။ ကောက်ရိုးမြေဆွေးသည် ၈၅-၁၀၈ ရက်အတွင်း ဆွေးမြည့်ပြီး ကြံမြုပ်ချေးမြေဆွေးသည် ရက်ပေါင်း ၁၁၈ ရက်ကြာမှသာ ဆွေးမြည့်သည်ကို လေ့လာတွေ့ရှိထားပါသည် ”**

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 2E/7398 Honda fit GD 1 Station Wagon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယဉ်မူယာစိုး ၁၄/ရကန (နိုင်)၁၀၅၀၆၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

သွေးသည် အသက်

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ အေးချမ်းသာယာရပ်ကွက်၊ မင်းလမ်း၊ အိမ်အမှတ် (၃၇၅)၊ ခြံအမှတ် (ဗ/၁၂)၊ ဦးတင်အေး ၇/ဝမန(နိုင်)၀၇၅၂၃၂ အမည်ပေါက်ပိုင်ဆိုင်သော မြေချပါမစ်(၄၇x၇၅)ပေရှိ မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို သမီးဖြစ်သူ ဒေါ်သန်းသန်းငွေအား ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၅ရက်တွင် ဖခင်ဖြစ်သူ ဦးတင်အေးမှ အမွေဆိုင်သားသမီးများနှင့်အတူ အခြားအသိသက်သေများရှေ့တွင် သမီးဖြစ်သူ ဒေါ်သန်းသန်းငွေ ၇/ဝမန(နိုင်)၀၇၇၆၃၄ထံသို့ မေတ္တာဖြင့် အပိုင်ပေးခြင်းကတိစာချုပ်အား ချုပ်ဆို၍ အပြီးအပိုင်ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

ထိုသို့ပေးအပ်ခဲ့ပြီးနောက် အခြားပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက မိမိပိုင်ဆိုင်ကြောင်း အထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ပိုင်ရေးဆိုင်ခွင့်ရှိသူ ကျွန်ုပ်မိတ်ဆွေ ဒေါ်သန်းသန်းငွေထံသို့ဖြစ်စေ၊ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက သက်ဆိုင်ရာဌာနအသီးသီးသို့ လုပ်သင့်လုပ်ထိုက်သူများအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးနန္ဒ
(L.L.B, D.B.L, D.I.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၅၄၂/၁၇)
အမှတ် (၅)၊ သမာဓိလမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် (တရားရုံးအနီး)၊ ဖုန်း-၀၉-၄၄၄၆၇၀၇၀၇

ကပ္ပတိန်သာစိန်၏
"သမိုင်းထဲမှ အနောက်ရခိုင်သားများ"
ပြည်ပနိုင်ငံတွင်အုပ်စိုးသူဘဝမှ အုပ်စိုးခံရသူအဖြစ်သို့ ပြောင်းလဲသွားရကာ ဘာသာအယူမတူသူတို့အကြား ရပ်တည်ရှင်သန်နိုင်အောင် သမိုင်းဝဲဂရက်နှင့်အတူ ယနေ့တိုင် မျှောပါရုန်းကန်နေကြရသော ရခိုင်မျိုးနွယ်တစ်စုတို့အကြောင်း သမိုင်းကို သက်သေပြု၍ ရေးသားတင်ပြထားသောစာအုပ်
အမှတ်(၂၇၈)၊ (၇)လမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။
ဖုန်း၀၉-၂၅၀၆၁၀၇၇၀၊ ၀၉-၂၅၀၀၅၀၇၂၀

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်း

နေပြည်တော် မေ ၁၄

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ မင်္ဂလာသီရိ ကျောင်းတိုက်သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ တိပိဋကလင်္ကာရ စာသင်တိုက်သို့လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး၏ ထားဝယ်မြို့နယ်ရှိ ပန်းသုံးဝ ကျောင်းတိုက်သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်ရှိ ရန်ကြီးအောင် ကျောင်းတိုက်သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ်ရှိ သုမင်္ဂလာရာမ လယ်တီဝိပဿနာ ကျောင်းတိုက်သို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ တိုက်ကြီးကျောင်း ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော် ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ကျွန်းစုမြို့နယ်ရှိ ဒေသခံများကို ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်

ရန်ကုန် မေ ၁၄

တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်) သည် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကမ်းရိုးတန်းဒေသများမှ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် မေ ၁၃ ရက် ညနေပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်သို့ရောက်ရှိကြရာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် သစ်လွင်ထူး၊ တနင်္သာရီရေတပ်စခန်းဌာနချုပ်မှ ဌာနချုပ်မှူး ဗိုလ်မှူးချုပ် သိန်းထူး၊ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။



အဆိုပါ တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကျွန်းရတနာခန်းမ၌ အခြေပြု၍ ဒေသခံပြည်သူ အမျိုးသား ၃၇၆ ဦး၊ အမျိုးသမီး ၄၃၈ ဦး၊ စုစုပေါင်း ၈၁၄ ဦးတို့ကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာ ရောဂါ ၂၅၅ ဦး၊ ခွဲစိတ်ရောဂါ ၈၅ ဦး၊ ကလေးရောဂါ ၆၄ ဦး၊ သားဖွားမီးယပ်ရောဂါ ၈၃ ဦး၊ အရိုးရောဂါ ၈၃ ဦး၊ နား/နှာခေါင်း/လည်ချောင်းရောဂါ ၈၇ ဦး၊ မျက်စိရောဂါ ၇၆ ဦးနှင့် သွားရောဂါ ၈၁ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။(**အပေါ်ပုံ**)

ထို့ပြင် ခွဲစိတ်ကုသရန်လိုအပ်သူ မျက်စိခွဲစိတ်လူနာ ၁၃ ဦး၊ သွားခွဲစိတ် လူနာ ၈၇ ဦးနှင့် အထွေထွေခွဲစိတ်လူနာ ၂၁ ဦးကို ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးပြီး ဓာတ်မှန်ရိုက်လူနာ ၅၁ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၅၇ ဦး၊ ဓာတ်ခွဲစမ်းသပ်လူနာ၂၀၄ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူ ၁၃ ဦးကို ဆေးရုံရေယာဉ်ပေါ်တွင် ဆေးရုံတင်ကုသပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီနှင့် လူသုံးကုန်ပစ္စည်းများ ဖမ်းဆီးရမိ

နေပြည်တော် မေ ၁၄

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၁၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့မှ တောင်ငူမြို့သို့ သွားရောက်မည့် ခရီးသည်တင် မှန်လုံယာဉ်တစ်စီးပေါ်၌ ခရီးသည်ဝန်စည်များနှင့် ရောနှောတင်ဆောင်လာသော တရားဝင်စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့အလှကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၄၄၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ ID တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော အဝတ်အထည်နှင့် လက်ကိုင်အိတ်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၉၀၀၀၀) ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မေ ၁၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ကန့်ဘလူမြို့နယ်အတွင်း တရားမဝင်ဒီဇယ်နှင့် ချက်ဆီသန့် ၁၅၇၅ ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၆၀၀၀၀၀) ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော စစ်ဆေးရေးအဖွဲ့များက စစ်ကိုင်းမြို့နယ်အတွင်း တရားမဝင်အင်ခွဲသား ၅ ဒသမ ၈၀၆၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၆၁၇၂) ကို သစ်တောဥပဒေအရ လည်းကောင်း ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်ဘိုင်းဒါးကြိုးဝိုင်းအတွင်း တရားမဝင်ကျွန်းခွဲသားနှင့် ပျဉ်းကတိုးခွဲသား ၁၈ ဒသမ ၂၁၄၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၆၂၉၈၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲခြောက်မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၆၃၁၅၂) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
ပုသိမ်ခရိုင်တရားမရုံးတော်၌
၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၈၈

ခရိုင်မန်နေဂျာ
မြန်မာ့စီးပွားရေးဘဏ်၊ ပုသိမ်မြို့
တရားလို
နှင့်
၁။ ဒေါ်ကြူကြူ
၂။ ဦးသက်ရွှေ
တရားပြိုင်များ

ပုသိမ်မြို့နယ်၊ ငွေဆောင်မြို့နယ်ခွဲ၊ အမှတ်(၃)ရပ်ကွက်၊ အထကအနီး၊ မြို့မလမ်းနေ ဒေါ်ကြူကြူ၊ ဦးသက်ရွှေ (ယခုလိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို မြန်မာ့စီးပွားရေးဘဏ်၊ ပုသိမ်မြို့က ဘဏ်ချေးငွေ အတိုးအရင်း စုစုပေါင်း ကျပ်(၅၂၆၀၀၃၉၁)ကျပ်(၁၀)ပြား ရရန်အတွက် အပေါင်ဒီကရီရလိုမှုနှင့် တရားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ခုနှစ် ဇွန် ၉ ရက်(၁၃၈၄ ခုနှစ် နယုန်လဆန်း ၁၁ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော် သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် မေ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ရီရီလွင်)
ဒုတိယခရိုင်တရားသူကြီး(၂)
ပုသိမ်ခရိုင်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သူ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှုဇုန်(၂)၊ ၄၉-လမ်း၊ လလ-၈၂နေ ဦးအောင်မျိုးဝင်း ၉/မနမ(နိုင်) ၀၁၃၂၆၆၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်သည်မှာ-

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ သက္ကံချိုင်းကျေးရွာအုပ်စု၊ ညောင်ကုန်းကျေးရွာ၊ ကွင်းအမှတ်(၆၈၈)၊ ဦးပိုင်အမှတ်-အန်-၇၅၊ ဧရိယာ (၁၁ဒသမ၀၀) ဧက အကျယ်ရှိမြေအား မူလစိုက်ပျိုးလုပ်ကိုင်သူ ဦးကံညွှန့်ထံမှ ဒေါ်ခင်ဝင်းရီ ၁၂/ပဇတ (နိုင်) ၀၂၄၅၂၇သို့လည်းကောင်း၊ ဒေါ်ခင်ဝင်းရီမှ ဦးတင်အောင်မိုး ၈/ရနခ (နိုင်) ၀၀၀ ၇၄၈သို့လည်းကောင်း၊ ဦးတင်အောင်မိုးမှ ဦးလှခိုင် ၉/ညဥန(နိုင်) ၀၀၀၃၇၀သို့လည်း ကောင်း အဆင့်ဆင့်လွှဲပြောင်းခဲ့ကြပြီး (၁-၄-၂၀၁၇)ရက်မှစ၍ အစဉ်တစိုက်လက်ရှိထား စိုက်ပျိုးလုပ်ကိုင်လျက်ရှိသော ဦးလှခိုင်ထံမှတဆင့် ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်မျိုးဝင်းက တရားဝင်အလွှဲအပြောင်းပြုခြင်း၊ စိုက်ပျိုးလုပ်ကိုင်ပိုင်ခွင့် လျှောက်ထားခြင်းကိစ္စရပ်များအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ယင်းမြေကွက်နှင့်စပ်လျဉ်း၍ တရားဝင် အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို အထောက်အထားခိုင်လုံစွာဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း သက်ဆိုင်ရာ ရုံးဌာနအသီးသီးတွင် ကန့်ကွက်နိုင်ပါကြောင်းဖြင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ- |
| ဦးအောင်မျိုးဝင်း | ဒေါ်ဖြိုးပပဝင်း(LL.B,D.B.L,WIPO(Switzerland)) |
| ၉/မနမ(နိုင်)၀၁၃၂၆၆ | တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၈/၂၀၁၂) |
| | အခန်းအမှတ်(၂၄)၊ YMCAတိုက်ခန်း၊ |
| | မန္တလေး-လားရှိုးလမ်းမကြီး၊ ရပ်ကွက်ကြီး(၁)၊ ပြင်ဦးလွင်မြို့ |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဆိပ်ကမ်းသာလမ်း၊ မြေတိုင်းရပ်ကွက် အမှတ် ၃၇၊ မြေကွက်အမှတ် ၄၆၅၊ ဧရိယာ(၄၀x၆၀)ပေ အကျယ်ရှိ ဦးဦးကျော်အမည်ပေါက် မြေချပါမစ်၊မြေကွက်လွှတ်ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရှိထားသည်ဟုဆိုသူ ဦးအောင်ကျော်မြင့် ၁၂/ မဂဒ(နိုင်)၀၉၁၇၄၈၊ အမှတ် ၁၇၊ ပိတောက်မြိုင်လမ်း၊ ကြံခင်းစုရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်နေသူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ငွေပေးချေကာ အရောင်းအဝယ်စာချုပ်ချုပ်ဆို လက်ရောက်ဝယ်ယူမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ငါးရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးထွန်းဝင်းနိုင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၉၆၂)
အင်းစိန်ရှေ့နေအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း
အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၁၈၅၄၄၂

## သက်ဆိုင်သူများ ကန့်ကွက်နိုင်ရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရှင်တစ်ရာလမ်း၊ မြေကွက်အမှတ်(၂၀၊ ၂၁၊ ၂၂)၊ အလျား ၆၀ပေ X အနံ ၈၀ပေ (၃)ကွက်တွဲ(စုစုပေါင်း အလျား ၁၈၀ပေ X အနံ ၈၀ပေ) ဂရန်မြေကွက်(၃)ကွက်နှင့် ယင်းမြေကွက်(၃)ကွက်အပေါ်ရှိ ခံစားခွင့် အားလုံးတို့ကို ပိုင်ရှင်ဦးကျော်အေး ၁၃/ ကခန(နိုင်)၀၇၁၇၀၂ မှ ရောင်းချမည်ဟု ကမ်းလှမ်းလာသဖြင့် ကျွန်တော် ဦးမျိုးမြင့်ကျော် ၈/ငဖန(နိုင်) ၀၃၁၆၀၃ မှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ၁၃-၅-၂၀၂၂ရက်တွင် ပေးချေထားပြီးဖြစ်၍ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမျိုးမြင့်ကျော်
၈/ငဖန(နိုင်)၀၃၁၆၀၃
အမှတ် ၇၆၀၊ အောင်မေတ္တာ(A)၊ ၁၄လမ်း၊ မကွေးမြို့၊ ဖုန်း-၀၉-၉၇၃၅၀၅၉၄၃

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊(၁၄/၃)ရပ်ကွက်၊ ချယ်ရီဥယျာဉ်မြို့တော် အိမ်ရာ၊ ချယ်ရီ ၄လမ်း၊ မြေကွက်အမှတ်(၁/ဗမ$^{၅}$၊ ၁/ဗ$^{၆}$၊ ၁/ဗ$^{၇}$၊၁/ဗ$^{၈}$၊၁/ဗ$^{၉}$၊ ၁/ဗ$^{၁၀}$၊၁/ဗ$^{၁၁}$(F)Lot-77 ပူးတွဲမြေပုံပါ မြေကွက်အတွင်းမှ မျက်နှာစာ(၆၀)ပေ၊ ရှေ့/နောက်(၅၅)ပေ၊ ဧရိယာ ၃၃၀၀ စတုရန်းပေနှင့် ၎င်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား လက်ရှိထားပိုင်ဆိုင်၍ လွတ်လပ်စွာ လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ Myanmar Economic Development Coporation Public Co.,Ltd. ၏ ဒါရိုက်တာ ဦးသိန်းသန်းအောင် ၁၂/ဗဟန(နိုင်)၁၀၁၂၇၂ ထံ မှ ကျွန်ုပ်မိတ် ဆွေဖြစ်သော ဒေါက်တာ အောင်ကျော်ထွန်း ၁၀/မလမ(နိုင်)၁၈၇၁၂၂ မှ ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေခဲ့ပါသည်။ သို့ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသော စာရွက်စာတမ်းမူရင်းများ နှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူများမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပြီး ဝယ်ယူသူမှ အိမ်ခြံမြေအား လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သန္တာလွင်(LL.B)
အမှတ် ၆၄၈၊ ဦးပုည ၁လမ်း၊ (၁၇)ရပ်ကွက်၊ ရွှေပေါက်ကံ၊ မြောက်ဥက္ကလာပမြို့နယ်
ဖုန်း-၀၉-၅၄၁၂၅၆၇

## တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
## အင်ဂျင်နီယာသင်တန်းသားများ
## အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို) ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး ၁၈-၄-၂၀၂၂ ရက်နေ့မှ စတင်၍ ၁၉-၆-၂၀၂၂ ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) အင်္ဂလိပ်စာ ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) သင်္ချာ ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့မှ ၂၄ ရက်နေ့အတွင်း သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ ဇွန်လ ၂၈ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည် ဖြစ်သည်၊

၆၊ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် ကျပ် ၁၆၈၀၀၀/- ၊ ဒုတိယနှစ် ကျပ် ၁၇၄၀၀၀/- ၊ တတိယနှစ် ကျပ် ၁၈၀၀၀၀/- ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) ဘွဲ့လက်မှတ်အပ်နှင်းခြင်း။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) တာဝန်ပေးအပ်ခြင်း။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် ပညာသည်အကြပ်ကြီး အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) အဆင့်တိုးမြှင့်ပေးအပ်ခြင်း။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင် စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

## သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
## ၂၀၂၂-၂၀၂၃ ခု၊ ပညာသင်နှစ် အစိုးရနည်းပညာအထက်တန်းကျောင်းများအတွက် သင်တန်းသားသစ်များခေါ်ယူခြင်း

၁။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအောက်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်းများ (ပူတာအို၊ မြစ်ကြီးနား၊ ဗန်းမော်၊ လွိုင်ကော်၊ ဘားအံ၊ မော်လမြိုင်၊ စစ်တွေ၊ လားရှိုး၊ တောင်ကြီး၊ ပင်လုံ၊ ကျိုင်းတုံ၊ ပင်းပက်၊ ရွာမ၊ လက်ခုပ်ကုန်း၊ ကျောက်ဆည်၊ မိတ္ထီလာ၊ မြင်းခြံ၊ မန္တလေး၊ နေပြည်တော်၊ ခန္တီး၊ ကလေး၊ မုံရွာ၊ ချောင်းဦး၊ ပခုက္ကူ၊ မကွေး၊ ပြည်၊ တောင်ငူ၊ ပုသိမ်၊ ဟသ်္ာတ၊ မအူပင်၊ ထားဝယ်၊ မြိတ်၊ ကော့သောင်း)စုစုပေါင်း ၃၃ကျောင်းတို့တွင် သင်တန်းသားသစ်များ ခေါ်ယူမည်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်-

(က) အခြေခံပညာအလယ်တန်းအဆင့် အဋ္ဌမတန်း(Grade 9)အောင်မြင်သူ ဖြစ်ရမည်။

(ခ) နည်းပညာနှင့် သက်မွေးပညာလုပ်ငန်းသဘာဝအရ ကျန်းမာရေး ကောင်းမွန်သူဖြစ်ပြီး လက်တွေ့လုပ်ငန်းနှင့် စက်ရုံ/ကုမ္ပဏီများသို့ ကွင်းဆင်းဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၃။ G.T.H.S(၃)နှစ်သင်တန်းတွင် ထူးချွန်စွာအောင်မြင်ပါက A.G.T.I ပထမနှစ်သင်တန်းနှင့် B.Tech ပထမနှစ်သင်တန်းသို့ သက်ဆိုင်ရာ ကျောင်းများ၏ ဝင်ခွင့်ရွေးချယ်ရေးမူများအတိုင်း လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

၄။ အစိုးရနည်းပညာအထက်တန်းကျောင်းများသို့ တက်ရောက်ခွင့်ရရှိသော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာသင်ထောက်ပံ့ကြေး လျှောက်ထားလာပါက တစ်ဦးလျှင် တစ်လ ၃၀၀၀၀ိ/-နှုန်းဖြင့် သင်တန်းတက်သည့် ကာလများအတွင်း ထောက်ပံ့ကြေးပေးအပ်မည့် အစီအစဉ်ရှိပါသည်။

**ဖွင့်လှစ်မည့်သင်တန်းများ**

၅။ အောက်ပါသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးပါမည်-

(က) အဆောက်အဦ နည်းပညာသင်တန်း(Building Technology)

(ခ) အီလက်ထရောနစ်နည်းပညာသင်တန်း(Electronics Technology)

(ဂ) လျှပ်စစ်နည်းပညာသင်တန်း(Electrical Technology)

(ဃ) မော်တော်ယာဉ်နည်းပညာသင်တန်း(Automotive Technology)

(င) စက်ပစ္စည်းအစိတ်အပိုင်းများထုတ်လုပ်ခြင်းနည်းပညာသင်တန်း (Machining Technology)

(စ) အဆောက်အဦ ပြုပြင်ထိန်းသိမ်းမှုနည်းပညာသင်တန်း(Building Service Technology)

(ဆ) သတ္တုပစ္စည်းထုတ်လုပ်မှုနည်းပညာသင်တန်း (Metal Process Technology)

(ဇ) သုတနည်းပညာသင်တန်း(Information Technology)

၆။ ကျောင်းဝင်ခွင့်လျှောက်လွှာများကို အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် ၁၁-၅-၂၀၂၂ ရက်မှ စတင်ထုတ်ယူနိုင်ပြီး ၃၀-၅-၂၀၂၂ ရက် နောက်ဆုံးထား၍ မိမိတို့တက်ရောက်လိုသည့် အစိုးရနည်းပညာအထက်တန်းကျောင်းသို့ လျှောက်လွှာတင်သွင်းရမည်ဖြစ်သည်။

၇။ အသေးစိတ်သိရှိလိုပါက အပိုဒ်(၁)ပါအစိုးရနည်းပညာအထက်တန်းကျောင်းများတွင် ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

## ပတ်စ်ပို့ ပျောက်ဆုံး

ကျွန်မ မတင်မာလင်း ၈/သရန (နိုင်)၁၂၆၄၂၉၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြား ပေးပါရန်။

ဖုန်း-၀၉-၂၅၈၀၀၃၈၉၉

## ရှမ်းပြည်နယ်အစိုးရအဖွဲ့
## လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
## လုပ်ငန်းသုံးပစ္စည်းဝယ်ယူခြင်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသ(၁၂)၊ ရှမ်းပြည်နယ်ရုံးမှ တာချီလိတ်မြို့နယ်၊ နမ့်ခမ်းမြို့နယ်နှင့် ဟိုပန်မြို့နယ်အတွင်းရှိ နေရာ ၆ ခုတွင် ဆောင်ရွက်မည့် မြစ်၊ ချောင်းရေတိုက်စားမှုကာကွယ်ရေး လုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** | - | ၁၆-၅-၂၀၂၂ ရက်မှ ၂၇-၅-၂၀၂၂ ရက်အထိ (ရုံးချိန်အတွင်း) |
| ၃။ | **တင်ဒါလျှောက်လွှာပေးသွင်းရမည့်ရက်** | - | ၃၀-၅-၂၀၂၂ ရက်၊ ၀၉:၃၀ နာရီ |
| ၄။ | **တင်ဒါဖွင့်မည့်ရက်** | - | ၃၀-၅-၂၀၂၂ ရက်၊ ၁၃:၀၀ နာရီ |
| ၅။ | **တင်ဒါပေးသွင်းရမည့်နေရာ** | - | ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁၂)၊ ရှမ်းပြည်နယ်ရုံး၊ ကံကြီးရပ်ကွက်၊ တောင်ကြီးမြို့ |

၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံး၊ ဖုန်း-၀၈၁-၂၁၃၂၂၇၁၊ Email-region12.dwir@gmail.com သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ရှမ်းပြည်နယ်အစိုးရအဖွဲ့**

## ငြင်းချက်ထုတ်ရန် သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## ကျိုင်းတုံခရိုင်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၁၁

ဦးဖြိုးပြည့်နောင် **တရားလို** နှင့် ဦးအိုက်ကု(ခ)စိုင်းကု(ခ)တင်ချုအန်း **တရားပြိုင်**

ကျိုင်းတုံမြို့၊ ရပ်ကွက်(၅)၊ နွံနောရပ်နေ ဦးအိုက်ကု(ခ)စိုင်းကု(ခ)တင်ချုအန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ကျိုင်းတုံမြို့၊ ရပ်ကွက်(၅)၊ နွံနောရပ်နေ ဦးဖြိုးပြည့်နောင်က ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ငင်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ် မေလ ၂၇ ရက် (၁၃၈၄ ခုနှစ် ကဆုန်လပြည့်ကျော် ၁၃ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် မေ ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စခိုင်ကျော်ဌေး)**
**ဒုတိယခရိုင်တရားသူကြီး**
**ကျိုင်းတုံခရိုင်တရားရုံး**

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးကြည်လွင် ၈/သရန(နိုင်)၀၉၆၃၀၆၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်မ မစန်းသီတာဦး ၈/သရန(နိုင်)၀၉၃၃၈၉၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1D/5333 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/42864Honda Click 125 M/Cယာဉ်လက်ဝယ်ရှိသူ ဦးမင်းခန့် ၉/မဟမ(နိုင်)၀၅၂၉၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4N/5875 KIA BON GO 111 plu(4x2)ယာဉ်လက်ဝယ်ရှိသူ ဦးမိုးထွန်း ၅/ကနန(နိုင်)၀၅၈၁၄၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4E/8152 Toyota Dyna KDY 230 Van (4x2)ယာဉ်လက်ဝယ်ရှိသူဒေါ်ဝင်းမေ ၉/မနမ(နိုင်) ၀၉၂၇၉၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 35W/48032 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမင်းထွန်း ၉/မနတ(နိုင်) ၀၀၄၇၂၈က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/72277 Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းထိုက်လင်း ၉/အမဇ(နိုင်) ၀၄၄၄၄၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

တနင်္သာရီတိုင်းဒေသကြီးကုသရေးဦးစီးဌာနမှ တိုင်းဒေသကြီးအတွင်းရှိ ခုတင်(၁၀၀) ပြည်သူ့ဆေးရုံများ၊ မြို့နယ်ပြည်သူ့ဆေးရုံများ၊ တိုက်နယ်ဆေးရုံများတွင် အသုံးပြုနိုင်ရန်အတွက် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများ၊ ဓာတ်ခွဲခန်းနှင့် ဓာတ်မှန်ခန်းသုံးဆေးပစ္စည်းများ၊ Basic Consumable များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်-

| | | |
|---|---|---|
| **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** | - | ၁၇-၅-၂၀၂၂ရက် (အင်္ဂါနေ့) |
| **တင်ဒါလျှောက်လွှာပိတ်သိမ်းမည့်ရက်** | - | ၃၀-၅-၂၀၂၂ရက် (တနင်္လာနေ့) ညနေ ၄နာရီ |

တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့် ဆေးနှင့်ဆေးပစ္စည်း အချက်အလက်များကိုသိရှိလိုပါက တိုင်းဒေသကြီးကုသရေးဦးစီးဌာန၊ ထားဝယ်မြို့၊ ဖုန်း-၀၅၉-၂၃၅၈၃၊ ၀၅၉-၂၁၁၄၄သို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တိုင်းဒေသကြီးဆေးဝါးတင်ဒါခေါ်ယူရေးကော်မတီ**
**တနင်္သာရီတိုင်းဒေသကြီးကုသရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၂၂-၂၀၂၃ ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မန္တလေးပြည်သူ့ဆေးရုံကြီး၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)တို့ရှိ အဏုမြူရောင်ခြည်ဖြင့် ရောဂါရှာဖွေကုသရေးဌာနများအတွက် လိုအပ်သောအဏုမြူရောင်ခြည်ဆေးနှင့် ဆေးပစ္စည်းများအား ဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | |
|---|---|---|
| **ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်** | - | ၁၆-၅-၂၀၂၂ ရက် |
| **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** | - | ၃၀-၅-၂၀၂၂ ရက်၊ မွန်းတည့် ၁၂:၀၀ နာရီ |
| **ဆက်သွယ်ရန်ဖုန်း** | - | ၀၆၇-၃၄၁၁၅၄၄၊ ၀၆၇-၃၄၁၁၆၃၄ |

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ အမှတ် (၁၀၄)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မြိုင်သာယာရပ်ကွက်တွင် ရုံးခန်းဖွင့်လှစ်လုပ်ကိုင်လျက်ရှိသော အဏ္ဏဝါဖြိုးကြွယ် ကုမ္ပဏီလီမိတက် (Regi-123701941) ၏ ဒါရိုက်တာအဖွဲ့ဝင်များနှင့် အစုရှယ်ယာရှင်များကို ၂၀၂၂ခုနှစ် ဇန်နဝါရီ ၁၃ ရက်မှစ၍ အောက်ပါအတိုင်း ပြောင်းလဲထားပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်-

| | အမည် | ရာထူး | အစုရှယ်ယာအရေအတွက် |
|---|---|---|---|
| ၁။ | ဒေါ်ဇင်မာအောင် | မန်နေဂျင်းဒါရိုက်တာ | ၈၀ |
| ၂။ | ဒေါ်သင်းသင်းရီ | ဒါရိုက်တာ | ၈၀ |
| ၃။ | ဦးဇော်ဝင်းထွေးအောင် | ဒါရိုက်တာ | ၃၉ |
| ၄။ | ဦးဇော်ညီညီအောင် | အစုရှယ်ယာရှင် | ၁ |
| | | စုစုပေါင်း | ၂၀၀ |

**ဒေါ်ဇင်မာအောင်(မန်နေဂျင်းဒါရိုက်တာ)၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိအိမွန် (LL.B, LL.M)**
**အထက်တန်းရှေ့နေ (စဥ်-၂၂၄၂၅)**
**အမှတ် (၆၆)၊ အလောင်းဘုရားလမ်း၊ ညောင်ဝိုင်းရပ်ကွက်၊ ရွှေကျင်မြို့၊ ပဲခူးတိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၂၆၀၁၈၀၇၇၃**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးကြောင်း ကြော်ငြာခြင်း

ကျွန်တော် မောင်ကျော်နိုင်ထွန်း ၁၂/အလန(နိုင်)၀၄၃၀၇၀ (ဘ)ဦးဘီအောင်နှင့် ကျွန်မ မဖြူနှင်းဝေ ၁၂/လမန(နိုင်)၁၆၁၄၆၂ (ဘ)ဦးသန်းထိုက်တို့နှစ်ဦးသည် ၆-၅-၂၀၂၂ရက်တွင် ဒေါ်အေးသန္တာ(အထက်တန်း)ရှေ့နေတို့၏ ရှေ့မှောက်တွင် အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကာယကံရှင်၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးသန္တာ(LL.B) အထက်တန်းရှေ့နေ(စဥ်-၃၉၂၆၃)**

